"ဒီနေ့ကို ရန်သူတွေ လာတယ်နဲ့ တူပါတယ်ကွယ်" ဟု ကျွန်ုပ်က ဘာလေကာအား ပြောကြားနေစဉ် ဘာဘတဲ့ တဆက်ဆေးဆိုမှ ညည်းတွားသံကြားရသောကြောင့် ကျွန်ုပ်သည်အသံကြားရာ အရပ်ဆီသို့တိုးလာမိခဲ့လေ၏။ ထိုနေရာတွင်ဒဏ်ရာ ပြင်းထန်စွာရထားသော်လည်းအသက်ရှင်လျက်ပင်ရှိသေးသော မိန်းမတယောက်ကိုတွေ့ရလေ၏။ မိန်းမ၏အနားတွင် ယောက်ျားတယောက်၏အလောင်းကို၎င်း။ အခြား တပါးသော လူမျိုးများ၏ အလောင်း လေးငါးလောင်းကို၎င်း၊ တွေ့ရသောကြောင့် ထိုလူသည် တိုက်ယင်းနိုက်ယင်းသေဆုံးသွားခဲ့ဟန် တူပေ၏။မိန်းမရှေ့တွင် ခလေးသုံးယောက်သေဆုံးနေ၍ တယောက်သောခလေးမှာမိန်းမ၏ကိုယ်ပေါ်တွင် နို့စို့ယင်းသေဆုံးနေလေသည်။ကျွန်ုပ်သည်မိန်းမကို ကြည့်လိုက်ရာ မိန်းမသည်အချက်ညည်းတွားလိုက်ပြီး လှမ်းကြည့်ယင်း—ကျွန်ုပ်လက်ထဲတွင်ဓားဆွဲကိုင်ထားသည်ကိုမြင်ရသဖြင့်—

"ကျမကိုမြန်မြန်သတ်လိုက်ပါတော့ရှင်—ဘာလောက် နှိပ်စက်ရတာတောင် အားမရသေးဘူးလား။"

ကျွန်ုပ်က—ကျွန်ုပ်သည် လူစိမ်းတယောက်မျှသာ ဖြစ်သောကြောင့် မသိလိုကြောင်းပြောလိုက်ရာ—

“တခြားငှလဲ—ရေနံနံလောက် ယူပေးစမ်းပါရှင်။ ရွာနောက်ဘေးမှာ စမ်းချောင်းလေးတချောင်းရှိပါတယ်။”

ဘာလေကာသအား—ဒုက္ခိတမိန်းမကိုကြည့်ရှုစောင့်ရှောက်ရန် တာဝန်ပေးပြီးနောက် ကျွန်ုပ်သည် စမ်းချောင်း ရှိရာသို့ မျှောချောက်ခွက်ကို ကိုင်ပြီးထွက်ခဲ့လေ၏။ စမ်းချောင်းထဲတွင်လည်း အလောင်းကောင်များ ရှိနေသဖြင့် ကျွန်ုပ်ကိုယ်တိုင် အလောင်းကောင်များကို ဖယ်ရှားပြီးကာ—ရေကြည်လာမှရေခပ်ပြီး၊ ဒုက္ခိတမိန်းမထံသို့ ပြန်ခဲ့လေ၏။ မိန်းမသည် ရေကို အားသွင်းစွာနှင့်သောက်ပြီးနောက် အားပြည့်လာဟန် ရှိသဖြင့် ကျွန်ုပ်က—

“ခင်များတို့ဘယ်လိုဖြစ်ကြတာလဲ—ဟင်”

“ဗုလလုဘုရင်ချာကာရဲ့ စစ်သားတွေပေါ့ရှင်။ နောက်အစောကြီး ကျမတို့တရွာလုံး အိပ်မောကျနေတုန်းမှာ သူတို့က အတင်းဝင်တိုက်ကြတာပေါ့ဘဲ။ ကျမတော့...... ဟောဟိုကလဲနေတဲ့ ကျမယောက်ျားနဲ့ ခလေးတွေနဲ့ အတူအိပ်ရာထဲ၌အိပ်နေတုန်း၊ တဲကြီးမှာ သတ်သတ်ဖြတ်ဖြတ်သံတွေ ကြားရတာပေါ့ဘဲ။ တာနဲ့ ကျမတို့လဲ တဲပြင်ဘက်ကိုထွက်လာကြရရော။ ကျမ ယောက်ျားမှာ ဓါးနဲ့ လှံ ကိုင်တယ်ရှင်၊ ခုလဲ ခံရှင်တယ်။ မတွေ့ကြလား—ဟိုမှာ ရဲရဲကြီး သေပြလိုက်တယ်လေ။ တာပေမဲ့—သူမသေခင် ဗုလလုစစ်သား သုံးယောက်ကို ဘော့သတ်သွားရပါသေးတယ်။ ဒီတော့—ချာကာရဲ့ စစ်သားတွေဟာ ကျမယောက်ျားကို တမင်—ဖဲဖဲရေ ခလေးတွေသတ်၊ ကျမကိုလဲ လှံနဲ့ ထိုးလိုက်တာ သေဘီထင်မှတ်တော့တာဘဲ။ ဒီစစ်သားတွေ ဘာကြောင့်ဒီ လိုလာတိုက်ကြတယ်ဆိုတဲ့ အကြောင်းရင်းကိုတော့ ကျမမသိဘူး။ တာပေမဲ့ ကျမတို့အကြီးအကဲလုပ်တဲ့ လူက ချာကာကို—ဖွေ့တွေ့ပို့ တိုက်ရမှာ လူအင်အားနဲ့ အကူအညီမပေးတာနဲ့ ဒီလိုလာတိုက်တယ်ထင်မိတာဘဲ”

ဟုပြောကာ မိန်းမကြီးသည် ခေတ္တစကားပြော ရပ်ပြီးနောက် ငိုကြွေးယင်း သေဆုံးသွားလေ၏။ ဘာလေကာမှာလည်း၊ သနားစိတ်ဖြင့်ငိုနေညီ

စိတ်နှင့် ဒိန်းမကြီးကိုကြည့်ကာ ငိုကြွေးနေရာ— ကျွန်ုပ်မှာ လွန်စွာ စိတ်မချမ်းမသာဖြစ်ရလေတော့၏။ ဆိုစဉ်ကပင်— ကျွန်ုပ်သည် ကျွန်ုပ်ဘို၏ အကြီးဆုံး နတ်ဒိဥာဏ်တော် အမှန်ကျွန်လွန်ကျူးလှသည့် ဤမျှလှသဖြင့်ပါ တို့ကို စဲ၏ကောခင်လေစွ—ရက်စက်လေစွာဘကား—ဟုအောက်မေ့တွေးတောသဖြင့်ပေ၏။ ကျွန်ုပ်သည် အသဲငယ်သူ ဘယောက်သား ဖြစ်ခဲလေရာ လှယ်လင့်ဘကျ ငိုတ်ကုန်လှုပ်ဒီလေ၏။ သို့သော်သည်း—နောင်အခါ ဤသို့သော အတွေ့အကြုံအဖြစ်ဆိုးများကို ကြုံဖန်များစွာ ဆုံစီးဒိခဲသော အခါတွင်ကား—ယခင်ကကဲ့သို့ အသဲငယ်နေဘဲ့ဘဲခိုးသွားလေတော့၏။ ချာကာ တောင်မြင်းမြတ်၏ လက်ထက်တော်အခါကမူကား—လူတို့၏ သွေးတို့သည် မြစ်ပြင်သဖွယ်စီးဆင်းကြကုန်၏။ ချောင်းဘကာ—မြောင်းဘကာ—စမ်းချောင်း တကာတွင်ပင် ရေသောက်ချင်လျှင် လူ့သွေး ကင်းမှ ကင်းပါ လေစဟု သဘောဘားကာ ရေသောက်ကြရကုန်၏။ လူတို့သည် သေမည့် ကြမ်းကြုံနည်းလမ်းကိုသာ ကောင်းစွာသင်ကြားတတ်မြောက်ကြကုန်၏။ သေခြင်းထရားသည် အချိန်မရွေးလွယ်ကူစွာ ဖြစ်ပေါ်နိုင်ပေ၏။ ငယ်စဉ် အားဖြင့် လူတို့အတို့ မွေးဖွားလာပြီး လူဖြစ်ခြင်းသည့်ယင်လျှင် မှာခြင်းကြီးမကော် မှားလှသော မဟာဘမှားတော်ကြီးပေတည်း။

ညတွင်ကျွန်ုပ်တို့သည် ဤရွာတွင်ပင်အိပ်စက်ကြပေ၏။ သို့သော်လည်း ကောင်းစွာအိပ်မပျော်ချေ။ အဘယ်ကြောင့်ဆိုသော်—ကျွန်ုပ်တို့ ဘာသာနှင့် ဆင်တူမရှိဟုခေါ်သော လူသေများ၏ ဝိဥာဏ်ဘငွေ့သူ့ရဲ့ သဘာတို့သည် ဟိုသွားဒီလာနှင့် ဆွေးနွေးချင်း စကားပြောနေကြသောကြောင့် ဖြစ်ပေ၏။ သေဘကျ်ားလူသေ တစ္ဆေများသည် သားမယားများကို ရှာဖွေနေကြ၍ မိခင်တစ္ဆေများသည် သားသမီးများကို ရှာဖွေနေကြကုန်၏။ ကျွန်ုပ်တို့သည် ဤနေရာ သိုးနောက်ရှိနေခြင်းဖြင့် တစ္ဆေတွေက မသို မုန်းလားများရှိလေမည်နည်းဟု တွေးတောကြောက်ရွံ့ပေ ကောမောင်နှမ နှသောက် တမယောက်တယောက်တင်ကြည့်စွာ မွေ့ဘက်ထားကြလေ၏။ ခွေးကလေး “ကျူး” မှာလည်း တကိုယ်သိုးလုပ်လှုပ်နေဘော တချိတချိ ငွင်ထန်ကြီး အော်နေလေ၏။ သို့သော်လည်း တစ္ဆေများသည် ကျွန်ုပ်တို့ကို မြင်တွေ့ကြဟန်မတူပေ။ အဘယ်ကြောင့်ဆိုသော်—နက် လင်းမျိုးဘက်သို့

ရောက်လာသည့်နှင့်အမျှ သူတို့၏အသံများလည်း တိတ်ဆိတ်သွားသော ကြောင့်ဖြစ်လေသည်။

နံနက်လင်းသည် နှင့် တပြိုင်နက် ကျွန်ုပ်တို့သည် ရှုပ်သောတော ကြားမှ ဖြတ်သန်းကာ၊ ကွင်းပြင်ဘက်ဆီသို့ထွက်ခဲ့ကြလေ၏။ လမ်းတလျှောက်လုံး တွင် ချာကာ၏စစ်သည်တော်များချီတက်သွားသည့် ခြေရာများ—သူတို့နင်း ယူလာခဲ့သော နွားခြေရာ လမ်းကြောင်းများကို တွေ့ရ သောကြောင့် ကျွန်ုပ်တို့သည် ချာကာ၏ ရွာဘက်သို့သွားရန် လမ်းအတွေး ရှာရတော့ မျိုးတိုလမ်းကြောင်းအတိုင်း လိုက်လာခဲ့သည်တွင် ရုံဘန်ရုံ၊ ဆိုသလို ဖက်ရုပ်ရခဲ့သော စစ်သား အချို့သည် ရှေ့ဆက်ပြီး ခရီး မသွားနိုင် တော့ဘဲဖြင့် လဲကျသေဆုံးနေသော အလောင်းများကို တွေ့ကြရလေ၏။ ဤသို့သွားနေစဉ်တွင် ကျွန်ုပ်သည် ချာကာထံသို့ သွားလို့ ကောင်းမှ ကောင်းပါ့မလားဟု တွေးမိ၏။ လမ်းတလျှောက်လုံး မှောယ်ရာမှ ထိုကို သာ မြင်တွေ့လာခဲ့ရသောကြောင့် ကျွန်ုပ်တို့အားလည်း ချာကာထံ—မှရှ သတ်လိမ့်မည်ဟုတွက်မိပေတော့၏။ သို့သော်လည်း ကျွန်ုပ်တို့၏ခြေ ပြေးစရာ လည်း မြေမရှိတော့ပြီဖြစ်ရာ တစ်ခုတည်း အရေးကိစ္စ နှင့် ကြုံတွေ့ ရသည့် အချိန်တိုင်အောင် ဆက်သွားရမည်ဟု ဘာလေကာ အား ပြောကာ ခရီးထွက်ပြီးထွက်ခဲ့ကြလေ၏။ ယခု အခါတွင် ကျွန်ုပ်တို့မှာ အစာရေစာ ပြတ်လပ်၍အားအင်ကုန်ခန်း နေပြီဖြစ်သောကြောင့်ဘာလေကာက—ထိုနေ ရာတွင် ရပ်နား လဲ လျောင်းပြီး သေ လိုက် ရ လျှင် ပို ကွဲ အပေါင်း အသေး ကြွင်း ကုန်နိုင် ပေ လိမ့်မည် ဟု ခပြော လေ ၏။ သို့ ဖြင့် အနီး ရှိ ချောင်း တခု၏ ဘေး တွင် ထိုင် ကာ ကျွန်ုပ်တို့သည် အနား ယူနေ ကြ လေ၏။ ကျွန်ုပ်မှာကား— ဘာလေကာပြောသည့် အတိုင်း သေ လိုက်ရလျှင် ကောင်းမှန်းသိနေသော်လည်း သေလိုစိတ် မရှိသေးပေ။ ထိုသို့ထိုင်နေကြခိုက်တွင် ခွေးကလေး“ကျား”သည် ချုံပင်တစ်ခုသို့ဝင် သွားကာ တစုံတခုကိုရုန်းရှုပ်လိုက်ပြီး သက်ပုတ်နေသံကို ကြားရလေ၏။ ဤတွင်ကျွန်ုပ်သည် ချုံပင်သို့ ဝင်ကြည့်လိုက်ရာ ချုံဘေးတွင် ဝပ်နေသော “ကျား”လောက်ပမာဏရှိသည့် အရွယ်ကလေးတကောင်ကိုတွေ့မြင်ရလေ၏။ သို့ဖြင့် အစာရိက္ခာရပြီဖြစ်သောကြောင့် ကျွန်ုပ်သည် ဝမ်းသာ အားရနှင့်

ဒရယ်တို့ ရှဲ့ နှင့်ဆုံးသိုက်လေ၏။ ဒရယ်သေသောအခါ အရေ ခွာပြီး အသားကိုရေနှင့်ဆေးသော ချက်ပြုတ်ရန် မီးမရ နိုင်သဖြင့် အစိမ်းလိုက် စားကြရ၏။ အသားစိမ်း စားရခြင်းမှာ မကောင်းလှသော်လည်း ကျွန်ုပ်တို့တွင် ဤမျှသာပါး စားစရာမရှိတော့ချေ။ စားသောက် ပြီးသောအခါ ချောင်းထဲ ဆင်းပြီးရေမိုးချိုးကြလေ၏။ ထိုသို့ရေချိုးနေနိုက် ဘာလေကာသည့် ခေါင်း မော့ကြည့်သော တချက်မော့သိုက် လေ၏။ အဘယ့်ကြောင့် ဆိုသော် တဘက်ကမ်း ရှဲ့ သယ်ယပ်ခနွဲ့အကျားအစေ ဝေးတွင် ကျွန်ုပ်တို့အား သတ်ချုံမှာ လိုက်နေသဲ့ပင် ဖြစ်သော ဘခင်ကြီး မသေကောင်းမှာ၏ စံသား၊ ခြောက် ယောက်သည် ရှဲ့ကြီးများကို ဖွေးဖွေး—ဖွေးဖွေးနှင့် ကိုင်ကာ ရပ်နေကြ သောကြောင့် ဖြစ်ပေ၏။ ဝဠီခံ စံသားများလေလည်း ကျွန်ုပ် တို့ကို မြင် သဖြင့် ပြေးလာနေကြပြီဖြစ်ရာ ကျွန်ုပ်တို့သည် နေရာမှထကာ လျှင်မြန် သော အဟုန်နှင့် ဒရယ်ပြေး—ပြေးထွက်ခဲ့ကြလေတော့၏။

ပတ်ဝန်းကျင် တောသ၏ ပဒေဝင် အနေအထားကား ဤသို့တည်း။ ကျွန်ုပ်တို့ရှေ့တွင် လွင်တီးခေါ်ကြီးသည် ကောက်ကွေ့စီးဆင်းနေသော အနွ့်မဲ့လိုဇ် မြစ်ဆီသို့ ခပ်ပြေပြေ လျှောဆင်းနေ၏။ မြစ်၏ တဘက်ကမ်း တွင် ကျွန်းမြေမြင့် တခု ရှိ၍ ထိုကျွန်း၏ တဘက်တွင်ကား ဘာတွေ ရှိနေ သည်ကို ကျွန်ုပ်တို့မသိရပေ။ သို့သော်လည်း ကျွန်ုပ်၏ စိတ်ထင်အရ ကျွန်း မြေမြင့်၏တဘက်တွင် ချာအာ၏ရွာရှိလိမ့်မည်ဟု ယုံကြည်နေပေ၏။ သို့ဖြင့် ကျွန်ုပ်တို့သည် ချော်းဘက်ရှိ မြစ်ကြီးဆီသို့ ပြေးလာကြလေ၏။ နောက်မှ စံသားများမှာ အားကောင်းမောင်းသန်လည်းဖြစ်ပြန် ဤမျှဝေးကွာသော နေရ ထိအောင်လည်း ကျွန်ုပ်တို့ကို လိုက်လာရသဖြင့် စိတ်ဆိုးနေပြန် ဖြစ် နေရာ အားထုတ်ပြီးလိုက်ကြသောကြောင့် နီးသည်ထက် နီးကပ်လာလေ ၏။ ကျွန်ုပ်တို့က မည်မျှပင်ပြေးသည်ဖြစ်စေ ရန်သူသည် နီးသည်ထက် နီး ၍သာ လိုက်လာနေပေတော့၏။ မြစ်ကမ်းခြေသို့ ရောက်သော အခါတွင် ကား မြစ်မှာ ရေအပြည့်နှင့် ကျယ်ပြောလှသည်ကို တွေ့ရလေ၏။ ကျွန်ုပ်တို့ အထက် တနေရာ၌ မြစ်သည် တွင်အား—ရှေသည် ကျောက်တွင် မပြုပ်ထ မြုပ်ဖြစ်နေသော ကျောက်ဆောင်များကို တိုးဝှေ့စီးနေရသဖြင့် လှိုင်း ကြက်ခွပ်ထ လျက်ရှိ၏။ မြစ်ကြေတွင်ကား ရေတံခွန်တခုရှိ၍ ပြင်းထန်သော

အဟုန်နှင့် ရေစီးကျနေသည်ကိုတွေ့ရပေ၏။ ဘာလေလာဝက.....

"ကဲ–ဘယ်နှယ်လုပ်ပါ့မလဲ။"

"ရေထဲ ဖြတ်ကူးယင် တူး—မကူးယင် နောက်က ဓားသောင်းတွေရဲ့ လှံချက်နဲ့ သေဘို့ဘဲ ရှိတော့တာဘဲ။"

"ဒီလို ဆိုယင်လဲ လှံချက်နဲ့ သေရမှာနဲ့ တယောက်တော့ ရေထဲ နစ်ပြီး သေရတာက ကောင်းတာပေါ့။"

"အေး ကောင်းတယ်—အရှင်ပြုဟ်စောင့်ခြွေမင်းနှင့် မိုးကြိုးရှင်အရှင်ကြီးတို့ခင်ဗျား ....ကံဆိုးတဲ့ မောင်နှမကို ကယ်ဆယ်တော်မူကြပါ—"ဟု ဆုတောင်းပြီး ကျွန်ုပ်သည် ဘာလေကာသား လက်ဆွဲကာ ရေဆိပ်သို့ ဆင်းလာခဲ့လေ၏။ ရေဆိပ်တွင် လှံမှ အပ အခြား ပစ္စည်းပစ္စယများကိုလွှင့်ပစ်လိုက်ပြီးရေထဲဆင်းကူးကြ၏။ ရေသည်ရင်ဆို့လောက် နက်လာ၏။ တစ်နေ အောက်ခြေ လွတ်သွားသော အခါတွင်အား ခွေးသလေး ကူးတိုရှေ့ဆီ အသားပြီး ကူးခတ်ကြရလေသတည်း။

ထိုအခိုက်တွင် နောက်မှ စစ်သားများကမ်းပါးရေစပ်သို့ ရောက်လာပြီး တယောက်သော စစ်သားက—

"ဟင်–ခွေးမျိုးကလေးတွေ နင်တို့က ရေကူးပြေးကြတယ်ပေါ့လေ–ဟုတ်လား–နေဦး—မင်းတို့ ရေနစ် သေကြမှာအမှန်ဘဲ။ ရေနစ်သို့ မသေတောင်မှ ငါတို့ ဒီမြစ်ကို ဖြတ်ကူးလို့ရတဲ့ ရေတိမ်ဘဲ နေရာကို သိတယ်ကွ။ ပြေးကြစမ်း—တပြုသုံးအောင် ပြေးကြစမ်း–မမှီမီ ဆင်းလိုက်ပြီး နင်တို့ကို သေအောင်သတ်ရမှာကို အေးမယ်"ဟုပြောကာ လှံနှင့်ထွားပစ်လိုက်လေ၏။ သို့သော်လည်း လှံသည် လွဲချော်ပြီး ရေထဲသို့ စိုက်ဝင်သွားလေ၏။

ဤသို့ရန်သူက စားပြေးနိုက်ကျွန်ုပ်တို့မှာကူးခတ်နေကြရာ မကြာမီ အလွန် ရေစီးသန်သော အပိုင်းသို့ ရောက်လာကြလေ၏။ ရေစီးကြောင်း၏ ဘန်မိုးနှင့်အောက်သို့ဆွဲသါနေသော်လည်း ကျွန်ုပ်တို့သည် ကူးခတ်မြဲကူးခတ်နေကြလေ၏။ အကယ်၍ တဘက်ကမ်းကို ရောက်အောင် ကူးနိုင်လျှင်ကား.....အကြောင်းမဟုတ်။ ရောက်အောင် မကူး နိုင်လျှင် အောက်ပိုင်း တနေရာတွင် ရှိသော ရေတံခွန် ထဲသို့ ကျရန်သာ ရှိနေ မေ

ဘော့၏။ ကျွန်ုပ် တို့မှာ ရေကူး ကျင်လည် သူများ ဖြစ်သောကြောင့် ဆောင်းပြင်းစွာ ကျုံးခတ်အော တဘက်ကမ်းနှင့်နီးလာ ခဲ့လေ၏။ သို့သော်လည်း ကမ်းနှင့်နီးလာကာမှ ခံကန်ဘော့တာရနှင့်ရင်ဆိုင်မိကြသောကြောင့် သေလှုနီးပါး ကျုံးခတ်နေကြရပြန်လေ၏။ ဘာလေကာသည် သတ္တိ ကောင်းသော မိန်းကလေးတယောက် ဖြစ်သောကြောင့် အားကြီး မာန တက် ကျုံးရှာပေ၏။ သို့သော်လည်း ရေစီးသည် သူ့ကိုအောက်ဘက်သို့ ဆွဲဆောင်ပြီးသွားနေရာ ကျွန်ုပ်မှာ ဘာလေးအကူအညီမပေးဘတ်ဘဲ ဖြစ်နေလေ၏။သူနှင့် ရှင်အင်းကျွဲလောက်တွင်ကား ရေဘဲ့ကွင်းမှ ရေကူသည် ပွက်လေလေကာ ဝဲ့သုံးကားဖြစ်နေလေ၏။ကျွန်ုပ်မှာလည်း အားအင် ကုန်ခမ်းစ ပြုလာပြီ ဖြစ်သောကြောင့် အောက်သို့ စုံဆင်းဘတ်ဘဲ ဖြစ်နေရာ ဘာလေကာအတွက် အစရှောက်ခေသဘုံးရမလို ဖြစ်နေလေ၏။ သို့သော်လည်း ခွေးကလေး ကူးသည့် ဘာလေကာ၏ အနေအထားကိုမြင်သဖြင့် သူ့သဘောင်းမိုရာဆီသို့ ကူးပြေးကာ ပါးစပ်၌ ဘောင်ယင်း—ကမ်းဘက်သို့ ဦးတည်ပြီး ကူးနေလေ၏။ဤတွင် ဘာလေကာသည် "ကူး" ၏ အမြီးကလေးကို လှမ်းဆွဲ နေနိုက်၊ "ကူး" သည် အား ကောင်းစွာနှင့် ကမ်းဆီသို့ ကူးခတ် နေနိုက်—ဘာလေကာ ကလည်း ဘယ်ဘက်လက်နှင့် ခြေထောက်များကို ယက်ခါ ယက်ခါနှင့် ကူးနေလေ၏။ ကြောပို့အတွင်း၊ သူတို့သည် ကမ်းစပ်ဘက်သို့ တဖြေးဖြေးရွေ့နေကြလေသည့်ဤတွင် ကျွန်ုပ်က—လက်မှ လှေမျိုးကိုအမိုးပေးလိုက်ရာ ဘာလေကာသည် ညာဘက်လက်နှင့် လှေမိုးကို ဆုတ်ကိုင်လိုက်လေ၏။သို့ဖြင့် ကျွန်ုပ်နှင့် "ကူး" ယ ရွှေ့က ဆွဲပေးပြီး ရေဘဲ့ ကွင်း ဝ တွင် ရောက် နေ သော ဘာလေကာအား ရေတိမ်ခြေထောက်ရှိမိသော အရပ်သို့ ယင်ပေးလိုက်ပြီးနောက်၊ တဘက်ကမ်းပေါ်သို့ တက်လိုက်ကြလေတော့၏။ဘာလေကာ ချမ်းမှာကား ကမ်းပေါ်သို့ရောက်သည်နှင့် တချိန်နက် မေ့ခန်း ကြီးစွာနှင့် ယက်လက်လန် လဲကျသွားလေ၏။

တဘက်ကမ်းမှ စိုင်းသားများမှာမူကား—ကျွန်ုပ်တို့တဘက်ကမ်းသို့ရောက်သွားသည်ကို မြင်တွေ့သဖြင့်—အော်ဟစ်ကာ မြှားဆောက်ပိုင်းဆီသို့ ပြေးသွား နေကြလေ၏။ သို့ဖြင့်—ကျွန်ုပ်က—ဘာလေကာ အား—

"ဟဲ့—နှမလေး—ထ,ထ,ရန်သူတွေ—မြစ်ဖြတ် ကူးဆို ရေထိန်းရာ ကိုရှာနေကြပြီ။"

"အို—ငါသေပါရစေတော့ဟယ်။"

သို့သော်လည်း ကျွန်ုပ်သည် ဘာဒလေကာသအား အတင်း ထနိုင်းတော အမောပြေလာသည်နှင့် တဖြိုင်းနက် လျှင်မြန်နိုင်သမျှ လျင်မြန်စွာ လမ်း လျှောက် ထွက်ခဲ့ကြလေ၏။ နှစ်နာရီတိုင်တိုင် လမ်းလျှောက်ပြီး နောက် တောင်ကုန်းတန်းထိပ်ကလေးတခုသို့ ရောက်လာသောအခါ အလွန်ဝေး လံသော အရပ်တွင် ရွာကြီးတရွာကို လှမ်း၍မြင်ရလေ၏။ ကျွန်ုပ်က—

"နှမလေး ..... အားမလျှော့နဲ့ ..... ဟောဟိုမှာ ရွာတရွာရဲ့ ရွာကို မြင် နေရပြီ။"

"အေး—အေး—ဘာပဲ့ တို့ကို အဲဒီရွာက ဘာများပေးနိုင်ပါလိမ့် လဲ။ ရှေ့မှာလဲ သေမင်းနဲ့—နောက်မှာလဲ သေမင်းနဲ့—ဆိုတော့ တို့မောင်နှမဟာ သေမင်းနှစ်ယောက်ကြားထဲမှာ ညပ်နေတော့တာပေါ့။"

မကြာမီအတွင်း ကျွန်ုပ်တို့သည်အနည်းငယ်ဖြတ်လိုက်၍ မြစ်ဆိပ်မှ ရွာတရွာသို့ ရှေ့ ပြေးနေသော လှည်းလမ်းကလေးကိုတွေ့သဖြင့် ထိုလမ်းကလေးအတိုင်း လိုက်ခဲ့ကြလေ၏။ ရွာနှင့် ၂ မိုင်ဝက်ခန့် လျှောက်ရမည့်အကွာ၌ အဝေးသို့ ရောက် လာ၍ နောက်သို့လှည့်ကြည့်လိုက်သော အခါတွင်ကား—လား—လား— ကျွန်ုပ်တို့ကို လိုက်နေသော ရန်သူ စစ်သားများကို မြင်နေရလေ၏။ တ ယောက်မှာ မြစ်ထဲ ရေနစ်သေခဲ့ဟန် တူ၏၊ ရန်သူမှာ ယခုအခါတွင် ငါး ယောက်ထည်းသာ ကျန်တော့လေသည်။

ဤတွင် ကျွန်ုပ်တို့သည် ပြေးကြရပြန်လေတော့၏။ သို့သော်လည်း— အားအင်ကုန်ခမ်းလျှက်ရှိကြသောကြောင့် ရန်သူလောက်အမြန်မသွားနိုင်ကြ တော့ချေ။ ထိုအခိုက်တွင် ကျွန်ုပ်သည် "ကူး"ကို အမှတ်ရမိလေ၏။ "ကူး" သည် ကျွန်ုပ်နိုင်းစေသည့်အတိုင်း ရှူးတိုက်သမျှလူကို အသေကိုက်ပစ်နိုင်သော ခွေး ဖြစ်ပေ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် "ကူး"ကိုခေါ်ကာ အမိန့်ပေး နိုင်းစေလိုက် ရာ ခွေးသည် နားလည်ဟန်နှင့် စစ်သားများ ဘက်သို့ သွားကာ ဟိန်း ဟောက် မာန်ဖီယင်း—အတင်း ခုန်အုပ်လိုက်၏။ စစ်သားများသည် ခွေး ကိုသတ်ရန် အားထုတ်သော်လည်း ခွေးကလေး "ကူး"သည် ဖိုရှန်သည်

ရှိန် လှုပ်ကာ ရှောင်တိမ်းယင်း–သူတို့လှေမှ ရှေ့မတိုး နိုင်အောင် နှောင့်ယှက်နေလေ၏။ နောက်ဆုံးတွင် လှေတယောက်က “ကျား”ကို ရိုက်မိသွားရာ“ကျား”သည်ထိုလှေကို လည်ပြန်ခုန်အုပ်ပြီး တအားခဲထားရာ ခွေးနေရာလှေပါ အတန်ကြာ မြေပေါ်တွင် ထွေးလုံး ရှပ်ပါတ် ဖြစ်နေပြီးနောက် ခွေးရော လှေရောပင် သေဆုံးသွားကြလေ၏။ ဤသည်ပင်လျှင်“ကျား”၏နောက်ဆုံးနိဂုံးချုပ်ခန်း ဖြစ်ပေတော့၏။‘ကျား’လိုကောင်းသော လိမ္မာသောခွေးကို ကျွန်ုပ်နေ့ခင်းခါတွင် မတွေ့ရတော့ချေ။ “ကျား”သည် ဘခါဇ ကျွားသမ် တကောင်ကိုပင် သူတကောင်တည်းနှင့် အနိုင်ကိုက်ခဲ့နိုင်သော ခွေးမျိုးကောင်းကလေး ဖြစ်ပေတော့၏။

ထိုသို့ခွေးနှင့်လှေ နပန်းလုံးနေရိုက်တွင် ရှေ့မှကျွန်ုပ်တို့သည် တရစ်နှင့်ချပြီး ပြေးလျက်ရှိကြကုန်၏။ချာကာ၏ရွာနှင့် ကိုက်သုံးရာခန့်သို့ ရောက်လာပြီဖြစ်သောကြောင့်လည်း ရွာထဲတွင်တစုံတခုဖြစ်နေသည်ကို လှမ်းမြင်နေရလေ၏။နောက်ကြောင်းပြန်ပြီး ကြည့်လိုက်လျှင်ကား–စပ်သား လေးယောက်တို့သည် ခွေးသေနှင့် လှေသေကိုပစ်ထားခဲ့ကာ ကျွန်ုပ်တို့ ဘက်သို့ ဦးတည်ပြီး ခုလကြီး ပြေးလာနေကြလေ၏။ ဘာလေကာမှာ လျှင်လျှင်မြန်မြန် မပြေးနိုင်တော့သောကြောင့် ဗုဒ္ဓ–ကျွန်ုပ် တို့အား ရွာမရောက်မီ စပ်သားများကမိသွားချေတော့မည်ဟု ကျွန်ုပ် သိမြင်နေလေ၏။ သို့သော်လည်း ကျွန်ုပ်သည် ဘာလေကာအား ဤနေရာသို့ ရောက်အောင် ခေါ်ဆောင်လာခဲ့သူဖြစ်၏။သို့ဖြစ်လျှင်– ဘာလေကာ၏ အသက်ကို ကျွန်ုပ်ကာကွယ်ရန်တာဝန်ရှိပေ၏။ အကယ်၍ ဘာလေကာ တယောက်တည်း ရွာထဲသို့ရောက်သွားသည့်တိုင်အောင်လည်း ဤမျှလှပ အရွယ်နုပျိုသော မိန်းမငယ်လေးတယောက် ကိုချာကာသည် ပြန်ပြီးသတ်တန်ကောင်းပေသို့ဖြင့်ကျွန်ုပ်က–

“ဘာလေကာ။ ... ပြေး ... ပြေး ”ဟု ပြောကာ နောက်ချန် နေရစ်ရာ ဘာလေကာသည် ကျွန်ုပ်၏ကြံရွယ်ချက်ကို မသိသောကြောင့်တကြောင်း၊ကြောက်လန့်အားကြီးနေသောကြောင့် တကြောင်း၊ ရွာထဲသို့ဝင်ဆီသို့ အထင်းပြေးလေတော့၏။ကျွန်ုပ်မှာကား မြေပေါ်တွင်ထိုင်ကာ အသန့်ပြင်ရင်း စပ်သားလေးယောက်နှင့် တွေ့ပြီး တိုက်ခိုက်ရန် အားမွေး

နေမိလေတော့၏။ ကျွန်ုပ်၏ အသဲသည် တဆတ်ဆတ်ခုန်နေပြီး နားကြောများတွင် သွေးတိုးမြန်နေပေ၏။ သို့သော်လည်း၊ ထိုင်နေရာမှ ထလိုက်သောအခါတွင်မူ—ကျွန်ုပ်သည် ယခင်က ပေါ်ပြခဲ့ဘူးသည့်အတိုင်း မျက်စေ့ထဲတွင် အနီရောင်သော ပွာန့်များကို မြင်နေမိလေတော့၏။

စင်စစ်၊ လေးယောက်သည် နှစ်ယောက်တတွဲ တွဲကာ တစုနှင့်တစု ဓါးတပင် အကွာ ခြားကာ ပြေးလာလေကုန် ရှိကြ၏။ ရှေ့နှစ်ယောက်တွင် တယောက်သောသူမှာ ဒုဘိယာသူဌေး လေး—ငါး—ခြောက်လှမ်းခန့် ရှေ့သို့ ရောက်နေပေ၏။ ထိုသူသည် အောက်ဘက်က ဓါးနှင့်ဒိုင်းကိုမြှောက်ရင်း ကျွန်ုပ်ကိုအောင်တိုက်ခိုက်လေ၏။ ကျွန်ုပ်တွင် ဒိုင်းမရှိတော့ပေ။ ဓါးတို့ တချောင်းသောသံ ပဲ့တွင်ရှိ၏။ သို့သော်လည်း ရန်သူသည်အရဲသွန်ပြီး ကျွန်ုပ်မှာကား မရိုယာယ်ကောင်းသူဖြစ်နေ၏။ ရန်သူရှေ့တိုးမြိုက်လာပြီး ဓါးနှင့် ပင်ထိုးရန် ဟန်ပြင်သည့်အထိ၊ ကျွန်ုပ်စောင့်ဆိုင်းနေကာ၊ အနားကပ်လာသည့်နှင့်တပြိုင်နက်အောက်ထိုင်ချလိုက်ကာ သူ့ဒိုင်းအောက်မှနေပြီး ဓါးနှင့် တအားဆိုးလိုက်၏။ သူက ထိုးသော ဓါးချက်မှာကား—အပေါ်ရှိမှ ရှပ်ပြီး ကျွန်ုပ်၏သက်ခမောင်းကို ပွတ်သွားလေ၏။ ကျွန်ုပ်၏ ဓါးချက်ကာမူ သူ့ ဆီးစပ်အတိုင်း ရွပ်ရွပ် ရွတ်ရွတ်ကြီး အသက်ချုပ်ခေါ် ဝင်သွားရာ၊ သူ့ခမြာမြေပေါ်တွင် ပက်လက်ပြိုလဲသည်နေလေတော့၏။ သို့သော်လည်း ကျွန်ုပ် ဓါးမှာအား ရန်သူ၏ ပြေးလာသော အရှိန်ကို ခံပြီး ထိုးရသောကြောင့် လက်ကိုင်းကျိုးသွားသည့်ဓါးရာလက်ကိုင်တွင် တတ်တိုအကျိုးအပိုင်းကလေး တခုသာ ကျန်တော့လေ၏။ ဤအခိုက်တွင်ပင် ဒုဘိယာ သူသည် ကျွန်ုပ်၏ အပေါ်သို့ ချွန်းကာပ်လာနေလေပြီ။ ထိုသူသည် အရပ်အမောင်း ကောင်းပြီး ကျွန်ုပ်ခေါ်မှ ကိုယ်သုံးနှင့် မိုးနေရာ ကျွန်ုပ်အဘို့မျှော်လင့်ချက်မရှိတော့။ ကံဆိုး မိုးမှောင်ကျနေလေပြီ။ သို့သော်လည်း ဤကံဆိုးမိုးမှောင်ကြားထဲမှပင် ကျွန်ုပ်သည် လျှပ်ရောင်တခုလက်ခနဲလာသည်ကို မြင်တွေ့မိ၏။ ကျွန်ုပ်သည် ရုတ်တရက်နေရာတွင် ထိုင်ချလိုက်ကာ၊ အနားသို့ကပ်လာသော ရန်သူ၏ ခြေဖနှင့်ရှည်ကြီးနှစ်ချောင်းကိုတိုင်မြှောက်လိုက်ရာ ရန်သူသည် ကိုယ်ရိုက်လိုက်သလိုလဲကျသွားပြီးလက်မှဓါး လွင့်ကျသွားလေ၏။ ဤသို့ ကျွန်ုပ်သည် လျှင်မြန်စွာဓါး ကို ကောက်ယူလိုက်ပြီး လျှပ်စစ်မျက်သလို သူ့ရင်ညွှန့်ကို

ထိုးလိုက်ရ၊ သူ့ခမြာ သစ်ရွက်တလှုပ်ခနဲ အရိုးနှင့်အရေတွင် အသက်ခန္ဓာ ကြွေသွား ရှာလေတော့၏။ ထိုနောက်သော်ကား-ကျွန်ုပ်သည် ကျန်နှစ်ယောက်တတွဲ လိုက်လာနေကြသော ရန်သူအနင်းကို တိုက်ခိုက်ရန်မဝံ့တော့ဘဲ ဖနောင့်နှင့် ထိပ်ပါ၊ တသားတည်း ကျအောင် ထွက်ပြေးလေတော့၏။

ရှေ့တွင်ကား တာလေကသည် ရွာတံခါးဝနှင့် မြေလှမ်းလေးဆယ်လောက်အကွာအဝေးမှနေပြီး လက်ကိုဆန့်တန်းကာ ကျွန်ုပ်အား ငါးမြိတ်ကြီးနှင့်စောင့်နေသည်ကိုတွေ့ရလေ၏။ မောင်နှံနှစ်ယောက် မှုးပေါ်ငါး မိသေသော့ခါတွင်ကား အသေးဆုံ ကုန်ခန်းရှေ့ရှာပြီပြင်သော ဘာလေကာသည် သတိမေ့ လဲကျ သွားလေတော့၏။ နောက်မှ ရန်သူများမှာ ထား-ကျွန်ုပ်သတ်ဖြတ်ခဲ့သော လူသေကောင်များကို ခေတ္တ ကြည့်ကြပြီးနောက် ကျွန်ုပ်တို့ထံသို့ဆက်ပြီး ပြေးပြီးပြေးလာလျက်ရှိကြလေ၏။ သို့သော်လည်း ကံကောင်း၊ လောက်မသေသခြောင့် ဤအခိုက်တွင်မှ ရွာတံခါးပွင့်သွားလာ စစ်သား လေးဆယ်ခန့်တို့သည် အကျဉ်းသမားတယောက်ကို ချုပ်နှောင်ကာ ထွက်လာကြလေ၏။ သူတို့ နောက်မှာထား-ဖုံး ပေါ်တွင် ကုဗ္ဗသင်ရှေ့ချီလာသော လူကြီးတယောက် ပြုံးပြုံး ရွှင်ရွှင်နှင့် လိုက်လာပြီး သူ့နောက်မှတဖန် အဝတ်စိမ်းခံလူကြီးခြောက်ယောက်နှင့် စစ်သားများပါလာပြန်လေ၏။

စစ်သားများသည် ကျွန်ုပ်တို့သတ်ဖြတ်နေကြသည်ကိုမြင်သဖြင့် ရန်သူနှစ်ယောက် ကျွန်ုပ်တို့အပေါ်သို့ ရောက်မလာမီ ရှေ့သို့ ပြေးလာကြပြီး—

"ဟေ့မင်းတို့ ဘယ်သူတွေလဲ-ဘယ်သူ့လက်ကွ ဆင်မင်းမြို့စားရှင်ရဲ့ ရွာတံခါးမှာ သတ်လား ဖြတ်လား လုပ်နေတာ-ဟင်။ ဒီနားမှာ ဆင်မင်းမြို့စားရှင် တဦးတည်းသာ သတ်ပိုင်ခွင့် ရှိတယ်ဆိုတာ မသိကြဘူးလား။"

ဤတွင် ကျွန်ုပ်၏ရန်သူနှစ်ယောက်က—

"ကျွန်တော်တို့ဟာ မာဗေကာမာရဲ့ စစ်သားများဖြစ်ကြပါတယ် ခင်ဗျား၊ ဟောဟိုက လူသတ်သမား ကောင်းဆိုးနှစ်ယောက်ကို လိုက်

ဘာင်းနေကြခြင်း ဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့မြင်းဘဲ မတွေ့ဘူးလား။ ဒီကောင်ဟာ ကျွန်တော်တို့ လူနှစ်ယောက်ကို အရှဲဘဲ သတ်ပစ်လိုက်ကြပါတယ်။ ကျွန်တော်တို့ သူ့ကိုသတ်ပါရစေ။"

"အာတော့ ဆင်မင်းမြတ် အရှင်ကို မေးကြည့်ကြအုံး။ မင်းတို့ကိုယ ဆင်မင်းမြတ် အရှင်က—မသတ်အောင် ကြည့်မကြရော့—"

ထိုအခိုက်တွင် အရပ်အမောင်းရှည်သော ကျားသစ်ရေမြုံထားသည့် လူကြီးသည် စစ်သားများ စကားပြော နေသံကို ကြားသိလေ၏။ သူသည် အသက်အရွယ်ဘာမျှမကြီးသေးသော်လည်း အလွန်မောင်းကောင်းသူ ဖြစ်၏။ အနားရှိလူများထက် ခေါင်းတလုံးသာသော အရပ်မြင့်ပြီး—ရင်အုံနှင့်ဆ လောက်ကျယ်ပြန့်၏။ သူ့မျက်နှာသည် ကြောက်ဘွယ်လည်း ကောင်း၏။ ခနလည်းခန့်သား၏။ ခေါင်းသ ထွက်လာသောအခါတွင်ကား—သူ့ မျက်လုံးတို့သည် ရဲရဲနီသော မီးစုတ် သံချောင်း ကဲ့သို့ရှိလေ၏။ သူက—မျက်မှောင် တချက်ချိုပြီး—

"ဟေ့—ငါ့ရွာတံခါးဝမှာ ဇွတ်ထ အောင်လုပ် ထာ ဘယ်သူတွေလဲ ဟေ့"ဟု မေးလိုက်ရာ စစ်သားများ၏ အကြီးအကဲ ဗိုလ်တယောက်က မြေပေါ်တွင်ပြားပြားဝပ်လိုက်ပြီး—

"ဘုံ့ ရွာကာ—ဒို ဆင်မင်း အရှင်မြတ်... ဟောဒီ ဘက်က လူနှစ် ယောက်ဟာ မကောင်းဆိုးရွားတွေဖြစ်တယ်လို့ ဟိုဘက် လူနှစ်ယောက် ကပြောနေကြပါတယ်အရှင်။"

"မကောင်းဆိုးရွားဟုတ်ရင်လဲ သတ်ကြပါစေလေကွာ"ဟု ပြောလိုက်ရာ ကျွန်ုပ်၏ရန်သူစစ်သားနှစ်ယောက်က—ဝမ်းသာ အားရနှင့်—

"အို—အရှင်ကြီး—သခင်ကြီး ခင်ဗျားကျွန်တော် မျိုးများ ကျေးဇူးတော်ဘင်ရှပါတယ်"ဟု ပြောရာ ချာကောက်စစ်ဗိုလ်လုပ်သူအား—

"ငါပြောတာ နားထောင်စမ်းဟေ့—သူတို့ သတ်ချင်တယ် ဆိုတာကို သတ်ခွင့်ပြုလိုက်ပေါ့။ တော့ သတ်တဲ့ လူတွေကို ဒီလို အမျိုးမြတ်တဲ့ ဇူလူ ရွာရှေ့မှာ လူ့မြောက်မိတဲ့ ပစ်မှုနဲ့ မျက်လုံးဖေါက်ပြီး မြင်းရပ်နှင့် လိုက်ကြသူတို့အာသာသလင်းရှာပြီး ဆိုင်ပြန်ကြလိမ့်မယ်"ဟုပြောလိုက်ရာ ချာကာ၏ ဇူလူစစ်သားများကာဘာ၏ပေါ်လေသံနှင့်—

"တို့အရှင်ဟာ ဉာဏ်ပညာလဲရှိတယ်။ကြီးလဲ ကြီးမြင့်တယ်။သူ့ တရား ဓိရုပ်ပုံ"က နေမင်းသို့ပွင့်လင်း" ကြောက်စရာလဲ ကောင်းတယ်" ဟု ရေရွတ်ချီးမွမ်းလိုက်ကြလေ၏။သို့သော်လည်း ကျွန်ုပ်၏ ရင်သွေးနှစ်ယောက်မှာ ဘား ကြောက်လန့်တုန်လှုပ်စွာနှင့်ဟစ်အော်လိုက်ကြလေ၏။ချာထောကမူ—

"ဒီကောင်တွေကို လွှတ်ပါ ဖွတ်မင်းလိုက်ကြမယ်။ဘယ်နှယ့် ရှုလို့ မင်းနေပြည်တော်ကြီးမှာ ဒီ"လိုအသရေရဲ့တဲ့ဂုဏ်ဆိုးသိုးသံတွက်လို့ ဖြစ်ပါမလဲ။ဒီအလံတို့ဝ"အပိုင်းကြည့်နေရယင်တို့မှားမတွေသားဖျက်ကျတိုဘဲ။ရှိတယ်။ကဲ မယ့်ကောင်တွေမကောင်းဆိုးရွားတွေကိုသတ်ချင်လှပါတယ်။ဆိုသတ် ကြလကွာ။ဘာလဲ မသတ် ရဲကြ ဘောဂျူးလား ဟုတ်လား။ဟိုကောင်မလေးကလဲမေ့လဲနေတာဘဲ သတ်လိုက် ကြပါတော့လားကွ။ဘာလဲသတ်သင့် မသတ်သင့် စဉ်းစားချင်သေးတယ်ပေါ့။ ဟုတ်လား။စဉ်းစားချင်ယင်လဲငါ့ကအချိန်ပေးရအုံးမှာပေါ့လကွာ။ကဲ့မော့စစ်သားတွေ ဒီလူနှစ်ယောက်ကိုခေါ်သွားကြကွာ။ သူတို့သတ်သင့် မသတ်သင့် စဉ်းစါ။နေတုန်းဘကိုယ်လုံး ပြာရည်သုတ်ပြီး ပျှက်ဆိတ်တွင်းဝမှာချထားလိုက်ကြ။မနက်ခင်းမနက်ကျယင်သူတို့ဆုံးဖြတ်ချက်ချပြီးသား ဖြစ်ပါလိမ့်မယ်။ထားပေမဲ့သူတို့ကိုမဘာခိုင်ဒီ ဒီမကောင်းဆိုးရွား နှစ်ကောင်ကို တော့ ဘွမဆုံးသတ်လိုက်ကြအုံးကွ။ကောင်မလေးကမေ့နေတာသိတော့သေချင်နေမှာအမှန်ပါဘဲ"ဟုပြောကာ ကျွန်ုပ်နှင့်ဘါလေကာတို့ဘက်သို့လက်ညှိုးထိုးပြနေလေ၏။ဤတွင်မှချာကာ၏အမိန့်အရစစ်သားများသည်ကျွန်ုပ်တို့ခေါင်နှစ်ကိုဘမ်းဆုပ်အနေးသို့ချည်းကပ်လာခိုက်တွင်မှ ကျွန်ုပ်က ချာထောအား—

"ဗို—ချာကာ။ကျွန်ုပ်ဟာ မေ့မှုနေခဲ့ပါတယ်။ဟောဒါက ကျွန်ုပ်နှမ ဘါလေကာပါဘဲ"ဟုပြောလိုက်ရာ နဲ့ အားမှလူများက စိုင်းပြီးညာရယ်လိုက်ကြလေ၏။ချာကာကမူ ...

"အော်—မော့ဗို့နဲ့ ဘါလေကာလား ... တောင်ပြီးတွေ့ရတာလဲ ဝမ်းသာပါတယ်။အခုလို နောက်ဆုံးသောခါနီးမှာ တွေ့ရလို့ လဲ ဝမ်းနည်းပါတယ်ခင်ဗျာ။"

"ဗို ... ချာကာ ကျွန်ုပ်ဟာ လန်ဂျင်နဲ့ အမျိုးဆက်က မာဒေါက်တာမာရဲ့သားဖြစ်ပါတယ်။လွှန်ခဲ့တဲ့နှစ်ပေါင်းများစွာက ကျွန်ုပ် သင့်ကို ရေ

ဗျူးချောက်တချက် ပေးခဲ့ဘူးတာကို မေ့သွားပါပြီလား။ သင်ကြီးပြင်း လာတဲ့အခါမှာ ကျွန်ုပ်က သင့်ထံလာဘို့နဲ့ အပြီးတန်း ကျွန်ုပ်ကိုအကာ အကွယ်ပေးပြီး စောင့်ရှောက်မယ်ဆိုတဲ့ ဂတိကိုရော မေ့နေပြီလား။ မွေးပြီးသားတော်တွေးကိုတော့ ပြန်မရှိပါနဲ့လို့ တောင်းပန်စမ်းပါရစေ။”

ဤသို့ပြောနေခိုက်တွင် ဆူကာ၏မျက်နှာသည် အမျိုးမျိုးပြောင်း လဲနေပြီး ကျွန်ုပ်ပြောသမျှကို စူးစိုက်နားထောင်နေလေ၏။ ပြီးမှ—

“အော်—အော် ဟုတ်ပြီ၊ တာ မော့ဝိုအမှန်ဘဲ၊ ညာပြောနေတာ မ ဟုတ်ဘူး၊ လာပါ” လာပါ။ မင်းငါ့တဲမှာ ခဏဝင်နားရှိနဲ့နေပြီး ငါ ကိုယ်တိုင်လက်နဲ့ကျွေးတဲ့အစာကို စားခွင့်ပြုရမှာပေါ့။ ဒါပေမဲ့ မင်းနှမ ဘာလေးအကြောင်းတော့ ငါဘာမှ မပြောလိုဘူး။ မင်းတို့လန်ရှင်နို အမျိုးအနွယ် တွေထဲမှာ မင်းတယောက်က လွဲပြီး အကုန်သတ်မယ်။ မယ်လို့ ငါအစီအစဉ်ထားတယ်ကွ။”

“ဘာလေးကိုတော့ သတ်ဘို့ဆိုတာကတော့ ဘာလေးကာဟာ အလွန် ရှ..ပ..နေပါတယ် အရှင်ချာကာ။ နောက်ပြီးတော့လဲ ဘာလေးကာဟာ ကျွန်ုပ်နှမယ်ဖြစ်တဲ့အတွက် သူ့အသက်ကိုတော့ လက်ဆောင် အဖြစ် နဲ့ ချွင်းချက်ပြုပါလို့ တောင်းပန်ပါရစေ။”

“ဟော့—ကောင်မလေးကို ပက်လက်လှန်လိုက်ကြစမ်း—”ဟု မှောက် လျက်လဲနေသော ဘာလေးကာကို ပက်လက်အလှန်ခိုင်းလိုက်ရာ စစ်သား များက ခိုင်းသည့်အတိုင်းလုပ်လိုက်ကြပြီး ဘာလေးကာ၏မျက်နှာကိုဒေါ ပြလိုက်ရာ ချာကာသဘောအကျကြီးကျသွားပြီး—

“အင်း—မင်းပြောတာ ဒီတခါလဲ ညာပြောတာ မဟုတ်ဘဲ တို့ကွ။ တကယ် လှ သားဘဲ။ ဘာလေးကာကိုလဲ ငါ့တဲထဲမှာ နှမတော်မိဖုရားတ ယောက်အနေနဲ့နေခွင့်ပြုရမှာပေါ့ကွာ—ကောင်းလှသပ။ ကဲကဲ—မင်းတို့ဒီစ ပျက်ခဲ့ပုံ အသုံးစုံကို အမှန်အတိုင်း ပြောပြစမ်းပါဦး။

သို့ဖြင့်ကျွန်ုပ်သည်နေရာတွင်ထိုင်ပြီးအကြောင်းစုံဇာတ်ခင်းပြလိုက်လေ ၏။ ချာကာသည် တချက်မျှဝင်မပြောဘဲ ကျွန်ုပ်ပြောသမျှကို သေချာစွာ နားထောင်နေလေ၏။ သို့သော်လည်း၊ ကျွန်ုပ်စကားပြောဆုံးပြီးသွား သောအခါတွင်ကား—ခွေးကလေး“ကူး”သေသွားသည်ကို ဝမ်းနည်း

ကြောင်း။အကောယ်၌“ကျူး”သာသေသမသွားပေါက်ကျွန်ုပ်ဘခင် မာဓေဝီဓါမြ င်တဲ့ရှိရာ ဆီသို့ လမ်းပြ နိုင်မြီး လမ်းရှင်နီ လူမျိုးတို့အား ဘခင်ကြီး မာဓေဝါမာဆေး ရွှေကာလေး“ကျူး”ကိုအုပ်ချုပ်နိုင်းမည့်ဖြစ်ကြောင်း ပြောလေ၏။ ထိုနောက် စင်ဒိုလ်လှုပ်ချူအား—

“ဟော့—ငါ့ခုက တုတ်သောတဲ့အမိန့်ကိုပြန်ပြီး ရုတ်သိမ်းလိုက်တယ် ဟော့။အခုက ငါ့ မိတ်ဆွေမော့ဗိုကို လိုက်ဖမ်းတဲ့ မာဓေဝါမာရဲ့ စစ်သား နှစ်ယောက်ထဲက—တယောက်ထဲကိုသာ သတ်ပြီး။ကျန်တယောက်ကိုတော့ ပြန်လွှတ်လိုက်”ဟု ပြောကာ။ကြွေဒီက—သူတို့ ရွာတံခါးအဝင်ဝ တုတ် ယူလာသော အကျဉ်းသားကို လက်ညှိုးထိုးပြပြီး တဖန်မလှမ်းမကမ်း ရှိ ရွာဆီ လက်ညှိုးညွှန်ပြပြန်ကာ။ကျွန်ုပ်အား—

“ဟော—ဟိုက မြင်ရတဲ့ရွာ တရွာလုံးကို ငါ—မနေ့က ချေမှုန်းပစ် လိုက်ဘယ်ကွ။ဒီရွာသူကြီးက—ငါ့အမိန့်ကို နား မထောင်တာနဲ့ ဒီသို့ရွာ လုံး ချောထပစ်လိုက်ရတာဘဲ။ ဘာမေမဲ့—သူတို့ ရွာထဲက ရွာသား တ ယောက်ကတော့ ရဲရဲရင့်ရင့်နဲ့ ခုခံပြီး ငါ့ စစ်သားသုံးယောက်ကို သတ်ပစ် ကြတယ်။ဒီရွာကို မင်းတို့ပြေးလာကြတုန်းက လမ်းမှာ မြင်များမြင်ခဲ့ကြမ လားတော့ မသိဘူး။ဘာမေမဲ့—ဒီရွာသား အခုဖမ်းလာတဲ့ အကျဉ်း သမား ငါ့စစ်သားက သူရဲဘောနဲ့ နဲ့ဘဲ လူဆိုတော့ ပြန်ပြီးချမ်းနေတဲ့ဟို ရွာသားကိုချက်နှုတ်ချင်းဆိုင် မတိုက်နိုက်ဘဲ။လှံနဲ့ပစ်သတ်လိုက်တယ်။ဒေါ့ အဲလေး သုံးယောက်ကိုလဲ သတ်ပစ်တယ်။မိန်းမကိုလဲ လှံနဲ့ထိုးသတ်ပစ် တယ်။ တလောက်ဘောင် သူရဲဘောနဲ့တဲ့ကောင်ကို အခုမင်းကို လိုက် သတ်နေတဲ့ မာဓေဝါမာရဲ့ စစ်သားနှစ်ယောက်နဲ့ ဖွဲ့ပြီးသတ်နိုင်းပြီး ဖိတ်ခေါ်ရတော့မှာဘဲ။ မာဓေဝါမာရဲ့ လူထဲက မသေလို့ ကျန်တဲ့လူကို တော့ မင်းတို့အခုပြေးလာရသလို ဖနေ့ခင်နဲ့ တင်ပါးတသာဘဲကျူအောင် မြှန် အပြေးနိုင်းရမှာ ပေါ့ကွာ—ကဲ—ဟော—မာဓေဝါမာရဲ့ စစ်သား နှစ်ယောက်။ဘယ်သူက ရွာပြန်ပြေးပြီး—ဘယ်သူက ဟောဒီက အကျဉ်း သမား ဗူလူစစ်သားနဲ့ ဘက်သတ်ယင်း သေစေချင်တယ်ဆိုတာ ကိုယ့် ဘာသာ ဆုံးဖြတ်ကြပေတော့”ဟု ပြောလိုက်လေ၏။

ဓေါဓေါက ကျွန်ုပ်တို့နောက်မှ ထက်ချပ်မကွာ လိုက်ဖမ်း နေသော

ရန်သူစစ်သားနှစ်ယောက်မှာလည်း၊ တဦးနှင့်တဦး အလွန်ချစ်ခင်ကြသော ညီအစ်ကိုများဖြစ်ကြလေ၏။ သို့ဖြင့် ၎င်းတို့နှစ်ယောက်သည် မြင်းတ ရှေ့သို့ ခြေလှမ်းပြီးတိုးသိုက်ကာ ဇူလူအကျဉ်းသမားကို တိုက်မည်ဟု ဆန္ဒပြလိုက်ကြလေ၏။ ချာကာက—

"အော်—နှစ်ယောက်လုံးတိုက်ချင်ကြသကိုး၊ ကဲ—ကဲ ငါကဘဲဆုံးဖြတ်ပေးရတော့မှာပေါ့ကွာ။ မောင်းဗိမှာ ငါလက်ထဲမှာ လှံ တစင်းရှိတယ်။ တွေ့ရဲ့လား။ အေး—အဲဒီလှံကိုမိုးပေါ်မြှောက်လိုက်လို့ လှံဟာ အပေါ်ထောင်ပြီးကျလာယင်—မင်းတို့နှစ်ယောက်ထဲက အရပ်ရှည်တဲ့လူကို ရွာပြန်ခွင့်ပြုမယ်၊ တကယ်လို့ အမြီးက အထက်လောင်ပြီး ကျယင်—အရပ်ပုတဲ့လူကိုပြန်ခွင့်ပြုမယ်"ဟုပြောကာ လှံကိုအထက်သို့ပွင့်မြှောက်လိုက်ရာ လှံသည်ဝင့်ကာ—ဝင့်ကာ—ဗိုင်းကာ—ဗိုင်းကာနှင့်ကောင်းကင်သို့မှ တက်သွားလေ၏။ လူအားလုံးပင် လှံကျမှုကို အာရုံစူးစိုက်ပြီး ကြည့်နေကြလေ၏။ လှံသည် အသွားအပေါ်ထောင်ပြီး မြေသို့ ကျလာ သဖြင့် ချာကာက အရပ်ရှည်ရှည်နှင့်လူကိုခေါ်လိုက်ပြီး—

"ကဲ—မင်းကို အသက်ချမ်းသာခွင့်ပေးပြီး ရွာပြန်ရစေ့မယ်၊ တခုပဲ မင်းတို့သခင် မာစဝကာယာကို ပြောလိုက်—ဇူလူကာယမလာနိုင်သေးတဲ့ရဲ့ တောသရဇာ အရှင်သခင် ချာကာဘုရင်မင်းမြတ်ကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မင်းတို့ဟာ နို့တခွက် ရေတမှုတ် ပေးတောင် မရပဲ အရှုတော့ သူ့သဘ ချွေးလေးစား မော့ပိုဟာ သူ့တဲခေါင်မိုးပေါ် တက်ပြီး အရုနိုင်ဘဲဆိုတာပြောလိုက် ဟုတ်လား—ကဲ—သွားတော့"ဟုပြောလိုက်လေ၏။

ဤတွင်အပြောခံရသော ကျွန်ုပ်ဘခင် မာစဝကာယာ၏ စစ်သားသည် သူ့ညီနှင့်လက်ဆွဲနှုတ်ဆက်ပြီး ထွက်သွားရရှာလေ၏။

သို့ဖြင့်—ချာကာသည် ဇူလူအကျဉ်းသမားနှင့် ကျန်ရစ်ခဲ့သော ကျွန်ုပ်၏ရန်သူစစ်သားတို့ကို အချင်းချင်း တိုက်ကြိုက်ကြရန်အတွက် ခေါ်ယူလိုက်လေ၏။ လူနှစ်ယောက်သည် ချာကာဘုရင်မင်းမြတ်ကို ဦးချ စကားပြောဆိုကြပြီးနောက် အချင်းချင်းတိုက်ခိုက်ကြရာ နောက်ဆုံးတွင် ကျွန်ုပ်၏ရန်သူစစ်သားက ဇူလူအကျဉ်းသမားကိုနိုင်သိုက်လေ၏။ သို့သော်လည်း

သူ့ခမြာတိုင်းနိုက်ပြီး၌ အပန်းဖြေပြီးသည်နှင့်တပြိုင်နက် အသက်မသေသို့ ကာ သေမြေးရှင်ပြေး ပြေးရန် ထွက်အပြေး နိုင်းခြင်းကို ခံရလေ၏။ သူ့ နောက်မှကား–ယောင်တင်း နိုင်မသေသော လက်ခံ၍ဝေ ဇုလု စစ်သား ငါးယောက်ကလိုက်လှက်ရှိလေတော့၏။

ဤသို့လိုက်သည့်တိုင်အောင်လည်း ရှေ့မှပြေးသူကသာ၊ကျန်–နောက် မှလိုက်သော ဇုလုစစ်သားငါးယောက်ကို လွတ်အောင် ပြေးနိုင်နေလေ သည်။ဤသည်ကိုမြင်သောချားကာသည် စိတ်ဆိုးခြင်း မရှိ၊ ဤမျှ ရက်စက် ကြမ်းကြုတ်ခက်ထန်ရှော်သော ချာကာဘေရင့်ဖ ဘုရင်မင်းမြတ်၏ နှလုံး သားထဲတွင် မှန်မြတ်သောစိတ်ကောင်းဘရှိ၏။ ထိုစိတ်ကား အခြား မ ဟုတ်၊ရဲရင့်ပြီးစွမ်းပကားရှိသူမှန်လျှင် သူသည် ထက်နိုင်လျှင် ကယ်ဆယ် ရန်အမြဲတန်းအသင့်ရှိနေပေ၏။ကျွန်ုပ်အဘို့ ဝင်းသောအားရ ဖြစ်မိသောအ ချက်မှာမူကား–သမ်းတွင်တွေ့ခဲ့သောရွာမှ ဝ့ဆို ဘမိန်းမကြီးနှင့် ဖိသား တစုကို သတ်ဖြတ်သောတာရေးခံဇုလုအား–ကျွန်ုပ်တို့အဖွဲ့ယ်ဝင် စစ်သား လုစ်သူဘယောက်က သတ်ဖြတ်ပစ်လိုက်သည် ဟူသော အချက်ပင် ဖြစ် ပေသတည်း။

--★--★--★--

(အခန်း–၅။)

ဤအဖြစ်မှတ်တမ်းကိုပြောပြခြင်းခံနေရသော အဘသူမျက်မှာပြဲ လူသား–အလက်တွင် ဖော်ပြခဲ့သော အကြောင်းအရာများသည်ကား– ကျွန်ုပ်မေ့နှင့် ကျွန်ုပ်၏မှာဘာလေးဘဘတို့ မည်သို့မည်ပုံ ဇုလု တော သရ ဇာမင်းမြတ်ချာကာ၏ စံရာနန်းပြည်တော်သို့ ရောက်လာရပုံ အ ကြောင်းရုံပေတည်း။ ဤအကြောင်းကို ဤမျှလောက် ရှည်လျားအောင် ကျွန်ုပ်ဘာကြောင့်ပြောနေပါသနည်းဟု သင်က–စောဒကတက်ကောင်း တက်ပေလိမ့်မည်။သို့သော်လည်း–သစ်ပင်ပန်းမာလ် တို့သည် အစေ့ မှ ပေါက်ပွါး ကြရသည့် နည်းတူ ရှိသင်း၊ ဗိုင်ရွှင်–ရန်မျိုးနှင့် ဆုံရ

အင်္ဂနီဆာလိုဗိုဝတ်နှင့် ဝေ့ဗ္ဗပပ ဘွဲ့ရ နေ့ဘေါ် တို့သည် ဤအကြောင်းအရာ ပေါ်တွင် အငြိုသဟဲမှုကြီးပေါ်ကဘွား လာရကြောင်းကို သင်—မရှေး မနှောင်းမီပင် သိရပေလိမ့်ဦးမည်။ အဘယ်ကြောင့်ဆိုသော်—ဝေ့ဗ္ဗပဘွဲ့ရနေ့ဘေါ် သူငယ်မသည် ကျွန်ုပ်၏သမီးပင်ဖြစ်၍ အင်္ဂနီဆာလိုဗိုဝတ် သူတို့သားမှာမူကား—မည်သူမှုအကြောင်းစာချွန်းမှန်ကို မသိသော်လည်း။ ရှင့်စစ် အေးဖြင့် ချာကာဘာရှင်းမင်းမြတ်နှင့် မိဖုရားကြီး၊ ဘာလေတာတို့မှ မွေးသော မင်းသွေးမင်းမျိုး မင်းသားတယောက် ဖြစ်သောကြောင့်ပေတည်း။

ချာကာ၏ နှုတ်ရှမ်းတော်ထဲခါ၊ ဝသွင် ဘာလေကာသည် သတိမေ့မြောလဲကျနေရာမှ သတိပြန်လည်လာပြီး ပင်ကိုယ်အလှ ပြန်ပေါ် လာသောအခါ၌ ချာကာသည် ဘာလေဘာကို နူကောဝက်ယှသိမ်းမြန်းကာ သူ၏မိဖုရား နှမတော်ဗိုဗိုချာအရက် တယောက်သော နှမတော် မိမိချာလူနှင့်ချီးမြှင့်လိုက်တော့၏။ ကျွန်ုပ်ကိုကား။ ချာကာသည်သူ၏သမားတော် တယောက်အနေနှင့်ခန့်ထားလိုက်ရာ နေ့ဝင်သောအခါ၌သူသည် ကျွန်ုပ်၏ ဆေးခွင်းကောင်းများကို မြိုးရပြီးကျေးဇူးတင်နှင့်သိန်လှသောကြောင့် ကျွန်ုပ်မှာ ချာကာဘာရှင်၏သားတော်ချစ်ရ လူ၏ရှိသွားလေတော့၏။ ဤရှင့် ထူးမှာ အလွန်အလွန်ကြီးမြင့်သော ဌာနနံ့ရုတ်ရှုခဲ့သောကြောင့် ကျွန်ုပ်သည် တနှစ်အတွင်း ငိုင်နွားပေါပေါ် ဖယားပေါပေါနှင့် ကြေးရတတ် ငှရတ်တန်ဘဝသို့ရောက်ရလေတော့၏။ သို့သော်လည်း ဤဘဝနှင့်ကိုသမ်းဆောင်ရခြင်းမှာ အလွန်လည်းကြောက်မက်ဘွယ်ကောင်းလှချေတော့၏။ အဘယ်ကြောင့်ဆိုသော်—ကျွန်ုပ်သည် နံနက်ပိုင်းတွင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် နေရလင့်ကစား—ညနေ ပိုင်းတွင် သေ့ရှိလိမ့် ကိုယ်ခန္ဓာ တောင့်ဆေးအေးနှင့် သေရလေမည်လော ဆိုသည့်အချက်ကို အတတ်မသိနိုင်သောကြောင့်ဖြစ်ပေ၏။ ချာကာသည်သားဘော်အပြောက်အမြားကို ကွပ်မျက်ခဲ့သူဖြစ်၏။ မည်မျှပင် ဆေးဝါးအကျုကောင်းသော သမားကျော်ပင် ဖြစ်စေ။ နောက်ဆုံးတွင် အကွပ်ချက် ခံရသည်ချည်းသာ ဖြစ်လေသည်။ ချာကာဘာရှင် မင်းမြတ်သည် ခေါင်းခဲကောင်း ခဲ့နေ ပေလိမ့် မည်။ စိတ်နှလုံးမအေးမသော ဖြစ်စေကောင်းဖြစ်နေပေလိမ့်မည်။ ဤသို့သော အနိုက်အတန့်မျိုးတွင် သူ့ဇနီး ဂါကို ချက်ချင်း ပျောက်အောင် မကျွန်းသောသူ

သည် မှုရှုဘေးရမည့်စကာနသာ၍စိတ်ဘေးသည်၊ ကျွန်ုပ် အသက်ရှင်၍ သာနေ ခြင်းမှာတော့၊ ကျွန်ုပ်၏ဆေးကာစွမ်းသော ကြောင့်တစ်ကြောင်း၊ ချာကာက– ကျွန်ုပ်ကိုမသတ်ပါဘဲ ယော်ရွယ်စဉ်ဘဝက ပေးခဲ့ဘူးသော ဂတိတစ်ခုကြောင့် တစ်ကြောင်း ဖြစ်ပေ၏၊ သို့ဖြင့် ကျွန်ုပ်သည် ချာကာနှင့် သွားအတူ–လာအတူ စားအတူ တပူးတွဲတွဲလုပ်ခဲ့ရ၏၊ ညီလာခံသဘင် ရှိသောအခါတွင် သူ၏ နောက်နားက ထိုင်ရ၏၊ စစ်တိုက်သောအခါတွင် သူ့ဘေးမှ နေရ၏၊

ထို အစွေ့ ချက်နှာဖြို လူသား—ထိုခေတ်–ထိုအခါက စ၍ ဇူးပ်မှုနှင့် ကျွန်ုပ်တို့ တိုက်ခိုက် ကြတုန်း၏၊ ဇူး ဗ များ သည် ကျွန်ုပ်တို့ စစ်သည် တော်များ ချီတက်ရာ လမ်းကြောင်း အတိုင်း ရှေ့ နှင့် ဘေးဝဲနှင့်–ရှိပြီး လိုက် စ၍ ဖျက်၏၊ ဘောခွေး အ များ သည် စစ်သားများ အပေါ် မှာချင်းခြံကော ဘောနိုပြီးလိုက်တက်ကြ၏၊ ဘယ် ဇူးဝ ဘယ်ဘောခွေး–ဘယ်မျှပင် လိုက် သိုက် မည်သည့်အခါကမျှ ဇူးအများ တောခွေးများသည် လူသားမစားရမဝါ၊ ရော်မပြန့်ကြရချေ၊ စားရသည် ချည်း နှင့်နှင့်သော ဖြစ်တော့၏၊ ပဌမဦးဆုံး ကျွန်ုပ်ချာကာ၏အပေါ်မှ နေ ပြီး တိုက်သော တိုက်ပွဲကိုလည်း ကျွန်ုပ်မမေ့၊ ဤတိုက်ပွဲကား–ချာကာ ဘုရင်မင်း ဖြစ်သည် အနှစ်မလာတူစေမြဲတစ်ဘက် ထမ်းတွင်ရှိနန်း အသင့် တည်ပြီးစက တိုက်သောတိုက်ပွဲဖြစ်ချေ၏၊ တိုက်ပွဲတွင် ချာကာ၏ နန်းမြို့ ရှုံ့အက် ဇွေတိဘုရင်က ချာကာကိုစစ်ထိုးသောပွဲပင်ဖြစ်လေသည်၊ ချာ ကာသည် ထိုစဉ်အ လက်နက်သစ် လက်နက်ဆန်းတစ်ခုရှိသော–ဇူ တို များကိုကိုင်ထားသည့် လူသုံးသောင်းကျော် ပါဝင်သော တပ်မဟာ (၃) တပ်နှင့်ထွက်ပြီး ရန်သူဇွေတာ၏တပ်ကို တုံ့ပြန် တိုက်ခိုက်လေသည်၊

စစ်မြေတလင်း၏အသွင်ကား–ဤသို့တည်း—ကျွန်ုပ်တို့ ချာကာမင်း မြတ်တပ်တော်များ၏ရှေ့တူရူအရပ်ရှိ တောင်ကုန်းငယ်တစ်ခုတွင် ရန်သူ ဇွေတာဘုရင်၏တပ်မဟာပေါင်း(၁၄) တပ် စခန်းချထား၏၊ မြေပြင် တ လျှောက်လုံး ရန်သူစစ်သားများ စဲနေသော သူတို့ခေါင်းထိပ်တွင် ထိုးထား သည့်ငှက်မွေးများသည် လေထဲတွင်ဆီးနှင်းခဲများသဖွယ် တလှုလှု ဖုံ လွှင့်နေလေသည်၊ ကျွန်ုပ်တို့၏ တပ်များမှာလည်း ရန်သူတပ်များနည်းတူ ပင် မျက်နှာချင်းဆိုင် တောင်ကုန်းတန်း တခု ပေါ်တွင်ပင် စခန်းချထား

သည့်ချိုင့်ရာ တညလုံး တစ်များနှ ပိုသားသော သီးပုံများ၏ ဓါးရောင်ဖြင့် တစ်နှစ်တာကြာအောင် ချိုင့်ဝှမ်းမှာ ထိန်ပြောင် ဝါဝင်းနေ့ခဲ့ ဖြစ်နေပြီး တညလုံးပင် စပါးသားများ၏ စိမ်းစိုစိုတက် သီချင်းသံများဖြင့် ဝိုးလုံးဟိန်း နေပေတော့သည်။ နောက်ဆုံးတွင် နေရောင်နှင့် မိုးပြီး လင်းလှသဲ အချိန်၌ တစ်သားများသည် အိပ်ရာထနေကြရာမှ လှံကိုင်ပြီး ထကြလေ၏။ သူတို့ သည် ကိုယ်ပေါ်တွင်ဖုံးလွှမ်းနေသောဆီးနှင်းများကို ခါပြီးချကာ အသက် ပေးပြီး အအေးခံတိုက်ခိုက်ရန် ဝမ်းသာနေကြပုံ ရ၏။ နံနက်ခင်း၏ လေပြေ လေညှင်းအလည်း သာခံပေးသောသို့တိုက်ခတ်နေရာ သူတို့ခေါင်းမှ ငှက် မွေး ငှက်တောင်များသည်မြူခင်းမှိုင်းတောက်ပင်များသယှဉ်တဘက်သို့ ညွှတ် ကာ ယိမ်းထနှင့် ဖြစ်နေကြလေသည်။ ကောင်းကင်မိုးကြယ်များကဲ့သို့ သူ တို့ကိုင်သောလှံများသည် များပြားလှ၏။ ကြယ်များကဲ့သို့ပင် တဖွေးဖွေး နှင့် တောက်လည်း တောက်ပလှပေသည်။ အရှေ့ဘက်တောင်ခါးပန်းဆီမှ နေမင်းသည် ရဲရဲကြီးထွက်လာပြီး ထနေ့ခလောက ဖိုင်းလွှားကြီးအပေါ် သို့ ရဲရဲနီသော အရောင်များကို ပက်ဖျန်းသွားရာ စပါးလင်းပြင်မှာလည်း ရဲရဲ နီနေကာ သွေးမင်းတိုင်းပြည်သို့ ဖြစ်နေလေ၏။ စစ်သား များသည် ဤ သွေးမင်း၏ ပုဗ္ဗနိမိတ်ကို သိမြင်ကြ၏။ သိ သဖြင့် လည်း စစ်တိုက်ရ တော့မည့် အရေးကြောင့် သွေးကြွကာ ရယ်ကြကုန်၏။ သွေးခြင်းတရား ဆိုသည်မှာ ဘာကိုဆိုလိုပါသနည်း......လှံကိုင်စွဲကိုင်ထား သွေးရှုခြင်းကား— မမြတ်ပါလော.....သွေးခြင်းတရားဟူသည်ကား—အဘယ်နည်း— ချာကာ ဘုရင်မင်းမြတ်အတွက် အသက်စွန့်ရခြင်းသည် သူ့ရဲကောင်း မပြီသပါသ လော..... သွေးခြင်းသည် အောင်မြင်မှု၏ ရှေ့ဆောင်ပြေးဖြစ်၏။ ဤည— ဤနေ့—ဤရက်တွင်—မှုရှုဆောင်မြင်မှုကို ရ—ရမည်သာဖြစ်တော့သည်။

ဤအခိုက်တွင် ဘဝ်မကြီး၏ ဘယ်တောင်ပန်မှဝေတင်ပြီး စစ်သားတိုင်း၏ စိတ်နှလုံးကို ကြွစေ—ရှုစေ—ခုံတရောင်စေ—အမှုကြွင်းခေါက်စေသော စစ် သီချင်းဆိုသံများပြန့်လွင့်လာပြီးတစ်မဟာ တခုမှတခုသို့ သီချင်းဆိုသည့် ရောဂါ ကူးစက်လာ၏။

“ငါတို့သည် ဘုရင့်အစေခံထောင်သားများဖြစ်ကြကုန်၏——ခွဲခေါင်— သင်လည်း ငါတို့၏နည်းတူပင်——ငါတို့သည်—ကောသရာဇာ ခြင်္သေ့မင်း

၏—ငှလူဘဝံ၊တော်သာဘည်း—ဘာလဲဟော့—ရှန်သူ—မင်း တုန်လှုပ်နေသလား—ကြောက်နေသလား ....'' အစရှိသည့် အဓိပ္ပါယ်များ ပါဝင်သော စပ်သီချင်းကိုသီဆိုနေကြခြင်းဖြစ်လေ၏။

ခဏမျှကြာသောအခါ ချာတာ ဘုရုံမင်းမြတ်သည် တပ်မှူးလ်များ—တပ်ကွပ်—ဘပ်ကဲများ—အတိုင်ပင်ခံလူကြီးများနှင့် ရဲဘောတပ်မဟာများကြားတွင် ကျွန်ုပ်နှင့်အတူ လျှောက်သွားနေလေ၏။ သူ့ ချာတိသုံး များသည် မရှေကာသောမင်း၏အခေါင်အခေါ်များကို လွှတ်နေသည်ကို ထင်မြင်ရပေ၏။ သူသည် လက်ထဲတွင်ဆုပ်ကိုင်ထားသော ရှ ကြီးကိုအထက်သို့ မြှောက်လိုက်ရာ စစ်တေးသီချင်းသီဆိုနေကြသောစစ်သားများသည် မီးကို ရေနှင့်သတ်လိုက်သကဲ့သို့ တမဟုတ်ချင်းငြိမ်သက်သွားလေ၏။ ဤတွင် ချာကာတနွားလားဟူသောဘဘွဲ့နှင့်သူ အောင်ဟစ်ပြီး—

''ရှန်သူတော် ဌေ့တိရဲ့စစ်သားတွေဘယ်မှာလဲ''ဟု အသံကျန် တစ်လိုက်ရာ—

''ဟိုမှာရှိပါတယ်အရှင်''ဟု စစ်သားများက တပြိုင်နက် ကြွေးကြော်ယင်း ရှ များကိုထောင်ပြီးရှန်သူတပ်ဘက်သို့ ထိုးပြလိုက်ကြ၏။

''ဗိုလ်အောင်တွေ—ရုတ်တိုက်ကိုလာမတိုက်သေးဘူး။ အဲဒီတော့—ငါတို့ဒီနေရာမှာပဲ အိုပါးသေတဲ့တိုင်အောင် စောင့်နေကြရတော့ မှာလား။''

''မစောင့်တော့ဘူးအရှင်—စပ်ထိုးတိုက်ဘို့တော်ပါပြီ။''

''ဟော့—အဂ္ဂနိကျွန်ုပ်လူချစ်ချစ်တဲ့ တပ်မဟာ—ရှေ့ ထွက်ခဲ့ကြပါဟော့''ဟု အောင်လိုက်ရာ အနက်ရောင် ဒုတ်များကို စွဲကိုင်ထားသောအဂ္ဂနိကျွန်ုပ်လူ၏တပ်သားများသည် ရှေ့ သို့တိုးပြီးထွက်လိုက်ကြ၏။

''ကဲ—ဒေ့သားတို့—ဟိုမှာ ရှန်သူရှိတယ်။ သွားတိုက်ချေကြ။ ပြန်မလာခဲ့နဲ့—သေတဲ့ တိုင်အောင်တိုက်—''

'ဟုတ်ကဲ့—အရှင်'ဟုပြောကာအဂ္ဂနိကျွန်ုပ်လူ၏ တပ်မဟာသည်တောင်ကုန်းစောင်း အတိုင်း မဲမဲ—မဲမဲနှင့် ရှန်သူကိုတိုက်ရန်ဆင်းသွားကြလေ၏။

အဂ္ဂနိကျွန်ုပ်လူ၏ တပ်—ချိုင့်ဝှမ်းထဲမှိုချောင်းတခုကို ဖြတ်ကူး၍ မိသော

အခါ ရှန့်သူ ဗွေဘီ၏ တပ်သားများ အိပ်ရာမှ နိုးကြပြီး ဆူသံညံသံကိုကြား ရလေ၏။

မကြာမီ အတွင်း—ရှန့်သူကလည်း ကျွန်ုပ်တို့နှင့် ချက်ချင်း ဆိုင်ပြီး ချီတက်လာ၏။ မကြာမီအတွင်း တပ် နှစ်တပ် ရှေ့ကြော်ဂိုဏ်းကို ဗုံခသံ များ၊ စစ်သီချင်းသံများ မြေခေါင်းဘာနှန်း ထွက်ပေါ်လာ၏။

တပ်နှစ်တပ်သည် ရှေ့ထိုးနောက်ငင်နှင့် ဖြစ်နေကြ၏။ အနုန့်ကျွန် ဘလူ၏ တပ်များနောက်ဆုတ်လာ၏။ ဆုတ်ခွါပြီး ထွက်ပြေးကြ၏။ လူတဝက်ခန့် သည် ချောင်း၏ ဤမှာဘက်သို့ပင် ရောက်လာကြ၏။ ကျန်တဝက် မှာအား ရှန့်သူ၏လက်ချက်ဖြင့် သေသုံးကျန်ကြလေသည်။ ချာကာမူကား ပြုံးရုံ မှုသာ ပြုံးကာ ရပ်တန့် လျက်ပင် ခိုသေးသော ကျွန်ုပ်တို့ တပ်သား များအား—

“ဟေ့—ဘေးဖယ်ပေးလိုက်ကြကွာ—အနုန့်ကျွန်းဝလူ တပ်ထဲ ခိုနေမ မျိုးတွေအတွက် နေရာဖယ်ပေးလိုက်ကြပါ”ဟု ပြောလိုက်ရာ တပ်သားများ က နေရာဖယ်ပေးကြ၍ ကိုက်အနေးနှင့် ကာပြန်လာကြရသော အနုန့်ကျွန်းဝလူ ၏ တပ်မှတပ်သားများသည် ခင်ရှက်ရှက်နှင့် ခေါင်းငိုက်စိုက်ချကာ တပ် စခန်းတွင်းသို့ ဝင်လာကြလေ၏။

ချာကာသည် အတိုင်ပင်ခံလူကြီးများကို ထီးတိုးစကားတခု ပြောလိုက် ၏။ အတိုင်ပင်ခံ လူကြီးများက တခန့်တည်းသေနေသကဲ့သို့ မင်ဇီဝါ ဆိုသူထံသို့ ဆက်သွားလုပ်ကာ ထီးတိုးစကား ပြောလိုက်ပြန်၏။ မင်ဇီဝါက တခု တပ်မဟာမှူး ဗိုလ်ချုပ်များထံ သွားပြီး ထီးတိုးစကားပြောပြန် ၏။ ထို နောက် သော်ကာ၊ တပ်မဟာအပ်ကြီးနှစ်တပ်သည် ဘယ်ဘက်သို့ ချီတက် သွားကြပြီး..... ကျန် နှစ်တပ်က ညာဘက်ဘေးသို့ ချီတက် သွားခိုက်— နောက်နှစ်တပ်က ဘယ်ဘက်တောင်ပန့်သို့ ချီတက်နေကြလေ၏။ သို့သော် လည်း ချာကာကိုယ်တိုင်မှာမူကား ကျန်ရစ်နေခဲ့သေးသော တပ်မဟာ သုံး တပ်နှင့်အတူတောင်ကုန်းပေါ်တွင်ပင်ရှိနေသေးလေသည်။ မကြာမီအတွင်း ကျွန်ုပ်တို့တပ်များနှင့် ရှန့်သူတပ်များ မြေပျော် တော်လဲသကဲ့သို့ အသံကွက် လောက်အောင် တိုက်ခိုက်နေကြလေတော့၏။ ယခုအကြိမ်တွင်ကား ကျွန်ုပ် တို့ စစ်သားတိုင်းသည် ယောကျ်ားပီသလှပါပေ၏။ တယောက် တလေမျှ

ထွက်ပြေးရောက်ရှိလာသူဟုမရှိချေ။ ရန်သူ့ဘက်မှ တပ်မဟာ တထပ်ပြီးတတပ် ဆက်ကာဆက်ကာ အားသွန်လောင်းပြီး ထိုးစစ်ဆင်တိုက်ခိုက် နေသော်လည်း ကျွန်ုပ်တို့ တပ်သားများသည် နောက်မဆုတ်.....ကြံ့ကြံ့ခံ၍ ခံလျက်ရှိ၏။ ရှေ့တိုက်တောင်ကိုက် ပြတ်ပြတ်ပြုပြုလျက်ရှိ၏။ သို့သော်လည်း ဆုတ်ကား မဆုတ်။ နောက်ဆုံးတွင်ကား ကျွန်ုပ်တို့ တပ်မဟာတပ်ကြီးနှစ်တပ် လုံးလုံး ပျောက်သွားလေသည်။ ဤတပ်ကြီးများတွင် ပါဝင်သော စစ်သည်များ ကား ချာကာ၏သားကောင်းပြီသလှပါပေ၏။ စစ်သေနာပတိ မင်ဇီဝါမှာ လည်း ကျွန်ုပ်တို့၏ကျဆုံးသော စစ်သားအလောင်းကောင်များ၏ အောက် တွင်ပင် မိမိ ကိုယ်ကိုမိမိ မြှုပ်နှံ သဂြိုဟ် ခံသွား ရှာပေသည်။

စစ်သားများ ဤမျှ ကျဆုံးနေလျက်နှင့်ပင် ချာကာသည် လက်ပိုက်ပြီး ရပ်နေပေ၏။ သူသည် တောင်ဘက်သို့ကြည့်လိုက်၏။ မြောက်ဘက်သို့လည်း ကြည့်လိုက်၏။ ကြည့်လေ—နံဘေး ဝဲယာရှိ တောကို အုံကြွ၍ ထဲမှ လှုပ်သွားရွေ့ရွေ့များကို မြင်နေရပေပြီ။ ခဏချင်း အတွင်းတွင်ပင် ကျွန်ုပ် တို့၏ ဘယ်တောင်ပန့်နှင့် ညာတောင်ပန့်မှ တောတော ဖြိုခွင်းသော တပ်မဟာများသည် ရန်သူကို စ၍တင်ဘိညှပ်တိုက်နိုင်ကြလေတော့၏။ သို့ သော်လည်း ဇွေကော်၏တပ်သားများကား—ရဲရင့်ပြီ။ အတိုက်ကောင်း၊ အခ ခိုက်ကောင်းများဖြစ်ရာ ကျွန်ုပ်တို့ဘက်မှ ရှုံးနိမ့်ခြင်း ရှုံးနိမ့်လျက်ပင် ရှိလေ သေး၏။

ဤတွင်ချာကာသည်အမိန့်သစ်တခုကို ထုတ်ပြန်၏။ ခဏမျှကြာသောအ ခါတွင် ချာကာ၏ မာကျောသော အသံနက်ကြီးဖြင့်—

“ဟိုး—ဗုလု အမျိုးကောင်းသား စစ်သည်တော်တို့—တိုက်ကြ ကွန် လော့”ဟု အော်ဟစ်သံ ကြားရပြီး—မှိုင်းမှုသော ကျွန်ုပ်တို့၏ တပ်များ သည် ရေကာတာ ကျိုးပေါက်ပြီး ပေါက်လွှတ် ဘာလာ၍ ထွက်ကျ လာ သော ရေများပမာ ရန်သူ့ရှိရာဆီသို့ သူ့ဘက်သား—ကိုယ့်ဘက်သားဟု မကြည့်တော့ဘဲ ဇွတ်တိုက်ရန် ဘာဟုန်တိုး၍ ခုန်ထွက် နေကြ လေတော့၏။ ထင်ရှားနှင့် လဲကျနေသော ကျွန်ုပ်တို့တပ်သားများသည် မြေပေါ်တွင် လဲ

ကျနေရေးမှုပင် ကျွန်ုပ်တို့ကိုချိဘက်ကြကုန်လော့ ဟု အားပေးသည့် အနေနှင့် လက်ရမ်းပြကြ၏။ ကျွန်ုပ်တို့သည် ဤဒုက္ခဝိဘာများကို ခြေနှင့်အောင်းနင်းသွားကြ၏။ သူတို့ကို အရေးမိုက်နေရန်မဟုတ်–သူတို့သည် တိုက်နိုင် ခိုက်နိုင်သူများမဟုတ်ကြတော့ပေ။ ထိုနောက်သော်ကား ကျွန်ုပ်တို့သည် ဆင်ပြောင်–ဆင်ပြောင်ချင်း တိုက်ရန် စောင့် သကဲ့သို့ စောင့်နေသော ဗွေ့ဘီး၏တပ်များနှင့် ရင်ဆိုင်ကြကုန်၏။ စစ်တလင်းပြင်တခုလုံး သွေးချင်းချင်းနီသွားသည်ဆိုသည့်အချက်မှလွဲ၍ ကျွန်ုပ်ထူးထူးခြားခြားမတွေ့ပြတတ်တော့ပေ။ ရန်သူတစ်တထောင်လုံးကို ကျွန်ုပ်တို့တပ်များက လုံး၀ ချေမှုန်း သုတ်သင်လိုက်မိပေ၏။ မြေကြီးတလျှောက်လုံး သွေးများ လူသေ တောင်များနှင့်သာ ထပ်ထပ်ကျနေပေတော့၏။ အချို့ရန်သူများသည် ထွက်ပြေးကြကုန်၏။ အချို့လည်း–လွတ်မြောက် သွားကြ၏။ စဉ်စစ် အားဖြင့် ရန်သူတပ်သားများသည် အရှုံးအမော တောက်လောင်လာသော တောမီး၏ အောက်မှမြက်ပင်များသဖွယ် ဖြစ်နေကြလေ၏။ အတန်ကြာ၍ ကျွန်ုပ်တို့တပ်သည် အဆုံးကိုချပ်လိုက်ပြီး ရန်သူကို ရှာဖွေကြည့်သော အခါတွင်ကား ရန်သူ တယောက်တလေမျှ မကျန်တော့ပေ။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် တိုက်ပွဲကိုအောင်ပန်းဆွတ်လှမ်းလိုက်ကြကုန်၏။ ကျွန်ုပ်တို့ဘက်မှ တပ်မဟာဆယ်ခုသည် စောစောက နေထွက်လာသည်ကို ကြည့်ကြရကုန်၏။ ယခုတပ်မဟာ သုံးတပ်သာလျှင် နေ၀င်သည်ကို ကြည့်နိုင်ကြပေတော့သည်။ ကျန်တပ်များကား နေလည်းမထွက် နေလည်းမ၀င်သော မရဏာ ပြည်သို့မြန်းခဲ့ကြရလေကုန်၏။

"အဖေဆွ–ချစ်နှာဖြူလှသား.....

ဤသည်ပင်လျှင် ချာကာ တော်ရှစ်ဘုရင်မင်းကြီး၏လက်ထက်က စစ်ပွဲတခု၏ တိုက်ခိုက်ပုံဖြစ်ပေတော့၏။

နောက်သို့ဆုတ်ခွာပြီး ပြေးလာသော အနွန်ကွန်ဖလူ၏ တပ်သားများအကြောင်းကို သင်သည် မေးမြန်းလျက်ရှိ၏။ ပြောကြားပေအံ့ .....ပြောကြားပေအံ့—ကျွန်ုပ်တို့ရွာသို့ ပြန်ရောက်လာသောအခါ၌ ချာကာသည် ဆုတ်ခွာလာသော အနွန်ကွန်ဖလူ၏တပ်သားများကိုစုဝေးစေပြီး အလွန်အလွန်ညှင်သာစွာစကားပြောလေ၏။ သူသည် ထိုတပ်သားများ၏ ခေါင်းချက်

မှုနှင့် ကြိုးပမ်းချက်တို့ကို ကျေးဇူးတင်၏။ မိန်းမလိုလူများသည် သွေးနှင့် သံနှင့် တိုက်ပွဲနိုက်ပွဲကို မြင်တွေ့ရသော အခါမျိုးတွင် ကြောက်လန့်ပြီး ရွာသို့ပြန်ပြေးလာတတ်သည်မှာ ဓမ္မတာသာဖြစ်တော့သည်ဟုမိမိကြား၏။ သို့သော်လည်းသူသည် တပ်သားများကို တိုက်ခိုက်ရန် အမိန့်ပေးစဉ်က ပြန်လာခဲ့ဟု မှာလိုက်၏။မသေမချင်း တိုက်ကြဟုသာမှာလိုက်၏။ သို့နှင့် သည်း ယခုလိုပြန်လည်ဆုတ်ခွာ လာသောအခါတွင် သူတို့ကို ချာတာ ဘုရင်ခံမြင်ကာ အားလုံးစုရုံး ကျန်ပါသေးသနည်း။—ဟုပြောကာ— ချာတာသည် မျက်နှာကိုခြုံစောင်နှင့်ဖုံးပြီးမျက်နှာတော်လွှဲလိုက်၏။ ဤ တွင် အသင့်စောင့်နေသောအခြားတပ်သားများက အနှံ့ကွဲကာ တပ်မ ဟာမှလူနှစ်ထောင်ကျော်အား ထိုနေရာတွင်ပင် ထောင်းလေးခင်း ကြေ အောင် ခုတ်ပိုင်းသတ်ဖြတ်ကွပ်မျက်လိုက်ကြလေတော့၏။

ချာတာသည် ဤသို့သောမိန်းမရှာ စစ်သားများအား ဤသို့ရက်ရက် စက်စက်ကွပ်မျက်လိုက်၏။ ထိုသို့ကွပ်မျက်ပြီးသည့်နောက်တွင်ကား သူ့တပ် မှ ဗိုလ်စစ်သားတယောက်သည် အခြားရန်သူတိုင်းပြည်၏ဘက်များမှ တပ် သားငါးယောက်ခန့်ကိုလွယ်လင့်တကျရင်ဆိုင်တိုက်ခိုက်လာသောကြောင့် ရစ်ရှုမှ က ရန်သူဆယ်ယောက်၏ ဝိုင်းထားမှုကို ခံရသည့်တိုင်အောင် နောက် ကြောင်းသို့ပြန်ပြီး ဆုတ်မလာကြတော့ချေ။"တိုက်လျှင်တိုက် .... သေလျှင် သေ—သို့သော် နောက်တော့ပြန်မဆုတ်လေနှင့်" ဟူသောစကားသည် ကျွန်ုပ်တို့၏ ဆောင်ပုဒ်ဘဝသို့သက် ရောက်ခဲ့ပေတော့၏။ဤအချိန်မှစ၍ လည်း ချာတာ စကေ့ရှုဗ်ဘုရင်ခိုးစံနေထိုက် အမျိုးအနွယ်မည်သည့် ရန် သူတပ်မျှ ချာတာနေထိုင်သော ရွှေမြို့တော်ကို လာရောက် မကျူးကျော် မထိပါးရဲကြတော့ပေ။

အထက်တွင်ဖော်ပြခဲ့သောတိုက်ပွဲကား ကျွန်ုပ်တို့ တိုက်ခိုက်ခဲ့သော တိုက်ပွဲပေါင်းများစွာထဲမှ တခုသောတိုက်ပွဲပင်ဖြစ်ပေသည်။လဆန်းတိုင်း လဆန်းတိုင်းပင် ကျွန်ုပ်တို့စစ်သားများသည် လှံသွားသွေးပြီး စစ်ထွက် ကြမြဲဖြစ်၏။စစ်ထွက်ရာမှ ပြန်လာသူ နည်းပါး၏ သို့သော်လည်း ပြန်လာ တိုင်း ပြန်လာသတိုင်းပင် အောင်မြင်မှုကိုရခဲ့ကြပြီး ရွာအများကို သိမ်းပိုက် ကြပေ၏။ရန်သူ တပ်၏သုတ်သင်မှုကြောင့် မသေဘဲ ကျန်နေသောသူများ

ကို တမ်သင်ပြန့်ပြီးခွဲစည်းသည့်ဖြစ်ရာ လတိုင်းလတိုင်း ခင်သားပေါင်း ထောင်သောင်းသေဆုံးနေသော်လည်း ချာတာကောင်းစမ်းမြိတ်၏ တပ်သည် လူအင်အားကောင်းမြဲတိုင်းကောင်းဆဲ ကြီးထွားချင်တိုင်း ကြီးထွားလာခဲ့လေ၏။ သို့ဖြင့် နောက်ဆုံးတွင်ကား–ချာတာနှင့် အင်္ဂလိပ်တိုက်ခိုက်မည့် လူစွမ်းကောင်း ဘုရင်ဘပါးမှ မကျန်တော့ဘဲ၊ ချာတာသည်၊ မင်းဆုံးမင်းမြိတ်ဖြစ်ကာ တေရုပ်ဘုရင်အပါးဘဝသို့ရောက်ခဲ့လေ၏။ ထိုသို့အနီးအပါးရှိဘုရင်များကုန်ဆုံးသောအခါ ကျွန်ုပ်တို့သည် နက်ဘယ်ပြည်နယ်ထဲသို့ နယ်ချဲ့ကြကုန်၏။ ကျွန်ုပ်တို့ရောက်စက နက်ဘယ်နယ်တွင် လူနေအိမ်ခြေ အလွန်နည်းပါးလှ၏။ ကျွန်ုပ်တို့ ပြန်ထွက်သွားသောအခါတွင်ကား–မြေမြုပ်ထားသော လူသေကောင်မှအပ လူနေဟူ၍မကျန်ရစ်တော့ပေ။ ဤနည်းနှင့်နှင်အတိုင်း ကျွန်ုပ်တို့သည် လူမှန်လျှင် ယောကျာ်း၊ မိန်းမ ခလေး လူကြီးမရွေး သုတ်သင်ခဲ့ကြပေ၏။

ဇူလူ လူမျိုးများစစ်တိုက်ရန်စိတ်ပျက်လာပြီး လှံသွားများလည်းတိုက်ရန်ရလွန်းသောကြောင့် တုံးတိုကုန်သည့် အချိန်တိုင်အောင် ကျွန်ုပ်တို့သည် ဆက်ကာ ဆက်ကာစစ်တိုက်ခဲ့ကြလေ၏။

—✲—✲—✲—

(အခန်း–၆)

ချာတာဘုရင်မင်းမြိတ်သွင် နှမတော်မီမီ မိဖုရား အမြောက်အမြား ရှိသော်လည်း၊ သားသမီးကား–တယောက်မျှမရှိချေ။ မွေးဘွား လာသမျှ သားသမီးတိုင်းမှာ ချက်ချင်းလက်ငင်း ကွပ်ချက်သတ်ဖြတ်ပစ်ခြင်းကိုခံကြရကုန်၏။ ချာကာက ကျွန်ုပ်အား...

"မော့ပို့ရ–မွေးလာတဲ့ ခလေးတွေကို အရှင်ထားလို့ မတိုက်ဘူး။ ကြီးလာယင် ငါ့ကိုသားတွေသမီးတွေက လှံစာ ကျွေးကြမှာ အမှန်ဘဲ။ လူတကာက ငါ့ကိုရက်စက်တဲ့ဘုရင်လို့ မှတ်တမ်းထင်ထားကြတယ်။ အေး–ဒီလိုမှတ်တမ်းအထင်ခံရတဲ့ ဘုရင်တွေဟာလဲ သေယင် သူ့သား

သမီးကြောင်လို့ သေရတာချည်းဘဲ။ ငါ့သက်တန်းမှာ ငါကိုယ်တိုင်အုပ်စိုးပြီး သေးလှောင်းတော် ဘိုးလောင်းတော်တွေလို နတ်ရွာလားတဲ့ အခါကျမှတော့ ငွေအရိုးအရာကို ဘယ်သူဘဲဆက်ခံဆက်ခံ အားအရှိဆုံး စွမ်းရည်အရှိဆုံးလူက ဆက်ခံယင်ပြီးတာဘဲ” တဲ့ ပြောဘူးလေသည်။

ကြိုကြိုကြက်သည်ကား–ဤသို့ချာကာက ကျွန်ုပ်အား အမိန့်ရှိပြီးသည့် နောက် ချာကာ၏မိဖုရား ကျွန်ုပ်၏နှမတော် ဘာလေကာတွင်သူ့သန္ဓေရှင်၍ တော်အရေးအမာနှင့် မီးဖွားမြင်လေ၏။ ဘာလေကာ ဖျက်ချချင်သည်နှင့်တပြိုင်နက်ပင် ကျွန်ုပ်၏မိန်းမ မာကာရှိပါသွင် အမွှာပူးနှစ်ယောက် မျက်နှာချင်းရှိ ကျန်မိန်းမသေသောက် ဖြစ်သော အခန့်တော်ပါတွင် သားတယောက်ထွန်းကားလေသည်။ စဉ်းစားအားဖြင့် ချာကာသည် သူ့နောက်လိုက်စစ်သားများကို ဒုတိယအရွယ်မရောက်ဘဲ မိန်းမယူခြင်းကို တားမြစ်ထားလေသည်။ သို့သော်လည်း ကျွန်ုပ်ကား ....သေသွားတော်များ၏ တန်ခိုးကြောင့်သာသာ အခွင့် အရေးပေးတော်မသားအများ အပြား လူရွှင်သွားလေသည်။ သူ့အကြောင်းပြုချက်မှာ သမားတော် ချာသည် မယား အများအပြားယူခြင်းဖြင့် မိန်းမတို့၏ ရောဂါဝေဒနာ အသုံးစုံကိုသိမြင်နိုင်စွမ်းရှိသည်ဟုဆိုပေ၏။

ဘာလေကာ မွေးမကောင်းကြောင်း ကြားသောအခါ ချာကာသည် ဘာလေကာအား ချစ်ခင်နှစ်သက်သဖြင့် လုပ်ရိုးလုပ်နေကျထုံးစံအတိုင်း ဘာလေကာအား ချက်ချင်းသတ်မပစ်သေးဘဲ။ ကျွန်ုပ်ကိုခေါ်ကာဆေးဝါးကုသရန်အမိန့်ပေး၏။ အကယ်၍ ခလေးမီးဖွားလာလျှင်လည်း ဖွားမြင်လာသည့်ခလေးကို ထုံးစံအတိုင်း တကယ်သတ်ပြီးကြောင်း ထင်ရှားစေရန်သူ့ထံသို့အလောင်းကောင်ယူလာရန်မှာကြားထားလေ၏။ ကျွန်ုပ်သည် မြေပေါ်တွင်ပြားပြားဝပ် သူ့အမိန့်ကိုနာခံပြီး မကြည်သောနှလုံးနှင့် ထွက်ခဲ့လေ၏။ အဘယ့်ကြောင့်ဆိုသော် ဘာလေကာသည် ကျွန်ုပ်၏နှမအရင်းခေါက်ခေါက်ကြီး မဟုတ် ပါလော—ဘာလေကာ၏ ကလေး သည်လည်း ကျွန်ုပ်၏အမျိုးအနွယ်ပင်မဟုတ်ပါလော။ သို့သော်လည်း ချာကာ၏အမိန့်ကို မလွန်ဆန်ဝံ့—လွန်ဆန်လျှင် ကျွန်ုပ်၏ အသက်ရော—ကျွန်ုပ်နေထိုင်သော ရွာတရွာလုံးမှ ရွာသူရွာသားများ၏ အသက်ပါ စုပ်စ မြုပ်စ မြုပ်

ရမည်သာဖြစ်လေသည်။ ကျွန်ုပ်တို့အားလုံး အသောင်ခံရပြီး မြေခွေးစာဖြစ်ရသည်နှင့်စာလျှင်ကား မွေးဘွားစနိုဗာရဲကလေး တယောက်သေရခြင်းက တော်လှပေသေး၏။ မကြာမီအတွင်း ကျွန်ုပ်သည် ကျွန်ုပ်တို့ဘာသာစကားနှင့် အင်ပိုဆင်နီဟုခေါ်သော ဘုရင့်မိဖုရားဆောင် သစ်ခက်တဲနန်း သို့ ရောက်လာသောကြောင့် တဲဝတွင်းအစောင့်ကျနေသည့် စစ်သား များအား ဘုရင့်အမိန့်တော်အတိုင်း လာရောက်ရခြင်း၊ ဖြစ်ကြောင်း၊ ပြောပြလိုက်ရလေ၏။ တံခါးမှူးစစ်သားများသည် ကြက်ခြေခတ်ထွက်ပြီး တံခါးကို ပိတ်ထားသောလှံများကိုအောက်ချပေးလိုက်သဖြင့် ကျွန်ုပ်သည် တဲထဲသို့ဝင်ခဲ့၏။ တဲထဲတွင် အခြားဘုရင့်မိဖုရားများ အများအပြားပင် ရှိနေသော်လည်း ထိုမိဖုရား များသည် ကျွန်ုပ်ရောက်လာသည်ကို မြင်သည်နှင့် တပြိုင်နက် တခြားတပါးသို့ ရှောင်တိမ်းပေးကြ၏။ ချာကာ၏မိဖုရားမှန်လျှင် ယင်ဇိုပင် မသင်းရ၊ မိဖုရားများကလည်း ဘယ်ယောကျ်ားနှင့်မျှ မတွေ့ရ သောကြောင့် ဤသို့ကျွန်ုပ်ကို ရှောင်တိမ်းသွားကြခြင်းပင် ဖြစ်ပေသည်။ သို့ဖြင့် ကျွန်ုပ်နှင့်ဘာလေကာ နှစ်ယောက်တည်း တွေ့ဆုံခွင့် ရမိလေ၏။

အတန်ကြာသည့် တိုင်အောင် ဘာလေကာသည် အိပ်ရာ ပေါ်တွင် လဲလျောင်းနေ၏။ စကားမပြောဘဲရှိနေသော်လည်း သူ့ရင်ဘတ် တဖိဖိ ဖြစ်နေမှုကိုထောက်ရှုခြင်းဖြင့် စိတ်မချမ်းမသာ ဖြစ်နေမှု ရလေသည်။ ကျွန်ုပ်က—

“မပူပါနဲ့ကွာ—မကြာခင်—မင်း စိတ်ဒုက္ခ အေးငြိမ်း သွားမှာပါ။”

“ဘယ်ကလာ မကြာမင် အေးငြိမ်း ရမှာလဲ—မောင်ကြီး ဘာလုပ် လာတယ်ဆိုတာ ကျုပ်သိပါတယ်—မကြာခင် မွေးတော့မဲ့ ကျုပ် သား ကလေးကို သတ်ဖို့လာတာ မဟုတ်လား။”

“တာကတော့—ဘုရင့်အမိန့်တော် ပေကိုး ကွ။”

“ဘုရင့် အမိန့် တော် .. ဟုတ်လား—ဘာတဲ့လဲ—ဘုရင့် အမိန့် တော်က .... ကျုပ် မိုက်စွမှာ ဘာမှဝင်ပြီးပြောပိုင်ခွင့် မရှိတော့ဘူးလား။”

“မွေးလာမဲ့ ကလေးက ဘုရင့်သားတော်ပဲ။”

“ကျုပ်သားတော့ မဟုတ်တော့ဘူးလား။ ကျုပ်သားကိုကျုပ်မောင်ကြီး ကိုယ်တိုင်က ခွဲသွားပြီးသတ်တာကိုကြည့်နေရတော့မလား။ ကျုပ် မောင်

ကြီးကိုတော့ ကျုမ မချစ်ခဲ့ဘူးလား—မောင်နှမနှစ်ယောက် အတူတူလဲ ထွက်ပြေးလာခဲ့ကြတယ်မဟုတ်လား.....လွှန်ခဲ့တဲ့ ရက်များမကြာခင်ကလဲ ချာတာဘုရင် အလဲအလှည့်ချားတော့ ရှင့်ကိုသတ်မယ်လုပ်တော့ ကျုမက ချာတာကို မသတ်ပါနဲ့ အရှင်က မေ့ဝိုကိုမသတ်ပါဘူးလို့ ထားခဲ့ဘူးတဲ့ ဂတိကို သတိရပါအုံးလို့ နားတော် လျှောက်ခဲ့လို့ ရှင့်အသက် ရှင်နေတာမဟုတ်လား—ခုတော့ မောင်ကြီးက ဗီကျေးဇူးတွေကို ဆပ် ချင်တဲ့အနေနဲ့ ကျုမရဲ့ သားဦး ကလေးကို သတ်မလို့ လာခဲ့တာ ပေါ့လေ။"

"တာတာတော့—ဘုရင့်အမိန့်ပေကိုးကွ" ဟု ပြောလိုက်ရ ပြန်သော် လည်း ကျွန်ုပ်၏အတွင်းနှလုံး ဟာဒယမှာတော့ နှမ်ခြင်းကွဲလျက်ရှိပေတော့ ၏။

ထိုနောက်သော်ကား—ဘာလေးတာသည် မည်သို့မျှ ပြန်မပြောတော့ ဘဲ တဲနံရံဘက်သို့မျက်နှာလှည့်ထားကာ ငိုယိုပြည်ထမ်းနေလေတော့၏။ ထိုအခိုက်တွင် တဲအပြင်ဘက်မှ ချီးချီးခွတ်ခွတ် အသံကြားရကာ တဲဝ တွင် အရိပ်တခုထိုးသည်ကိုတွေ့လိုက်ရပြီးနောက် ဘုရင့်မယ်တော် အုန္နီ သည် တဲထဲသို့ ဝင်လာလေ၏။ကျွန်ုပ်မှာ—လွှန်လေပြီးသော အခါက ကျွန်ုပ်မိခင်က ငွားရို့မပေးဘဲ ပြင်းဆန် ဆဲရေးတိုင်းထွာခြင်းကိုခံရသော ချာတာ၏မိခင် အုန္နီပင်ဖြစ်လေတော့၏။ ကျွန်ုပ်က—

"မျို.....မယ်တော်ကြီး....."

"ဘာလဲဟေ့—မေ့ဝို—နေပါအုံး မင့်နှမက ဘာလို့ ငိုနေရတာ တုံလဲ။"

"ခင်ဗျားဘာသာမေးကြည့်စမ်းပါအုံးတော့ဗျာ"ဟု ပြန်ပြောနေခိုက် ဘာလေးတာက အုန္နီအား—

"ငိုနေတာကတော့ တခြားအကြောင်းမဟုတ်ပါဘူး။ မယ်တော်ကြီး ရဲ့သားတော်မြတ် ချာတာဘုရင်က ကျုမမောင်မေ့ဝိုကို မကြာခင် ကျုမ ဖွားမြင်မဲ့သားကို အသက်လှတ်လိုက်တယ်လေ—မယ်တော်ကြီးလဲ သား ဖွားခဲ့ဘူးတဲ့မိန်းမတယောက်ပါဘဲ။မယ်တော်ကြီးသားဖွားတုန်းကတော့

ချာကာဘုရင်မင်းမြတ် လူမယ်ကိုဘယ်သူကမှ သတ်ခဲ့လို့မရှိပါဘူး။ ကျွန်မ ကို ကယ်ပါအုံး မယ်တော်ကြီးရယ်။"

"အေးတွယ်—ချာကာကို မွေးစကသတ်ခဲ့မိယင် တောင်းမှာဘဲ—ဟို တုန်းကသတ်ခဲ့မိယင် လူတွေအသေအပျောက်နဲ့ပေါ့။ အသက် ရှင်ခွင့်တော့ ရကြမှာ အမှန်ဘဲ။"

"ငယ်ငယ်တုန်းကတော့—ချာကာ ဟာ နူးညံ့တဲ့ လူငယ် တယောက် ဖြစ်တာမို့ မယ်တော်ကြီးကလဲ တော် တော် တော့သားကို ချစ်ခဲ့မိတယ် ထင်ပါရဲ့။"

"ဝေးပိုက်တာအေ—ငယ်ငယ်တုန်းကများ ငါ့နို့ကိုတိုက်လို့တိုက်—ခပ် ပင်ကိုဆောင့်ဆွဲလို့ဆွဲနဲ့—ခု—ကြီးတော့လဲ ငယ်ငယ်တုန်းကသို့ မိုက်တာနဲ တာပါဘဲ၊ မထူးပါဘူး။"

"မယ်တော်ကြီးမှာ ကြီးမှ သေးပေးဒါးယူ ကျိုးစေသင့်ကြက်နှင်ဝ ခိုင်း စရာ မြေးတယောက်မှမရှိသေးပါဘူး။ အကျန် အသက်ခံနေရတော့ မယ် တော်ကြီးရဲ့ရင်သွေးတွေဒီသို့သောပြန်နေတာကို ဒီအတိုင်းကြည့်နေတော့ မှာလား—သားတယောက် ရှိမှနဲ့လဲ ချာကာဟာ စစ်တိုက်ယင်း ကျဆုံး သွားယင် မယ်တော်ကြီး ဘယ်သူ့ကို အားပေါ်လုပ်ရမှာပါလဲ စဉ်းစားပါ အုံး။"

"တာဝမှာ ငါ့သောက်ရှား—ဆင်ဇနဂါကိုနှာရဲ့ အဆက်အနွယ် သင့် မင်းကတော့ မိမ်းလန်း ဝိုပြေနေတုန်းပါဘဲ အေ... ချာကာဘုရင်မှာ ညီ တော်တွေရှိနေသေးသားဘဲ။"

"ဒီညီတော်တွေက ဘာအသုံး မဆဲကျဲ တချို့ မိန်းမတွေက မွေး ထားတွေမဟုတ်လား ... မယ်တော်ကြီးရဲ့ ရင်သွေးအစစ်တွေမှ မဟုတ်ဘဲ ဘဲ—လုပ်ပါ မယ်တော်ကြီးရယ်—တောင်းပန်ပါရစေ။ မိန်းမချင်းကိုယ်ချင်း စာတဲ့အနေနဲ့ ကျွန်မတလေးရဲ့အသက်ကိုကယ်တော်မူပါ။ တာမှမဟုတ် ယင်လဲ သတ်မဲ့သတ်ယင်ကလေးရော ကျွန်မရောမြှင်ဘူသတ်တော်မူကြပါ။"

ဤတွင် အနန္ဒီသည် သနားစိတ်ဝင်လာသဖြင့် ချက်ချည်းစဉ်းစား—ဝမ်း စပ်နှင့် ဖြစ်လာပြီး ကျွန်ုပ်အား—

“ဟဲ့—မေဥမို.....ငါဘယ့်နှယ် လုပ်ရပါ့မလဲ၊ ချာကာ ဘုရင်ကလဲ ကလေးသေ ကလေးကို ချက်ခြင်းကိုယ်တွေ့ မြင်ရမှ ဆေးတယ် ဟဲ့..... မပြီလို့ သူ့စိတ်မှာ မယုံသင်္ကာ ဖြစ်သွားမယ်လဲချာကာဟာ ဘယ်လိုရက်စက်တယ်ဆိုတာ မင်းလဲ သိသားဘဲ၊သူ စိတ်ဆိုးလာရင် တို့ နက်ဖန်ခါ ဘယ်သင်းချိုင်းမှာခေါင်းချကြရပါ့မယ်” ဟု ပြောလေ၏။ဘာခလေကာ အနေရမှာကတဲ့ပြီး စိတ်အားထက်သန်စွာနှင့်—

“တာဖြင့်—တိုင်းပြည်ထဲမှာ ဒီနေ့ ကလေးချက်နှာမြင်တဲ့ မိန်းမ တယောက်မှ မရှိတော့ဘူးလား၊မေဥမို့ရှာရွာဖော်ပေါင်ပေါ်ပါပြော၊ရှင့်—ထိုခ်မှာ မယားလုပ်တဲ့ မာကျိုးပါ ချက်နှာမြင်နေတယ် မဟုတ်လား၊ဟဲ—နှစ်ယောက်သုံးဘဲ ဥာဏ်နေသော ကြမ်ေတော့..... အရေ—အမှာဧးတဲ့ ကလေးနှစ်ယောက်ဘဲ အသေခံမလေး.....ကျမသား အသေခံရမလားဆိုဘာရွေးကြ၊မဟုတ်ရင်တော့ ရှင်တို့နှစ်ယောက်က ကျမဆီလာပြီး သားကလေးကို ကယ်တင်—ချာကာဘုရင်ကိုသတ်ဘို့လာကြံစည်ခဲ့တယ်လို့ ကျမ ချာကာဘုရင်ကို သံတော်ဦးတင်လိုက်မယ်—ဘာဘာ” ဟု ပြောကာ အိပ်ရာပေါ်တွင် ပြန်ပြီးလဲလျောင်း လိုက်ပြန်လေ၏၊ ကျွန်မ်နှင့် အနန္တ မှာ တယောက်မျက်နှာတယောက် မောကြည့်ကြည့်နေပြီးနောက် အနန္တ က—

“ဟဲ့.....မေဥမို—လက်ခပေးခါးမင်းလဲဒီကိစ္စမှာလျှို့ဝှက်ထားပါ့မယ်လို့ ငါ့ကိုဘဲသစ္စာဆိုရလိမ့်မယ်၊ ဒီခလေး အသက်ရှင်နေမယ် ဆိုရင် နောင်လ နောင်သို ထွန်းပြီး ခုလို တိုင်းပြည်ကြီးကို အုပ်ချုပ်မင်းလုပ်မှာဘဲ၊အဲဒီအခါကျယင် မင်းဟာ—ဒီခလေး အပေါ်မှာ ကျေးဇူးပြုဘူးပြီး နေတဲ့သူလို ဘုရင့်ဘုန်းမိဖုရား၊ တိုင်းပြည်မှာတန်ခိုးအကြီးဆုံးလူ တယောက်ဖြစ်လာနိုင်တယ်၊ဘာမေမဲ့ —အေး—မင်းသစ္စာဖေါက်ပြီး ဖေါ်ထုတ်လိုက်မယ်ဆိုယင်ခတော့သတိထားနော်.....သေစေချာ်နှိုယင် ငါတယောက်ထဲတော့မသေနိုင်ဘူး၊မေဥမို့၊”

“အို..... မယ်တော်ကြီး ကျွန်တော်—ဘယ်သူ့ကိုမှမပြောဘူး ဆိုတာ ကျမ်းကျိန်ပါတယ်ခင်ဗျာ၊”

“အေး—ဒီလိုဆိုယင် ကောင်းလှသ”ဟု ပြောရာ ဘာခလေကာ က—

"ကျေးဇူးပါဘဲ ဆင်ကိုကြီးရယ်။ ကဲ–ကဲ–လုပ်စရာရှိတာ ခပ်မြန်မြန် လုပ်ချေတော့။ ဒီကိစ္စမအောင်မြင်သေးလို့ရှိတော့–ကျုပ်..... မသေနိုင်ဘူး။ ဆင်ကိုကြီးကို မရိုယာယ်နဲ့ လုပ်ကြရလိမ့်မယ်။"

သို့ဖြင့်ကျွန်ုပ်သည် တဲပြင်သို့ထွက်ခဲ့ရလေ၏။ တဲဝတွင်စောင့်နေသော တံခါးမှူး စစ်သားများက—

"ဘယ်သွားမှာလဲဗျ" ဟုမေးလေ၏။

"ငါ ဆေးဝါးတွေ သွားပြီး ယူမလို့ကွဲ့" ဟုပြောခဲ့ရပေ၏။ စင်စစ် အားဖြင့်ကား ကျွန်ုပ်၏စိတ်သည် အလွန့်အလွန် လေးလံနေပေ၏။ ဤ ကိစ္စကို ကျွန်ုပ် လုပ်လည်းမလုပ်ချင်–လုပ်ခဲ့သော်သည်လည်းမျှ၊ ကျွန်ုပ် ၏ ရင်သွေးတယောက်ကို သတ်ပြီး ဘာလေကာအိသားကို ကယ်တင်ရ မည်ဆိုသည်မှာ အလွန့်အလွန် ဝန်လေးလှပေတော့၏။ ချာလကာဘုရင်၏ အမိန့်တော်ကို လွန်ဆန်ရမည် ဆိုသည်မှာလည်း မစဉ်းစားဝံ့လောက်အောင် ရှာပင်—ဤ အကြံအစည်ကို ကျွန်ုပ်မည့် အစား ဆိုလျှင်ကား—ဤမျှ ရက် စက်ကြမ်းကြုတ်လှသော ချာကာအိတိုင်းပြည်တွင်မနေတော့ဘဲ–ရပ်ဝေး ရပ်ခြား ဇာနပုဒ် ကျေးရွာငယ် တရွာသို့ ထွက်ပြေးကာ ရုပ်စမြပြစ်မြ ပြန် နေရသည်ကပင် ကောင်းပေလိမ့်ဦးမည်။

ကျွန်ုပ်နေထိုင်သောတဲသို့ ပြန်ရောက်သော အခါတွင်ကျွန်ုပ်၏ မိန်းမ မာတာရိုဇါသည် အမွှာပူး မွေးဖွား မြင်နေ သည်ကိုတွေ့ရ လေ၏။ သို့ ဖြင့်ကျွန်ုပ်သည် တဲထဲ၌ရှိအခြားလူအားလုံးကို နှင်ထုတ်လိုက်ပြီး မာတာရိုဇါ နှင့်အတူ လွန်ခဲ့သည့် ရှစ်ရက်နေ့ကမှ သားတယောက် မွေးဖွားမြင်သော မယား အာနုတ်ဗီတို့ရှိသော တဲထဲတွင်နေခဲ့ပြီလေ၏။ အမွှာပူးမွေး သော ဒုတိယကလေးငယ်မှာ အသေကလေး မွေးလာခြင်းဖြစ်ပေ၏၊ အ ကြီးကလေးမှာကား–မိန်းကလေးဖြစ်၍ ကြီးပြင်းလာသောအခါ ဝက္ကာမ အဲ့ရ နာမည်ကျော်သမီး ဖြစ်လာခဲ့လေသည်။ ဤတွင်ကျွန်ုပ်စိတ်ထဲတွင် စိတ် ကူးတခုရမိသဖြင့် အာနုတ်ဗီအား—

"အသက် သေရက်နဲ့ မွေးလာတယ်ဆိုတဲ့ ကလေးကလေးကို ပေး စမ်းပေ—ဒီကလေးဟာ သေသေးတာ မဟုတ်ဘူး—ငါရှာပြင်သွား ပြီး ငါ့ဆေးတန်ခိုးနဲ့ အသက်သွင်းပေးလိုက်အုံးမယ်။"

“အဒိုတွေလုပ်မနေစမ်းပါနဲ့ရှင်—ကလေးက ဝမ်းထဲကတည်းက သေ လာတာပါ။”

“ဟုတ်—ကောင်းများပေါ့ဘာ။ ပေးမှာသာ ပေးစမ်းပါ” ဟု ပြောပြီး ကလေးနှင့် ဆေးဝါးများကို ယူလိုက်လေ၏။ ကလေးသေကို ဓာတ်ဆေးစိမ်ထည့်ကာဘာဇာနဲ့ဆေးစိမ်ကို ဖါတေရာထဲ သည့်ပြန်ပြီး မယားနှစ်ယောက်အား—

“ဟေ့—ငါပြန်မလာခင် ဒီထဲကို ဘယ်သူမှ မဝင်ကြစေနဲ့နော်—အမ္မာဘူးမွေးတဲ့အကြောင်းနဲ့ နောက်ကလေးက ကလေးသေကလေးဖြစ်နေတဲ့အကြောင်းကိုလဲ ဘယ်သူ့ကိုမှ မပြောကြနဲ့။ ဒီထဲကို လူစိမ်းဝင်ခွင့် မပြုနဲ့—ဘာမှ မဟုတ်—အမ္မာဘူးမွေးတဲ့အကြောင်းနဲ့ ထယောက်က—အ သေကလေး မွေးတဲ့အကြောင်း သတင်း ပေါက်ကြား သွားရင် ငါ့ဆေး တန်ခိုး ပျက်ပြီး ကလေးသေ ကလေး ပြန်ရှင်လာမှာ မဟုတ်ဘူး—နား လည်လား။”

သို့ဖြင့် ကျွန်ုပ်သည် မိန်းမနှစ်ယောက် ဖုံးအုပ်ထားသင့်သော မျက်နှာနှင့် ပါးစပ် အပေါက်ဝသား ဖြစ်နေရိုက်တွင်ပင် ဘုရင် မိဖုရားများ လေးဆော မိဖုရားဆောင်သို့ ထွက်ခဲ့လေ၏။ ထိုတံခါးစောင့် လုလင်တို့အား—

“ဟေး—ငါ—ဆေးဝါးတွေ ယူလာခဲ့တယ်။”

“ဟာဖြင့် ဝင်ခွင့်ပြုပါတယ်။ ဝင်ပါ။”

ထိုထဲတွင် ဘာလေလေသာ၏အနီး၌ ဒုနှစ် ထယောက်ထည်းသော မှီနေ လေ၏အုန်းနှို့ကာ—

“ဘာလေကာမှာ—ကလေးတော့ မျက်နှာမြင်နိုင်ပြီ ဟေ့—ကလေး ကို ကြည့်စမ်းပါအုန်း မေ့မိုရာ—”

ကလေးမှာ သန်မာထွားကြိုင်းပြီ။ မျက်လုံးက ချာကာ၏ မျက်လုံးနှင့် ဆပ်တူ တည်း တူနေလေ၏အုန်းနှို့ကာ—

“မင့် ကလေးတော့ ပါရဲ့လား။”

ဤတွင် ကျွန်ုပ်သည် ဓါးထဲတွင်ဆေးဝါးများနှင့် ရောထွေးပြီးယူလာ သော ကလေးသေကလေးကို နံဘေးချယာသို့ ကျီးကြည့် ကြောင်ကြည့် ကြည့်ရင်း ထုတ်လိုက်ပြီး—

မှောင်မိုက်နေလေးတာခုသည် တခဲခဲခြေး နီးလာသည်နှင့်အမျှ မိန်းမ တယောက်၏ ပုံမှန်းသော ကျောခုကို ပေါ်ပြလာထဲ၌လေ၏၊ ယခုသော်ကား—၎င်းပုံသဏ္ဍာန်သည် ညှိုးနွမ်းသော်ပုံသဏ္ဍာန်ဖြစ်သည်ကို ကျွန်ုပ် ကောင်းစွာ သိပါပြီ၊ ၎င်းပုံသည် အခြားမဟုတ်၊ ကောင်းကင်ဘုံ၏ ကေရုဗ်ဘုရင်မ ဖြစ်သော ကျွန်ုပ်တို့၏ ဝိညာဉ်တော် အင်ကိုဆိုဇာမှာ ဇူလူ၏ ပုံပင် ဖြစ်ပေတော့သည်၊ ကောင်းကင်ဘုံ၏ကေရုဗ်ဘုရင်မသည် ကျွန်ုပ်တို့ ရှိရာဆီသို့ မျက်နှာမူကာ လှသောပုံကြီးကို ဖြတ်သန်းပြီးလာနေရာ၏ လှသောဝိညာဉ်၏ အဖိုးအရောင်များသည် သူ့နောက်မှ တရွေ့ရွေ့ ကပ်ပြီး လိုက်နေကြလေ၏၊ ကောင်းကင်ဘုံ၏ ကေရုဗ်ဘုရင်မ၏ ဆံကေသာများသည် ရွှေရည်မြှင် ငွေရည်မြှင်များပမာ တလူလူ မြိန်လွင့်နေကြ၏၊ မျက်လုံးတော်၏အရောင်များကား သောက်ရှူးကြယ်ပွင့် နှောင်ကူပြင်တွင်း နေသည့်ပမာ ဝင်းဝါလင်းနေပြီး အသားတော်၏အရောင်သည် ဝါဂွမ်းဆိုင် ဆီးနှင်းဆိုင်များပမာ ဆွတ်ဆွတ်ဖြူနေလေသည်၊ ငွေစင်အားဖြင့် ကောင်းကင်ဘုံ၏ ကေရုဗ်ဘုရင်မ၏ သွင်ပြင်ရုပ်ကာမှာ အသည်းနှလုံး ကြေမွှန်းလောက်အောင် လှပ ချောမွေ့လှသောကြောင့် ကျွန်ုပ်သည် အသက်နှင့်ကိုယ်နှင့်ဖြစ်နေရာ၏ သူ့ ရုပ်ကိုကိုမြင် မြင်တွေ့ရခြင်းကြောင့် နှလုံးဖိုဘို ဂွမ်းဆီထိလျက်ရှိပေတော့သတည်း၊

ကောင်းကင်ဘုံ၏ ကေရုဗ်ဘုရင်မသည် ကျွန်ုပ်တို့နှင့် နီးကပ်လာသောအခါချောအသည်ကြောက်၍ ထိတ်လန့်ခြင်းပြင်းပြလှသောကြောင့် ခေါင်းကို လက်မောင်းထဲတွင် ဝှက်၍ ပုန်းနေသော်လည်း ကျွန်ုပ်ကား မကြောက်၊ ငွေစင်အားဖြင့်မှုကား မကောင်းမှု ပြုကျင့်သူများ သာလျှင် ကောင်းကင်ဘုံ၏ကေရုဗ်ဘုရင်မကို မျက်နှာချင်းဆိုင်ရန် ကြောက်ရွံ့ရမြဲ ဓမ္မတာမဟုတ်ပါလော၊ ထို့ကြောင့်ကျွန်ုပ်သည် နေရာမှထကာ မတုန်မလှုပ် စိုက်ကြည့်နေရာ၏ ကေရုဗ်ဘုရင်မ၏ လက်ထဲတွင် လှံတိုတစ်စင်း စွဲကိုင်ထားသည်ကို တွေ့ရလေသည်၊ ထူးသည်အား ထိုလှံသည် မယ်တော်ကြီးအုန်နာ၏ အား ရက်ရက်စက်စက် ထိုးခုတ်သတ်ဖြတ်ခဲ့သောချောအ၏ လက်ထဲတလှံတို့နှင့် တထေရာတည်းတူးခြင်းမင်းဖြစ်ပေ၏၊ ထိုနောက်သော်ကား ကေရုဗ်ဘုရင်မသည် ကျွန်ုပ်ရှေ့တွင် ခေါင်းငုံ့ပြီး ဝပ်နေ

သောချာထောင်းမျှပြင်ကို လှ ထိုနှင့်တို့ပြီးစကားပြောလျက် ရှိလေတော့၏။ သို့သော်လည်း ချာကာသည် ကောရစ်ဘုရင်မ ပြောသောစကားကို မကြားချေ။ ဤစကားများသည် ကျွန်ုပ်ဘဦးဘည်း နားလည်ကြောင်းဖော်ပြသော စကားများသာ ဖြစ်သောကြောင့်ချာကာ ဘာမျှမကြားရခြင်း ဖြစ်သတည်း။ ကောရစ်ဘုရင်မက—

"မာဝေကာမာ၏ သား ဖြစ်သော အမေဝင် မေ့ဘို။ ချာကာသည် ကြမ္မာမကုန်သေးသူ ဖြစ်ချေ၏ တရ့—ခေတ္တ စောင့်ဆိုင်း ၄ လင်ပြီး လော့......လေမုန်တိုင်းကို စီးပြီး မောက်သို့ ဆင်းလာသော ငွေအား သုံးကြိမ်သုံးခါမြင်တွေ့ရသောအခါ၌ သင်သည် ချာကာအား ကျွပ်ချက် လေလော့"ဟုပြောလေ၏။ထိုအခိုက်တွင်ပင် ကောင်းကင်ဆို ထွန်းလင်းစွာသာ နေသော လမင်းကို ထိမ်တောင် ထိမ်လိပ်များ ဖုံးအုပ် သွားသောကြောင့် လောကတခွင်လုံး မင်တုံးမင်ညှပ်ပဲ မှောင်အတိကျသွားလေ၏။ လပြန်ပြီးသာလာသောအခါတွင်ကား—ကောရစ်ဘုရင်မသည် နေရာတွင် ပျောက်ကွယ်သွားပြီဖြစ်သောကြောင့် ကျွန်ုပ်နှင့်ချာကာ၌ ခံသောက်ထည်။သော လူသေပုံကြီးကို ချက်နှဘရုဘေးဆိုင်ယင်း ကျန်ရစ်ခဲ့ကြ လေ၏။ ချာကာသည် ကြောက်ရွံ့လှသောကြောင့် ဖျော့တော့ နေသောမျက်နှာနှင့် ကျွန်ုပ်အားမေ့ကြည့်ယင်း—

"မေ့ဘို—အခုက ဟာ ဘယ်သူလဲကွ—ဟင်။"

"ဒီဥစ္စာဟာ ကျွန်တော်မျိုးတို့ လူသားတွေကို အုပ်ချုပ်တဲ့ ကောင်းကင်ဘုံရဲ့ ကောရစ်ဘုရင်မ, အင်ကိုဆီဇာသခင်ရဲ့ဖြစ်ပါတယ် အရှင်မင်းကြီး။လူ့ပြည်မှာ ရေးကြီးခွင်ကျယ် ကိစ္စအရေးအခ ပေါ်ပေါက်တော့မဲ့ အခါတိုင်း လူတွေဟာ ဒီကောရစ်ဘုရင်မကို မြင်တွေ့ရတာလေ့ ရှိပါတယ်။"

"အေး ...ဒီကောရစ်ဘုရင်မရဲ့ အကြောင်းကို ငါကြားဘူးရဲ့ တယ်။ သူ ဘယ်ကလာတာလဲ—ဟင်။ သူဆိုတဲ့ သီချင်းရဲ့ အဓိပ္ပါယ်က ဘာတဲ့လဲ—ဘာဖြစ်လို့ သူက ငါ့ခေါင်းကို လ နဲ့ တိုရတာလဲ။"

"သူရောက်လာတာ ကတော့ အရှင် မင်းကြီးလဲ အမြင် သားဘဲ၊ ဘာလေထုရဲ့ လက်က လက်ညှ ညွှန်ပြီး ခေါ်သို့ ရောက်လာတာဘဲ။ သူဆိုတဲ့ သီချင်းရဲ့ အဓိပ္ပါယ်ကတော့ ကျွန်တော်မျိုး အဓိပ္ပါယ်မပြန်တတ်

ပါဘူး။ မင်းကြီးရဲ့ဦးခေါင်းကို လှူ ခဲ့လို့တဲ့။ အဓိပ္ပါယ်ကဘော့ အရှင်မင်းကြီးကို လက်ရှိဘဝထက် မြင့်မြတ်တဲ့ နေရာ တနေရာရာမှာ မင်းမြောက်ဘို့ကြိုးစားချင်ရှိပုံရှာပေါ့။"

"မဟော်ဘေဘ သေမင်းတိုင်းပြည်မှာ မင်းမြောက်ယင်ဘော့ အတော် သားပဲ။"

"အို—ဘာခေဘော့ အရှင်မင်းကြီးဟာ အခုလဲသေမင်းပြည်ကိုစိုးစံနေတာဘဲမဟုတ်လား"ဟု ကျွန်ုပ်က သူကိုယ်တိုင် ညာနေကာ သတ်သားသေသလိုသဘောကောင်း မုဲကြီးကို ကြည့်ပြီး ပြောလိုက်ရာ ချာကာသည် ခုဘိသာ အပြုံးမြောက် တုန်လှုပ်ချောက်ချားသွားပြန်ပြီ......

"ကဲ—မေ့ပို့ သွားကြရို့ကွာ၊ ငါ့ထံ—အခုဘော့ ကြောက်ဘာဘာဘာလဲဆိုဘာနားလည်လာပါပြီ။"

"လူတိုင်းဟာ အခန့်နဲ့အမြန့် အကြောက်တရားကို ရင်ဆိုင်ကြရစမြဲကြိုစည်ကြရစမြဲဖြစ်ပါတယ်—အရှင်မင်းကြီး"ဟု ကျွန်ုပ်ကပြန်ပြောပြီးနောက် နှစ်ယောက်သား တုံကို ဘာဝေ ခဲမဆိတ်နှုတ်ပင် ဆိတ်ငြိမ်နေခဲ့ကြလေ၏။

ဤအချိန်မှ နောက်နှောင်းသောအခါတွင်ကား—ချာကာ ဘုရင်မင်းမြတ်သည် ညစဉ်ညတိုင်း စက်တော်ခေါ်ချိန်ရေး ပြီးမြဲ့ ကြောက်ရွံ့ထိတ်လန့်နေကာ အိပ်စက်တိုင်း—အိပ်စက်တိုင်း ဘာလေထောင်နေမည်ကို အကြောင်ကြောင် ခေါ်ယင်း လန့်လန့်နိုးနေသောကြောင့် သူနေထိုင်သည့် ပိဘန်မတ်ကလောကျွန်းမှာ လူမြေစားခံနေရပြီဖြစ်ကြောင်းကြားဘော အလွန်ဝေးလံလှသော ဤနက်ဘယ်ပြည်နယ်ထဲသို့ လာ၍ ဗျူဂျီလာ မြို့တော်သင်္ကို တည်ထောင် နေထိုင်လေတော့၏။

ဗျူဂျီလာမြို့တော်ကိုတည်ထောင်ပြီးသော်လည်း ချာကာသည်မငြိမ်းနေဘဲ စစ်ချည်းထွက်တိုက်နေလေ၏။ သူသည် ပွန်ဇိုလူမျိုးများအား တမျိုးလုံး ပြတ်ပြတ်ငြိမ်းအောင်တိုက်ခိုက်နှိမ်နင်းခဲ့၏။ ထိုမှသာမက လင်ပိုပိုနယ်မြောက် နေထိုင်သော ဆိုတိုယန်ဂါမှာ ဘုရင်အား တိုက်ခိုက်ရန်လည်း စစ်သည် အမြောက်အမြားစေလွှတ်ခဲ့လေသည်။ ဆိုတိုယန်ဂါမှာ ဘုရင်အား တိုက်ခိုက်မည့် ချာကာ၏စစ်သည်တော်များသည် သွားရောက် ကိုက်ရုက်ထုတ်

သည့် ဖခဲ့ မခရမ ဒွက် နိုင်လောက်အောင် ဒုဂ္ဂဇာသူ၏ ထွက်ခွါ သွားခဲ့ကြ၏၊ သို့သော်လည်း ထိုစစ်သားများသည် စစ်ထွက်စဉ် စစ်ပွဲ အခရေးရှုံး၍ နိမ့်ကျသူအများကို မသိကြချေ၊ သူတို့သည် လင်ဖိုရိုဥယျာဉ်များ ထဲတွင် တော်မှတ်ခေါင်းပေါ်မှကြီး သော၊ ဆိုက်ကာ အသက် ပျောက်ရမည့် အရေးကို မစဉ်းစားမိကြ၊

ဤသို့စစ်ထွက် သွားကြသောကြောင့်လည်း၊ ဒုဂ္ဂဇာတွင် ယောက်ျား ဟူ၍ အသားမတတ်မဟုတ်မကျန်ခဲ့ကြ ဘို့နှင့် ဘဝလေးများ မိန်းမများသာ ကျန်ရစ်ခဲ့၏၊ ချာကာဘုရင်ကြီး၏ ဒေဝီများဖြစ်ကြသော ဓင်ဂန်နှင့် အနန်မလေနဂန်ဒှာ မင်းသားများလည်း ဒုဂ္ဂဇာတွင်ကျန်ရစ်ခဲ့၏၊ အဘယ့်ကြောင့် ဆိုသော် ချာကာသည် ညီတော်များအား စစ်ထွက်စေလျှင် မိမိအား နန်းကန် သောင်းကျန်းကြမည့်အရေးကို ပေ့နေတာ စိုးရိမ်သောကြောင့် စစ်ထွက်ခွင့်မပေးခဲ့ချေ၊ အခါမရွေးလည်း ညီတော်နှစ်ယောက်အား သီသာ မထင်းသော ချုပ်နှောင်သားနှင့် ကြည့်ဘဲ သည့်ဖြစ်ရာ ဓင်ဂန်နှင့် အနန်မလေနဂန်ဒှာတို့မှာ အမိုက်အမှောင်ကိုကြည့်ပြီးသော နေကြရကုန်တော့၏၊ သို့သော်လည်း ဓင်ဂန်နှင့် အနန်မလေနဂန်ဒှာ မင်းသားတို့၏အမိုက်အကဲကို မိမိ သောကြောင့် ကျွန်ုပ်သည် ဘိုးခင်းသား နှစ်ပါးနှင့် အမြဲတစေပေါင်းသင်းကာ သူတို့၏ လျှို့ဝှက်သော အကြံအစည်နှင့် မက်သက်ပြီး မြင်တိုင်းပင် နှုန်းနှော နေခဲ့လေ၏၊ သို့သော်လည်း ယခုအသော်အား ဒုဂ္ဂဇာမြို့သို့ မာဆီသို ဆိုက်ရောက်လာပုံကို ဖော်ပြရပေလိမ့်မည်၊ မာဆီသိုကား အခြားမဟုတ် ရဲဘောင်လူမျိုးများနေထိုင်သော ရဲဘောင်းမှာတွင် ရဲဘောင်းပိုင်ရှင် ဂျီကီဇာ၏ မယားပေါ သမီးဇော်ဒီတာတို့ ထက်ထပ်ထိ ယှဉ်ကြိုးပေါ်နေ့မိုက် အန်သြဇာလိုပိုတ် ရဲဘောင်းပိုင်ရှင်ဘသည်ဖြစ်ကလာသောကြောင့်ထွက်ပြေး တိမ်းရှောင် လာရသည့် မာဆီသိုပင်ဖြစ်ပေ၏၊

မာဆီသိုသည် ချာကာ၏စစ်သည်တော်များ စစ်ချီသွားပြီး နောက်တနေ့တွင်ရောက်လာကာ ချာကာဘုရင်နှင့် တဘားမြွည်ပြောဆိုကြောင်း ရှင်းပန်း၏၊ ထို အခိုက်က ချာကာ ဘုရင် သည် ညီတော် ဓင်ဂန် အနန်မလေနဂန်ဒှာတို့နှင့်အတူ သူ၏ ထဲနန်းတော်တွင် ထိုင်နေခိုက်ဖြစ်၏၊ ကျွန်ုပ်မှာလည်း အချို့သောအတိုင်ပင်ခံလူကြီးများနှင့်အတူ သူတို့ အပါး

တွင်ရှိနေလေသည်။ ချာကာမှာ ဇိမ်စက်မပျော်သောဂျေရာဂရွှဲကပ်နေသဖြင့် ပင်ပန်းနွမ်းရိလျက်ရှိရှာ မာဆီလိုအားအလွယ်တကူပင် ဝင်ခွင့်ပြုခဲ့လေ၏။ သို့ဖြင့် ကြာမြင့်စွာမှ ဝမ်းမြောက်ဖွယ်ရာ ပြန်တွေ့ရသော မာဆီလိုသည် ဘုရင်ကို နှီးပင့်ဖြေသဲစောင် စကားကိုပြောတာ ဘုရင့်ရှေ့ တော်သို့ဝင်လာပြီး ၎င်းက ဖေါ်ပြခဲ့ပြီးဖြစ်သည့် အနေနှင့်ဘိုလ်ပိုဂတ်ရဲ့ဘင်းကြီးကို ပိုင်သွားမှု အလုံးစုံကို သံတော်ဦး တင်လေ၏။ ချာကာမှာ ရဲဘင်း လူမျိုးများအကြောင်းကို မကြားဘူးချေ။ အဘယ့်ကြောင့် ဆိုသော် ရဲတင်း လူမျိုးများ နေထိုင်သောတိုင်းပြည်မှာ ခရီးလမ်းတာ လွန်စွာ ကွာလှမ်းလှသောကြောင့် ဖြစ်ပေ၏။ သို့ဖြင့် သူသည် မာဆီလိုအား ရဲဘင်း လူမျိုးများအကြောင်းကို ဂုံစေ့စေ့ မေးမြန်းနေလေသည်။ မာဆီလို ကလည်း မေးသမျှမြန်းသမျှ ရဲတင်းပိုင်ရှင်များချမ်းသာကြွယ်ဝမှု စသည်အကြောင်းအရာကောင်းမှု တို့ကို ပြောပြရာ ချာကာသည်–

"တဲ–မာဆီလို ထကွာ— မင်းပြောတဲ့ ရဲထင်းလူမျိုးတွေဆီကို သွားပြီးတော့–ငါ ကိုယ်တော်မြတ် ချာကာဘုရင်ဟာ ဇီ ဗျူလူဘာ့မြို့မှာ ရှိလေရဲ့ ရဲဘင်းလူမျိုးတိုင်းဟာ ရဲဘင်းပိုင်ရှင်ဖြစ်တဲ့ ဘုရင်ကို လာကြ ပူနှင့်ကန်ပြီးတော့ ရဲဘင်းကြီးကို ငါ့လက်ထဲ အပ်ဖို့ဖို့မအပ်ဖို့ ငါ့ထိုယ်တိုင်လာပြီး သုတ်သင်ရလိမ့်မယ်ဆိုတာ သွားပြီး ပြောချေစမ်း။"

မာဆီလိုသည်ချာကာခိုင်းစေသည့်အတိုင်း သွားပါမည်ဟု ပြောသော်လည်း စဉ်စားဖြင့်မှုကား သူသည် ခရီးဘင်းတာ ကွာလှမ်းမှုကြောင့်ထကြောင်း ရဲတင်းလူမျိုးများရှေ့တွင် ရှုံးနိမ့်မည့်ပြဿနာ စသောကြောင့် တကြောင်းတွေးဆုတ်ဆုတ် ဖြစ်နေရာ ချာကာက–

"သွား ... သွား ... မြန်မြန်သွား—အရက် (၃၀)အတွင်း မှာ မင်းကို ပြန်ရောက်လာတာကိုမတွေ့ရင် အချိန်အတွင်းမှာ ပြန်ရောက် မလာသင်တော့ . ခေါ်—မင်းဆီ ကိုရော—ပို့ရဲတင်းပိုင်ရှင်ဆီကိုရော သုတ်သင်ဖို့ ငါ့လူတွေ ရောက်လာကြလိမ့်မည်။"

သို့ဖြင့်ပင် မာဆီလိုသည် ခိုင်းစေသည့်အတိုင်းထွက်သွားခဲ့ရာ ချာကာသည် ဤကိစ္စကို နောက်ထပ်တစ်ခွန်းမှမပြောမူ မေ့တော့ချေ။ သို့သော်လည်း ကျွန်ုပ်မှာကား ရဲတင်းပိုင်ရှင် ဂျူကီလာနှင့် သာအယ်ဖော်ကို တိုက်

ရိုက်ပြီး ရဲတင်းကို လုယူနိုင်ခဲ့သော မာဆီသိုပြောသည့် သူငယ်ကလေးမှာ မည်သူမည်ဝါဖြစ်လေမည်နည်းဟု မတွေးတောနိုင်ခဲ့လေ၏။

ထိုနေ့တွင်ပင် ကျွန်ုပ်သည် ကျွန်ုပ်၏မိန်းမ မာဘာနှင့် သမီးဖြစ်သူ ဝဏ္ဏပပ တွဲ့ရသော နာခါတိုသေဆုံးပြီဟု ဆိုသော သတင်း ထူ ရသည့် ကြားရလေ၏။ ထိုသတင်း မည်မျှမှန်ကန်သည်ကို မသိရသော်လည်း ကြားရသမျှမှာမူကား ဟာလာကာဇာဘုရင်သည် မာဘာရှိရာနန်းဆောင်သို့ နေ့သိုင်သောရွာသို့လာရောက်ပြီး တချက်လှီးကိုသတ်သွားသည်ဟု ကြားရပေ၏။ သို့သော်လည်း ကျွန်ုပ်မှာကား များစွာ ရင်ကျိုးခြင်းတော့ပေ။ ဤမျှ မှုမော်ဒူတွ များပါတို့ကို ထပ်ခါတလဲလဲတွေ့ခဲ့ရသော ကျွန်ုပ်မှာ ရင်ရည် ကျရန်အတွက် အရေထူနေခဲ့လေပြီ။

—★—★—★—

## အခန်း–(၂၀)

ဤနည်းနှင့်နှင့်အတိုင်း ရက်ပေါင်း(၂၁)ရက် ကုန်လွန်သွားပြီးနောက် (၂၉)ရက်မြောက်သောနေ့တွင် ချာကာသည် အိပ်မက်တခု မြင်မက်သည် ဟု အကြောင်းပြကာ မြို့တော်ထဲမှမိန်းမအချို့ သူ၏နှမတော်ဟု အမည် ပေးထားသော မိဖုရားအချို့ အားလုံးပေါင်းမိန်းမတရာခန့်ကို ဖမ်းဝေ လေ၏။ သူမည်ကဲ့သို့အိပ်မက်မြင်မက်သည်ကို ကျွန်ုပ်မသိပေ။ ထိုစဉ်က ချာကာသည် ခဏခဏ အိပ်မက်မက်တတ်၍ မက်တိုင်း မက်တိုင်းလည်း လူများကို ကွပ်မျက်သတ်ဖြတ်မြဲဖြစ်လေသည်။ ချာကာသည်သူ၏တဲနန်း ရှေ့တွင်ထိုင်နေ၍ သူ၏ဝိတက်ငွင်စုပ္ပံမှာရောက်ရှိနေသောမိန်းမများသည် ကြောက်အားလန့်အားနှင့်ခေါ်မားလျက်ရှိကြလေသည်။ ကျွန်ုပ်မှာလည်း အပေါ်း တွင်ရှိနေသဖြင့် မိန်းမတယောက်ပြီ အနေသာဘိမ္မီအား ချာကာ၏ရှေ့တော် မှောက်သို့သွင်းသည်ကိုတွေ့မြင်ရလေ၏။ ချာကာက ရှေ့တော်သို့ ရောက် လာသောမိန်းမတိုင်းအား သူတို့အိမ်တွင် ကြောင်တကောင်ရှိ မရှိမေးမြန်း လေ၏။ အချို့က ကြောင်ရှိကြောင်းပြောကြပြီး အချို့တကြောင်မရှိပါဟု

ရှိကြ၏။ အချို့ကမူ ကြောက်ရွံ့ထိတ်လန့်လှသောကြောင့် မည်သို့မျှ ပြန်မဖြေကြဘဲနေကြ၏။ သို့သော်လည်း မည်သို့ပင် ဖြေသည်ဖြစ်စေ အားလုံးသော ဒိန်းမတ်မှာ တခုတည်းသော လမ်းသို့သာ လျှောက်ကြရလေကုန်၏။ ထိုလမ်းကား အခြားမဟုတ်—သေခြင်းတရားပင် ဖြစ်လေတော့သတည်း။ ထိုနေ့ တနေ့တည်းတွင်ဒိန်းမပေါင်း(၆၃)ယောက် အသက်ခံရပြီးနောက် နောက်ဆုံးဒိန်းမယ် တဦး၏အလှည့်သို့ ရောက်လာသော အခါတွင် ဒိန်းမယ်သည် ပါးနပ်လိမ္မာသူ ဖြစ်သောကြောင့် ချာကာ၏ ကြောင် ရှိမရှိ မေးမြန်းသော မေးခွန်းကို ဖြေကြားရာ၌ သူ့ အိမ်တွင် ကြောင်တကောင်သုံး မရှိသော်လည်း ကောင်ဝတ်ခနဲ့တော့ ရှိသည်ဟု ဖြေကြားကာ ခါးတွင်ဝတ်ထားသည့် ကြောင်ခရက်ကို ပြလေ၏။ ဤတွင် ချာကာသည် သဘောကျလှသဖြင့် လက်ခုပ် လက်ဝါး တီးကာ ပြုံးပြုံးရွှင်ရွှင်ရယ်မောပြီးနောက် ထိုနေ့အတွက် နောက်ထပ်ဒိန်းမများကို မသတ်တော့ဘဲနေလေသည်။

ထိုနေ့ညနေတွင် ကျွန်ုပ်သည်ချာကာအားသတင်းပို့ရန်အခွင့်အရေးကို စောင့်မျှော်ရလွန်းသောကြောင့်စိတ်မရှည်နိုင်ဘဲဖြစ်နေမိသဖြင့်ဘုရင့်ဝဇာမှ ပြင်ဘက်ရှိ တောင်စွန်း တခုဘက်ဆီသို့ ထွက်လာခဲ့၏။ တောင်စွန်းသို့ ရောက်သောအခါ အမြင့်ဆုံး ကျောက်ဆောင်ပေါ်သို့ တက်ပြီး တောင်ဘက်နှင့် မြောက်ဘက်အရပ်ရှိ ကွင်းပြင်ကြီးကို မျှော်ကြည့်နေလေသည်။ နေသည် ညဘက်သို့ တဖြေးဖြေးလှုလာခဲ့လေပြီ။ လေသည် ငြိမ်သက်လွန်းမလှ ငြိမ်သက်ခြင်းကို ဖောက်ခွဲခြင်းဖြင့် မကြားမိအတွင်း ရုန်းတိုင်းကျရောက်တော့မည်ကို ခန့်မှန်းနိုင်ပေ၏။ ဝင်လှုဝင်ဆဲ နေမင်း၏ နီရွေးသောရောင်ခြည်သည် လောကတခွင်လုံးကို သွေးသံတို့ဖြင့် ပက်ဖျန်းထားသကဲ့သို့ ရှိနေလေ၏။ ခဏမျှ ကြာသောအခါ တိမ်တောင် တိမ်လိပ်များသည် ဝင်လှုဆဲနေမင်းကို ဖုံးအုပ်လိုက်ကြရာ ခရေရောင်သည် တိမ်တောင်တိမ်လိပ်များကို ရောင်ခြည်နှင့် အနားကွပ်ပေးနေလေ၏။ ထိုတိမ်တောင်တိမ်လိပ်များ ကြားမှကား လျှပ်စစ် လျှပ်ပန်းနွယ် များသည် တဖြန်းဖြန်းထလျှောက်ရှိကြလေ၏။ တခဏ်းခဏ်းနှင့် နေလုံးကွယ်ပျောက်သွားပြီးနောက် တိမ်တောင်တိမ်လိပ်များသည် တုဘယ်ကြီးမားသည်လက် ကြီးမားလာကြ

ကာ လျှပ်ပန်းလျှပ်နွယ်များ၏ အရောင်သည်လည်း ပြိုးပြိုး ပျက်ပျက် ဖြစ်နေလေ၏။ အလောကလုံး အလွန်အလွန်ဆိတ်ငြိမ်လှ၏။ သစ်ရွက်လှုပ်သံ၊ ကျေးငှက်တွန်သံ–ဘာသံမျှ မကြားရ။ သက်ရှိသတ္တဝါတဦး ကျွန်ုပ်တယောက်ထည်းသာ ရှိနေသည်ဟုထင်မှတ်ရတော့၏။

ရှင်းရှင်း ဆိုသလိုပင် အောက် လောကရှိ ရှုခင်းကြီးကို ရိုက်ခဲ့ ဖွင့်ထိုက်ဘိသကဲ့သို့ ကောင်းကင်မှ ကြယ်တလုံးမျှ ကျလာ၏။ ၎င်းတွင်လေထုသည် လှုပ်ရှားလာကာ ရနံ့ မွှေးမြည်စပြုလာလေ၏။ သေတုံက်သည့်အချိန်နှင့် ကောင်းကင်မှ ပြုတ်ကျသည်ဟု ဖု ကျလာသော ကြယ်ကြီးသည် ကျွန်ုပ်ရှိရာ ဆီသို့ မီးလုံးကြီးပမာ ရွေ့လျားလာပြီး အနားသို့ ရောက်သောအခါ မိန်းမတယောက်၏အသွင်သဏ္ဌာန်သို့ ပြောင်းလဲသွားလေသည်။ ၎င်းမိန်းမသည် မည်သူမည်ဝါ ဖြစ်သည်ကို ကျွန်ုပ်သိပါပြီ။ ၎င်းမိန်းမကား အခြားမဟုတ်။ ယခင်အပေးပြီးခဲ့သော ဂတိအတိုင်း ကျွန်ုပ်ထံသို့ လေမုန်တိုင်းစီး၍ ဆိုက်ရောက်လာသော ကောင်းကင်ဘုံ၏ ကရေ့ပ်ဘုရင်မ အင်ကိုဆီဇာနာပင် ဖြစ်လေတော့၏။ ကောင်းကင်ဘုံ၏ကရေ့ပ်ဘုရင်မသည် လျှပ်ပန်းလျှပ်နွယ် အဝတ် အနေသာပလာ များကို ဝတ်ဆင်ကာ ၎င်း၊ လက်မှ ရဲရဲတောက်သော မီးရောင် အနေသည့် လှံကို ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ လာလျက်ရှိပေ၏။ သူ့ရှေ့တွင် တလောကလုံး ဆိတ်ငြိမ်နေသလောက် သူ့နောက်မှအား–လေပြင်းမုန်တိုင်းသည် ကမ္ဘာလောကကြီးကို ရိုက်ခတ်ဟူသောအသံအရှိန်နှင့် မြည်းရွာ လှုပ်ရှားနေ၏။ ကောင်းကင်ဘုံ၏ ကရေ့ပ်ဘုရင်မသည် ကျွန်ုပ်၏ရှေ့၌ ခဏမျှနေပြီး ပြင်းထန်သော အဟုန်ဖြင့် ဖြတ်သန်းသွားခဲ့လေ၏။ စကားလည်း တခွန်းမျှမပြောခဲ့။ သို့သော်လည်း သူ့နောက်က လေမုန်တိုင်းအမူ ကျွန်ုပ်အား ပြတ်သားစွာ စကားပြောနေသကဲ့သို့ ထင်မှတ်ရလေသည်။ ထိုစကားကား–အခြားမဟုတ်–

"မောင်ရို–ချာတာကို သတိရလေတော့" ဟူ၍ပင်ဖြစ်သတည်း။

ကောင်းကင်ဘုံ၏ ကရေ့ပ်ဘုရင်မသည် ကျွန်ုပ်ကို ဖြတ်သန်းသွားပြီးနောက် ကောင်းကင်သို့မြင့်သည်ထက်မြင့်စွာ တက်သွားကာ ဒေဝဇာရှိပေါ်သို့ ရောက်သောအခါ လက်မှ လှံတံကို ပစ်ချလိုက်၏။ ၎င်းတွင်

ချူဂျူဇာမြို့တော်တွင်းမှ မီးဟုန်းဟုန်းတောက်သည်ဟု ကျွန်ုပ်မြင်မိသလို ရှိလေတော့၏။ ထိုနောက်သော်တား–ကောင်းကင်ဘုံ၏ ကေရေ့စ် ဘုရင်မဆင်ကိုဆာဇာ့ခဲ့သည့် ပျောက်ကွယ်သွားခဲ့လေ၏။

အတန်ကြာလောက်အောင်ပင် ကျွန်ုပ်သည်ထိုင်ခြံတိုင်းနေရာတွင်ထိုင်နေပြီးနောက် လေပြင်းမုန်တိုင်းကိုဖြတ်သန်းကာ ချူဂျူဇာမြို့အထဲသို့ထွက်ခဲ့လေ၏။ မြို့ထဲသို့ရောက်သောအခါ တမြို့လုံး ကြောက်ရွံ့ တုန်လှုပ်လွှာခြင်း ပိုယိုမြည်တမ်းနေကြသည်ကို ကြားရသောကြောင့် ကျွန်ုပ်က အကျိုး အကြောင်း မေးကြည့်ရာ လူများက ကောင်းကင်မှ လောင်မီးလုံးကြီးတလုံးသည် ချာတာ၏တဲ့နန်းပေါ်သို့ကျလာပြီး တဲ့နန်းခေါင်မိုးကို မီးစွဲလောင်ကြောင်း၊ သို့သော်လည်း လောင်မီးမှာ မိုးရွာလာသောအခါတွင် ငြိမ်းသွားကြောင်းပြောပြကြလေ၏။

ထိုနောက် ကျွန်ုပ်သည်ဘုရင့်တဲ့နန်းရှိရာဆီသို့ထွက်ခဲ့ရာ လေမုန်တိုင်းမှာငြိမ်သက်သွားပြီး ကောင်းကင်တွင်လည်းထွက်နေသောကြောင့်ကြောက်ရွံ့တုန်လှုပ်သောမျက်နှာနှင့် လောင်မီးကျသည့် တဲ့နန်းကိုကြည့်နေသော ချာတာအားတွေ့ရလေ၏။ ကျွန်ုပ်က.....

"ဘယ်လိုဖြစ်တာလဲ–အရှင်မင်းကြီး"

"ငါတော့ တခါမှ မကြောက်ခဲ့ဘူးပါဘူးကွာ။ အာပေ့ဲ ဟိုညက ဘာလောကာအသေတောင်ရဲ့လက်က တစ်ုဘာခုကို လက်ရုပ်ခေါ်နေတာ မြင်ရတာရယ်။ အခုည မြင်ရတာရယ်ကိုတော့ တော်တော်ကို ကြောက်မိတာဘဲ။"

"အရှင် မင်းကြီးဟာ တလောကလုံးရဲ့ ဘုရင် ဖြစ်နေမှ–ဘာကို ကြောက်စရာရှိပါသလဲခင်ဗျာ"

"နားထောင်စမ်းမေ့ဒို ... ငါအခုက ဟိုမိန်းမတွေကို သတ်ပြီးတော့ နဲ့နဲ့–အိပ်ပျော်မိတယ်။ အဲဒီလိုအိပ်တုန်းမှာ ထူးထူးဆန်းဆန်း အိပ်မက်မြင်မက်မိတယ်ကွ။ အိပ်မက်ထဲမှာ ငါဟာ–ငါ့သခင်က် တဲ့နန်းထဲမှာ စာရေးတွေ ဘာလုပ်နဲ့လဲကျောသေဆုံးနေသတဲ့၊ အနားမှာလဲ ငါ့ညီတော် ဖြစ်တဲ့ အဂ္ဂမလဝန်ဂန်ဒသဟာ ငါ့ရဲ့ ဗိုင်းတော်ကိုကိုင်ရှဉ်နေပြီး ဇပ်ဂန်ကတော့ ငါ့ကြိုးကိုင်နေကျဖြစ်တော်ကို ဒွဲကိုင်ရပ်နေတယ်။ မင်းကတော့ ငါ့ရဲ့အသေ

ဆောင်ကြီးအပေါ်မှာခြေဘင်ပြီး အဝန္နမလန်ဝန်နာခဲ့ ဓင်ဝန်တို့ကိုဦးညွှတ် အရိုအသေပြုနေသတဲ့။ ကဲ—ကောင်းနိုင်သေးရဲ့လား။ ဘာနဲ့ လန့်မိုး လာတော့ ငှက်တော်ခေါင်မိုးကို လောင်မီး ကျနေတာ တွေ့ရတာတဲ့။ အဲဒါတော့ အိပ်မက်ထဲမှာ ပါတဲ့အတိုင်း ဆိုတော့ မင်းဟာ ဓင်ဝန်တို့ အဝန္နမလန်ဝန်နာတို့ကိုအရိုအသေပြုနေတာဆိုတော့ မင်္ဂလာသတ်ထိုက် မနေပေဘူးလား"ဟုပြောတော့ ချာကာသည်ကျွန်ုပ်ကို စိမ်းစိမ်း ဝါးဝါး ကြည့်နေလေ၏။ ကျွန်ုပ်က...

"ဘာတွေဘာ့ရှင်မင်းမြင်သတော်တော်အတိုင်းပါဘဲခင်ဗျား၊ အရှင်မင်းကြီးရဲ့အိပ်မက်ဟာ တိတ်နိမိတ်မကောင်းဘာတော့ အမှန်ပါဘဲ၊ ဘာထက်ဆိုးတာတော့ တံနန်းဆောင်ခေါင်မိုးကို လောင်မီးကျတာဟာ ပိုဆိုးလှပါတယ်။ နောက်ပြီး..."

"ဆိုစမ်းပါအုံး—ဘာနောက်ပြီးလဲ"

"နောက်ပြီး ခက်တာက မြွေဘာကောင်ကိုသတ်ချင်ဘီဆိုယင်ခေါင်းကိုသာ ရိုက်သတ်သင့်ပါတယ်။ အမြီးကိုရိုက်ရုံနဲ့ အကြောင်းထူးလှမယ် မဟုတ်ပါဘူး။"

"ဘာလဲ—မင်းဆိုလိုတာက ဓင်ဝန်နဲ့ အဝန္နမလန်ဝန်နာမင်းသားတို့ကိုသတ်မှ ကိစ္စပြီးမယ်ဆိုပါတော့—ဟုတ်ရဲ့လား။"

"ကျွန်တော်မျိုးတတော့ မင်းညီမင်းသားတွေကို သတ်ပါလို့မဆိုလိုပါဘူးအရှင်—အရှင့်သဘောအတိုင်း ပြုချင်ရာတို့သာပြုနိုင်ပါတယ်"ဟုပြောရာ ချာကာသည် အတန်ကြာအောက်အောင် ငြိမ်သက် နေပြီးနောက်—

"နေပါအုံးကွ... ဓိကိစ္စကို မီညာတွင်းချင်း လုပ်နိုင်ပါ့မလား။"

"အခု ဆိုယင် မြို့ထဲမှာ ယောက်ျားရယ်လို့ ထယ်မရှိလှပါဘူးအရှင်။ ယောက်ျားမှန်သမျှဟာ စစ်ထွက်နေကြပါတယ်။ ကျန်ခဲ့သမျှ ယောက်ျားတိုင်းကလဲ မင်းသားတွေရဲ့ လူတွေချည်းဆိုတော့ တို့ပြန် တိုက်ခိုက်ကြလိမ့်မယ်ထင်ပါတယ်။"

"ဘာဖြင့် ဘယ်လိုလုပ်ရပါ့မလဲ။"

"ကျွန်တော်မျိုး မပြောတတ်ပါဘူးအရှင်။ ဘာပေမဲ့ မြို့ရဲ့ ထဘက်

ထဲမှာ(လှသတ်ကောင်)လို့ မှာမည်ပေးထားတဲ့ စော်ဘယ် တတယ် ရှိနေတယ်မဟုတ်လား။ နက်ဖြန်ခါ နေ့လည်သောက် မှိုသင် ဒီဘဝ်ဟာ ဒီကို ရောက်လာမှာဘဲ။ အဲဒီကျမှ—”

“အေး—မင်းပြောတာ မှန်တယ်။ နက်ဖြန်ခါကျမှ ကြိုစရာ ရှိတာကို ကြိုရတော့မှာဘဲ။ ကဲ သွား—သွား—အဲဒီဘယ်ကို သွားခေါ်ချေ။ အမှား အယွင်းသဲမရှိစေနဲ့နော် သတိထား။”

“ဒီကိစ္စမှာ မှားယွင်းယောင် ကျွန်တော်မျိုး အသက်ဆုံးရှုံးရမယ်ဆိုတာ ကို သိပါတယ်အရှင်။”

“အေးမှန်တယ်—တစ်ခုခု မှားယွင်းတယ် ဆိုယင်တော့ မင်းဟာ ရိုးရိုးသေခြင်းမျိုးနဲ့ မသေရဘူးဆိုတာမှတ်ထား။ ကဲ—သွားတော့။”

စဉ့်စမ်းအားဖြင့်မှတား ချာကာသည် ဒင်ဂန်နှင့် အနန်လေန်ဂန်နာ မင်းသားတို့အား သတ်ပြီးနောက် ကျွန်ုပ်ကိုလည်းသင်းရန် ကြံထား ခြင်း ဖြစ်၏။ သို့သော်လည်း ကျွန်ုပ်သည်သူ့အကြံအစည်ကို ယောင်းစွာ မိုက်စား မိသောကြောင့် မကြောက်ရွံ့ ထူးချေ။ မည်သည့် နည်းနှင့်မဆို ချာကာ သည် ကြံမှာကုန်ရန် ဒီးသည်ထက်ဒီးကာပ်လာနေလေပြီ။

အတန်ကြာသည့်တိုင်အောင် ကျွန်ုပ်သည် မလှုပ်မရှက်နှင့် စောင့်ဆိုင်း နေပြီးနောက် လူအားလုံး အိပ်မောကျ သွားကြသောအခါ ခြေဖဝါးကိုခြောင် ကြားလင်းများအတိုင်း ညည့်တွင်းချုပ်မင် ရွေ့ဆုံရန် ကြိုတင် ချိန်ထိုးထား သည့် မင်းသားဒင်ဂန်၏အိမ်ဘက်သို့ ထွက်ခဲ့လေ၏။ အဆောင်သဖွယ် ဒင်ဂန် ၏အိမ်တွင်မင်းသား အနန်လေန်ဂန်နာ ရောက်နေလေ၏။ မင်းသား နှစ်ပါး မှာ ခြုံစောင်ကြီးများကို လွှမ်းခြုံယင်း မီးခွက် တခုဘေးတွင် ထိုင်နေကြ လေသည်။ ဒင်ဂန်က—

“ဟော့ အခုရောက်လာတာ ဘယ်သူလဲဟေ့”

ကျွန်ုပ်သည် မိမိကိုယ်ပေါ်တွင် လွှမ်းခြုံထားသော ခြုံစောင်ကို လှစ်ပြီး မျက်နှာကိုပြလိုက်ရာ မင်းသားနှစ်ပါးကလည်း သူတို့ကိုယ်ပေါ်မှ စောင်များကို လှစ်ပြကြလေ၏။ ကျွန်ုပ်က—

“နက်ဖြန် မိုးညည့် ကြွေမဲ့ အရှင့် သားနှစ်ပါးကို နှုတ်ဆက်ပါတယ် ခင်ဗျာ”ဟုပြောလိုက်ရာ မင်းသားနှစ်ပါးသည် ပြင်းစွာတုန်လှုပ်သွားလေ ၏။ ဒင်ဂန်ကမူ တိုးတိုး သေသံနှင့်—

"ဟော့—နိမိတ်မရှိ ဘာမရှိနဲ့ မင်းဘာအဓိပ္ပါယ်နဲ့ ပြောနေတာလဲ။"

"ဘာဘော့—ကျွန်တော်မျိုး အရှင့်သားအိုကို ပြောခဲ့ဘူးသားဘဲ။ လုပ်ကြံယင် လုပ်ကြံ၊ မလုပ်ကြံယင် ကိုယ်ဘေးတိုးသာပြင်ထားကြလို့ ပြောခဲ့ထားတကော။ ချာကာဘော အိပ်မက်တခု မြင်မက်ပြန်ဘီ၊ အရှင့် သားတို့ကို ကျွမ်းချက်လိမ့်မယ်" ဟု ပြောရာ ခင်ဝန်က လှံ တစင်းကိုဆွဲကိုင်လိုက်ပြီး—

"အေး— ဟုတ်ရင့်တယ်ချား ဒီတဲရဲ့ ပြင်ဘက်မှ တိုက်ကို သတ်တို့—အခု ရှောင်နေနှင့်ဘီ ဆိုယင် တော့—စိတ်ချမင်းလို သစ္စာဖေါက် ကို တို့အ ပထမ သတ်သွားအုံးမယ်။"

"ပထမဦးစွာ ချာဘာဘုရင် အိပ်မက်မြင်မက်ပုံကို နားထောင်ပါအုံး ခင်ဗျား။ ဒီမှာ ကျွန်တော်မျိုးကိုသတ်ဘာပေါ့။ ချာဟာသဟာ သူ့ကိုယ်သူ သေတယ်လို့ အိပ်မက်မက်ရှိမကာဘူး။ သူ့ နေ ရာမှာ အရှင့်သားနှစ်ပါး ထဲက မင်းသားတပါးက အုပ်စိုးနေတယ်လို့ မြင်မက် သတဲ့။"

"ဘယ်သူက အုပ်စိုး တာလဲ။"

"အနန်မလာန်ဂါနှာ မင်းသားက အုပ်စိုးပါသတဲ့ ခင်ဗျာ" ဟု ပြောရာ ခင်ဝန်သည် မျက်နှာ ပျက်သွားသလောက် အနန်မလာန်ဂါနှာ မှာတော့ ကြည်သာရွှင်ပြလျက် ရှိခေါ်ကျွန်ုပ်ကဆက်လက်ပြီး—

"အနန်မလာန်ဂါနှာသာ ဘုရင့် ဘိုင်းတော်ကို ကိုင်ထားပြီး ခင်ဝန် မင်းသားက ဘုရင့်လှံတော်ကို ကိုင်ထားတယ်လို့ ချာကာဘုရင် အိပ် မက်ထဲမှာ မြင်မက် ပါသတဲ့" ဟု ပြောလိုက်ရာ အနန်မလာန် ဂါနှာ မင်းသားသည် မျက်နှာ ပျက်သွား ပြန်ပြီး ခင်ဝန်သည်မျက်နှာရွှင်ပြလာ ပြန်၏။

"အိပ်မက်ထဲမှာကျွန်တော်မျိုးကလဲ ဘုရင်သင့်ကို အရိုအသေပြုနေသ တဲ့။"

"မင်းအရိုအသေပေးတာက ဘယ်သူ့ကိုပေးတာတဲ့လဲ"

"ကျွန်တော်မျိုးက အရှင့်သားနှစ်ပါးလုံးကို အရိုအသေ ပေးပါသ တဲ့ ခင်ဗျာ"

ဤသွင်မင်းသားနှစ်ပါးသည် ဘာပြန်ပြောရမှန်း မသိဘဲ။ ဟိုကြည့် သည်ကြည့်နှင့် လုပ်နေကြလေ၏။ စင်စစ်အားဖြင့် မှုဘား—ခင်ဝန်နှင့်

အနန္တမလေန်ဂန်ဖုဘျိုသည် ချာကာကိုလှမ်းကြည့်လိုက်စဉ်တွင် သဘောချင်း ညီညွတ်ကြသော်လည်း အချင်းချင်းမှုသား–လွှဲနှင့် တင်းဆုတ် ရှုံ့မှုန်းကြ လေကုန်အံ့ကျွန်ုပ်ဘာသာကိုင်ကဲ့ပြီး

“အိပ်မက်ဘယ်လိုမက်မက်–အကြောင်းမထူးလှပါဘူး၊ဘာလို့လဲဆိုတော့ အရှင်သားနှစ်ပါးဟာ ခုကဆဲအခေသလူတွေ့ဖွဲ့နေကြပါသီး၊ဒီကနေ့ ဝင်းမဝတဲ့ ရွှင်းဇတွေဟာ နက်ဖန် ခုချ–မဟာသိ မဟာခေသွးတွေကို ပွဲတော်တည်ကြရမှာမို့ ဝမ်းဝကြတော့မှာပါဘဲ၊ ချာကာဟာ အိပ်မက်ဆိုးတွေ ပြေပျောက်နိုင်ပဲ့ ဆေးဝွှင်းတောင်းကို ရှာနေပါတယ်၊”

ဤ ဘွင်မင်းသားနှစ်ပါးသည် မိမိတို့ကျနေရာတဲ့သော ကြည့်ရှာဆိုးကို မိုးပါကြသောကြောင့် မျက်မှောင်ကျုတ် ချိုသွားကြလေ၏၊ ကျွန်ုပ်က—

“အရှင်သားနှစ်ပါးရော–ကျွန်တော် ဆိုးရော–ကျွန်တော်မျိုး တို့ရဲ့ ပါတ်သက်သမျှလူတွေရောဟာ အသေသုံးက ဆိုးဝိုးမှောင်ကျနေကြပါသီး၊ မြို့ရဲ့ အောက်မှာရှိတဲ့မြစ်ကြီးရဲ့ တဘက်ကမ်းမှာစစ်တပ်ဘတဝဲရှိနေတယ်၊ အဲဒီတပ်ကို ချာကာက ပြန်ခေါ်လိုက်ပြီ၊ဒီတော့–မသေခင် ကျန်သေးတဲ့ လူတွေကို မှာစရာကြားစရာရှိရင်ဘာ မှာခဲ့ကြပါလို့ပြီးဘဲ့ နောက် အချိန်မကြာလောက်အောင်ကျွန်တော်မျိုးက ကျွန်ုပ်အား မှာ ဆိုတော့ မင်းသားနှစ်ပါးမှာခဲ့သမျှကိုသက်ဆိုင်သူတွေဆီသွားပြီး စကားလက်ဆောင်ပေးချိန် ရပါသေးနိုင်အုံးမယ်”ဟု ပြောရာ ခင်ဝန်က—

“အရူးနတ္တန်း–ငါတို့ချာကာကို မသတ်နိုင်ကြတော့ဘူးလား၊”

“မလွယ်ပါဘူးအရှင်–ဘုရင့်အပါးမှာ ကိုယ်ရံတော် အများ အပြား တာဝန်ကျနေပါတယ်”ဟုပြောရာ အနန္တ လန်ဂန်ဖုဘက—

“တာရှင့်–တို့ကိုကယ်ဆယ်နိုင်တဲ့ အကြံဉာဏ်များ မင်းမှာ မရှိတော့ဘူးလား၊”

“အကြံဉာဏ်ရှိဘယ်ဆိုယင်–ကျွန်တော်မျိုးကို ဘယ်လိုလာလာဘ်သနားမှာလဲခင်များတော်တော်တန်တန် ဆုလာဘ်နဲ့ တော့မဖြစ်ဘူး၊ ကျွန်တော်မျိုးက အသက်ရှင်နေရတာကိုဘဲ စိတ်ပျက်လာပြီဆိုတော့ တော်တော်တန်တန်ဆုလာဘ်နဲ့တော့ ကျွန်တော်မျိုးရဲ့ အကြံဉာဏ်ကို ထုတ်ဖေါ်မပြောချင်ဘူး၊”

ဤတွင် မင်းသားနှစ်ပါးသည် စိတ်ကူး၍ ရသမျှသော ဆုများကို အသယာက်တမျိုးပေးပါမည်ဟု ဂတိပေးကြသော်လည်း ကျွန်ုပ်က အားလုံးကိုငြင်းပယ်ခဲ့လေ၏။ နောက်ဆုံးတွင်ချာတာကိုသေဒဏ်မှ ညှာကြောင်း တောင်းကိုပေးနိုင်မည်ဆိုပါက ချာတာကွယ်လွန်သောအခါ၌ တိုင်းပြည်တွင်မင်းသားနှစ်ပါးမှအပ ကျွန်ုပ်အား-အကြီးမြင့်ဆုံးရာထူး ၂ခုနှင့် နိုးမြို့သူကောင်း မြောက်ရှိမှုမက စစ်သည်တော်အပေါင်းကိုလည်း အုပ်ချုပ်ခွင့်ပေးပါမည်ဟု အမျိုးမျိုးကြိမ်တွယ်ပြီး ဂတိပေးကြလေ၏။ သူတို့နှစ်ယောက်ယုံလောက်အောင်ကြိမ်ဘွယ် ဂတိပေးပြီးမှ ကျွန်ုပ်ကအကြောင်းပေးရန် ဝန်ခံလိုက်တော့—

“မြစ်ရဲ့ တဘက်ကမ်းမှာ (လှသတ်ကောင်)လို့ခေါ်တဲ့ စစ်တပ်အတပ်ရှိတယ်။ ဒီတပ်ဟာ ချာတာကိုအလွန်ချစ်မြတ်နိုးတဲ့ တပ်ပဲ။ တခြားမှာ တခြားတပ်တခုလဲရှိသေးတယ်။ အဲဒီတပ်က (ပြား)တပ်လို့ခေါ်တယ်။ ပြားတပ်ကို အနန္တမလန်ဝန်နှာ မင်းသားက အုပ်ချုပ်တာဆိုတော့ တပ်သားတွေက အနန္တမလန်ဝန်နှာမင်းသားကို အလွန်ချစ်ကြတယ်။ အဲဒီတော့ ချာတာက စစ်တပ် အခေါ်နိုင်းတဲ့အခါ သူ့ကိုချစ်တဲ့ လှသတ်ကောင်တပ်ကိုမခေါ်ဘဲ၊ အနန္တမလန်ဝန်နှာမင်းသားကိုချစ်တဲ့ ပြားတပ်ကိုခေါ်ကြတာပေါ့။ ကဲ.....ရှေ့နား တိုးကြ စခန်းပါအုံး-ကျွန်တော်မျိုး ပြောစရာပါရှိသေးအုံး။”

ဤတွင်မင်းသားနှစ်ပါးသည် ကျွန်ုပ်ပြောသောစကားကို နားထောင်ရန် ရှေ့သို့ခေါင်းငိုက်၍ ငုံ့နေသဖြင့် ကျွန်ုပ်က ချာတာကို မည်သို့လုပ်ကြံသင့်ကြောင်း။ အသေးစိတ်ပြောပြလိုက်ရာသူတို့နှစ်ယောက်သည် နှစ်ခြိုက်သဘောကျလှသဖြင့် ခေါင်းတဆတ်ဆတ် လှုပ်နေလေ၏။ ထိုနောက်သော်ကား-ကျွန်ုပ်သည် တံခါးသို့ ထွက်လာခဲ့ကာ ယုံကြည်ရသော တမာန်တော်များကိုခေါ်ပြီး မြစ်တဘက်ကမ်းမှပြားတပ်ကိုအခေါ်လွှတ်လိုက်လေတော့၏။

## အခန်း–(၂၁)

နောက်တနေ့နံနက် ဆယ်နာရီခန့်တွင် ချာကာသည် ညက အိပ်သည့် တဲထဲမှထွက်လာပြီး ခြေလှမ်း(၅၀)ခန့်အကွာ အဝေးတွင်ရှိသည့်စန်းခတ် ထားသောတဲရှိရာဆီသို့သွားလေ၏။ နေ့စဉ်နေ့တိုင်းပင် ချာကာသည်ထို တဲထဲဆီသို့သွားပြီး အတိုင်ပင်ခံလူကြီးများနှင့်တိုင်ပင်ပြီး မည်သူမည်ဝါ ကို သတ်သင့်ကြောင်းဆုံးဖြတ်လေ့ရှိရာ ကွန်နိုဗ်သည် နေ့စဉ်နေ့တိုင်းပင် သူ့စည်းဝေးတိုင်ပင်မည့်နေရာကို ရွေးပေးရလေ့ရှိပေ၏။ ယနေ့ နံနက် သော်ကား–ကွန်နိုဗ်သည် အထက်တွင်ဖော်ပြခဲ့သော တဲကိုရွေးချယ်ထား ပေ၏။ ချာကာသည်အဖေါ်အလျှော်မပါဘဲရှေ့ကသွားနေမိုက်အကြီးအချုပ် ရှိသောကွန်နိုဗ်သည် နောက်ကပါပြီး၊ လိုက်သွားရာ ချာကာက သမ်း လည်ပျံ့လှည့်ကြည့်ယင်း–

"ဟေ့မောင်ဗို–အားလုံးအဆင်သင့်ဖြစ်ပြီလား။"

"မင်းသားတွေဟာ–အရက်သောက်ပြီးသူတို့ရဲ့ မယားတွေရဲ့ ရုံ ခွင်ထဲမှာဘဲ အိပ်ပျော်နေကြပါတယ်အရှင်–"

"ဒီလိုအိပ်တာဟာ–သူတို့အတွက် နောက်ဆုံးအိပ်ခြင်းဘဲ ဖြစ်မှာပါဘဲ ကွ" ဟု ချာကာက ခပ်ပြုံးပြုံး ပြောလိုက်လေ၏။

"မှန်ပါတယ်အရှင်–သူတို့အတွက် နောက်ဆုံးအိပ်ခြင်းပါဘဲ။"

တဲရှိရာဆီသို့ရောက်သောအခါ ချာကာသည် မြီးမိုးနားတွင် ခင်း ထားသည့် ရှဉ်းရေပြားပေါ်တွင် ထိုင်နေမိုက်–မိန်းမငယ် တယောက် သည် အရက်အပြည့်ထည့်ထားသော ဗျူးချောင်းခွက်ကို ကိုင်ယင်း–အခါ မှ စားပေးလေသည်။ အလှမကောင်းတွင် အားနာချာကာ၏ အချစ်တော်မယ် သော်ကြီး အုန်ချီ၏မောင်ကြီးဖြစ်သော အကျာဒွန်ကာသာရှိလေသည်။ အဘန်းကြုံ ထိုင်မိသောအခါ ဘာလနိုင်းခန့်အကွာအဝေးသို့သွားပြီး ကြိုးကြာငှက်မွေးအမှု နှိုင်းလိုက်သော ချာကာ၏ တမာန်တော်အချို့သည် ကြိုးကြာ ငှက်မွေး ငှက်တောင်များကို ယူဆောင်ကာ ရှေ့တော်မှောက်သို့ ရောက်လာကြ လေ၏။ ချာကာသည် တမာန်တော်များကြိုးကြာငှက်မွေး အထုပ်များ တွင် အချိန်နှင့် မြန်မရောက်ဘဲ နောက်ကျနေသောကြောင့် ဒေါသထွက်

လျှော်ရှိလေ၏။ ငှက်မွေး သွားဟူသူတို့၏ ခေါင်းဆောင် ဗိုလ်လုပ်သူမှာ ချာကာ၏ဘဝထဲ တွင် စစ်ပွဲအမျိုးမျိုးနွှဲခဲ့ဘူးပြီးရဲရင့်သူ ဖြစ်၏။ သို့သော် လည်း သူ့ခမြာ—ယခုအခါတွင် လက်ကိုပုဆိန်နှင့် ခုတ်မိသောကြောင့် လက်ပြတ်နေသဖြင့် စစ်ဗိုလ်မလုပ်တော့ပေ။ ချာကာအား ဗိုလ်လုပ်သူအား ဘာ့ကြောင့်—ဤသို့နောက်ကျရသနည်းဟုမေး၏။ ဗိုလ်လုပ်သူက သူတို့ မှာ၊ သွားမည့်လိုက်သောအချိန်တွင် ကြိုးကြာငှက်များကိုအဆောင်သင့်မ တွေ့ ရကြောင်း၊ ငှက်များမှာ— ရေကြည်နု — မြက်နုရာ— သော ပြောင်းနေကြသောကြောင့် ငှက်များ ထိုအရပ်သို့ ပြန်ရောက် လာသည် တိုင်အောင် စောင့်နေရသဖြင့် ဤသို့ကျန်ကြာနောက်ကျ သွားရကြောင်း ပြန်ပြောပြနေလေသည်။ သို့သော်လည်း ချာကာအမူ—

"ငှက်တွေစခန်းပြောင်းသင် နေ၀င်တဲ့ အရပ်ကိုဘဲ ရောက်ရောက် ငှက်တွေရဲ့နောက်က လိုက်ပါတော့လားကွ။ ကဲ—ကဲ—ငါလောက်ဘောင် ညွှဲ့ကောင်—ခေါင်းထုတ် သွားကြကွာ။ သူ့ဒရော—သူ့နောက်လိုက် တွေ ကိုပါခေါ်ထုတ်ပြီးသင်းလိုက်ကြတော့။"

နောက်လိုက်အချို့က ချာကာအား အသနားခံကြ သော်လည်း ဗိုလ် လုပ်သူကမူ အသနားခံခြင်းမရှိ။ ချာကာအား အရိုအသေပေးပြီး ဆုတော် လာဘ်တော်တခုပေးရန် တောင်းနေသောကြောင့် ချာကာက—

"မင်းဘာအလိုရှိသလဲ။"

"ကျွန်တော်မျိုးဟာ အရှင့်အပါးကနေပြီး စစ်ပွဲပေါင်း မြောက်များစွာ ကိုတိုက်ခဲ့သူဖြစ်ပါတယ်။ တခါမှလဲရန်သူကို ကျောပေးပြီး ထွက်မပြေးခဲ့ဘူး ပါဘူး။ ကျွန်တော်မျိုးရဲ့ လက်ပြတ်ရတာဟာလဲစစ်ပွဲမှာအရှင့်ကိုရန်သူက ပုဆိန်နဲ့ ခုတ်တုန်းက ကျွန်တော်မျိုးအရှင့်ကို ရန်သူ့ပုဆိန်သွား မထိအောင် ကာကွယ်ပြီး တားခဲ့လို့ လက်ပြတ်သွားရခြင်းဖြစ်ပါတယ်။ သေရမှာကို မကြောက်ပါဘူး။ အရှင့်အလိုတော်အတိုင်း သေဆိုသေ၊ ရှင်ဆိုရှင်မဲ့ လူ စားပါ။ ကျွန်တော်မျိုး ဆုတော်လာဘ်တော် နှစ်ခု တောင်းချင်ပါတယ်။ တခုက အရှင်ကိုယ်ကိုကာကွယ်ထားတဲ့ ဗိုင်းကြီးကိုခေတ္တလောက် ထား ပယ်ထားပါ၊ ကျွန်တော်မျိုး အရှင့်ကို ကိုယ်တော်အနီး ဆုမြတ် ချင်လို့ ပါတယ်။"

“အင်း ဆိုစမ်း ပါဘူ့။နောက်ပြီး တော့ကော။”

“နောက်ပြီးတော့ ကျွန်တော်မျိုး မသေခင် ကျွန်တော်မျိုးရဲ့ သား ကလေးကိုနှုတ်ဆက်သွားပါရစေ။သားကလေးဟာ ဒီအရွယ်လောက်ရှိနေ ပါတော်”ဟုပြောကာ ဗိုလ်လုပ်သူသည် လက်တဘက်ကို မြှောက်ကာ သူ့ သား၏ အရွယ်ကိုမှန်းပြနေလေ၏။ဤတွင် ချာကာသည် ကိုယ်ပေါ်မှ ဒိုင်း ကို ချလိုက်ပြီး—

“အေး—မင်းရဲ့ ပဌမ တောင်းဆိုချက်ကို ခွင့်ပြုပါတယ်။ဒုတိယ တောင်းဆိုချက်နဲ့ ပါတ်သက်လို့တော့ သားနဲ့အဘကို ငါကလဲမခွဲချင် ဘူးကွ။အဲဒီတော့ မင့်သားကို ဒီကိုခေါ်လိုက်။ ခေါ်ပြီး—မင်း မသေခင် မင်းကိုယ်တိုင် မင့်သားကို သတ်သွားရမယ်။နားလည်ယ်လား။ ဒီလိုဆိုရင် တော်တော်ကြည့်လို့ ကောင်းလိမ့်မယ် တော့”ဟုပြောရာ ဗိုလ်လုပ်သူ သည် ပြင်းပြစွာ ထုန့်လှုပ်သွားလေ၏။သို့သော်လည်း—

“အမှန် အလိုတော်အတိုင်းပါဘဲခင်ဗျား။”ဟုပြောပြီး ...

“ကဲ—ငါ့သားကို သွားခေါ်ချေကြစော့”ဟုပြောလေ၏၊ သို့သော် လည်း ချာကာမှာကား ဓါးကို ဤမျှသောလုပ်ပါးအထိ ရှိသေကြီးနှင့် ရှာ သော ဗိုလ်လုပ်သူကိုကြည့်ကာဖျားရောလွှင်ဘွင် ကျဆင်းနေလေ၏။ သို့ဖြင့် သူက—

“ကဲ—ကဲ—ဒီဗိုလ်လုပ်တဲ့ လူတော့ သူ့ ယိမ်းသားတွေကော အကုန် လုံး ဘာမဲ့ ပေးလိုက်ကြပါကွာ”ဟု အမိန့်ပေးရင်း အသက်မချမ်းသာခွင့် ပေးလိုက်လေ၏။ဤတွင် လူများလည်း ဝမ်းသာ အားရနှင့် ချာကာကို ထောင်းချီးနှုတ်ဆက်ပြီးရင်း ထွက်သွား ကြလေတော့၏။

ဤအကြောင်းကို ကျွန်ုပ်ပြောပြနေခြင်းကား ချာကာသည် တသက်နှင့် တကိုယ် ဤတကြိမ်သာ အသနားကြောင်နာစိတ် ဝင်ခဲ့ဘူးသည်ကို ဖော်ပြ လိုသောကြောင့် ဖြစ်ပေ၏။

အတန်ကြာသောအခါ လူတယောက်က ချာကာ၏ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားလိုကြောင်း တောင်းပန်သဖြင့် ဝင်ခွင့်ပြုလိုက်ရာ ထိုလူမှာ အ ခြား၊ လူမဟုတ်။ချာကာ၏အမိန့်နှင့်ရှိ ဘင်းလူမျိုးများထံသို့ လွှတ်လိုက် သော မာဆီလို ဖြစ်နေလေ၏။မာဆီလိုမှာ ယခင်ကကဲ့သို့ ဝဝဖြိုးဖြိုးမရှိတော့ဘဲ

ခရီးလန်းလှသောကြောင့် ကြံလှ်သောကိုယ်ခန္ဓာရှိနေရုံမှမက သူ့ကျောပေါ်တွင်လည်း ဂုတ်ဆွေများ အမျိုးအမျိုးသလျက်ရှိသည်ကို တွေ့ရလေသည်။ အပါးသို့ရောက်လာသောအခါ ချာတာက မာဆီလိုအား .....

"ဟော့—မင်း ဘယ်သူလဲ—"

"ကျွန်တော်မျိုးဟာ အရှင့်အမိန့်တော်အတိုင်း ရက်ပေါင်း(၃၀)အတွင်းပြန်ရောက်ရမယ်ဆိုတဲ့ ချွင်းချက်နဲ့ ရဲတင်းလူမျိုးတွေဆီကိုသွားတဲ့ မာဆီလိုဖြစ်ပါတယ်အရှင်။ အခုကျွန်တော်မျိုးပြန်လာခဲ့ပါပြီ။ ဖြစ်ပုံအစတော့ မြင်တဲ့အတိုင်းပါပဲ။"

"အေး......အေး......မှတ်မိဘီ၊ မှတ်မိဘီ၊ ဆိုစမ်းပါဦး၊ ရဲတင်းဘုရင်ဟာ သူ့လူမျိုးတွေနဲ့အတူ ငါ့လက်ထဲကိုရဲတင်းကြီး ပေးအပ်ဘို့ရောက်လာကြဘီလား။"

"ရောက်မလာသေးပါဘူးအရှင်။ ကျွန်တော်မျိုးကို ရဲဘင်းပိုင်ရှင်က ခေါ်ဆန်းပြီး မေခင်းထုတ်လိုက်ရုံမကဘူး။ သူ့မိဖုရား ဇာနီဘာကလဲ ကျွန်တော်မျိုးကို မြေပေါ်ဝ းလှားအနေနှင်းပြီး ကြိမ်ခက် ခတ်နှိုင်းပါတယ်။ ကြိမ်ဒဏ်အရာကိုလဲ ဇာနီဘာကိုယ်တိုင်ကရေတွက်ပါတယ်။"

"အော်—ဟုတ်ရဲ့လား။ ရဲဘင်းဘုရင်ဆိုတဲ့ခွေးကလေးကဘာများပြောသိုက်သေးသလဲ။"

"ရဲဘင်းဘုရင်ရဲ့ အပြောကတော့ ဒီအတိုင်းပါပဲအရှင် ...(နာနာဘာဝတောင်းမြိုင်ကုန်ကြွှေနေသော ရဲဘင်းဘုရင်အမိန့်တော်ရှိလိုက်သည်—ဖုဂျေဘုရင်ချာတာသိသာစေ—ကျွန်ုပ်သည် ရဲတင်းကြီးကိုမည်သည့်အခါမျှ သင့်အားလက်ဆောင်းပဏ္ဏာအဖြစ်ပေးအပ်လိမ့်မည်မဟုတ်။အကယ်၍ သင်ကိုယ်တိုင် ရဲဘင်းကြီးကိုလာရောက် ယူငင်နိုင်ပေသည်။ ထိုသို့လာရောက်သောအခါ၌ သင်သည်မျက်နှာသိက္ခာနှင့် ဘက်ဖြိုင်လက်မှုက်ရမည်ဖြစ်သည်ကိုတွေ့ရလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သင်စေလွှတ်သောသူသည် မောင်ဆိုသေသဗ္ဗ၀ိလ်ဘဦးဓါကိုယ်စား သင့်ကိုလက်စားချေထားနေသောသူဖြစ်သောကြောင့်တည်း။—)ဟူ၍ ပြောပါတယ်အရှင်။"

ဤသို့ မာဆီးလိုပြောကြားနေခိုက် ကျွန်ုပ်သည် အချက် နှစ်ချက်ကို သတိပြုမိ၏။ ပထမအချက်ကား–အခြားမဟုတ်။ နံဘေးမှ မြို့စည်းရိုးကြား ထဲသို့ ထုတ်ချောင်းတခု ဆုံးဝင်လာခြင်းဖြစ်၍၊ ဒုတိယအချက်ကား–မြို့ဘ ဘက်ပေါ်မှ ရောက်လာသော ပြင်သစ်သားများသည် ဒျူဇာမြို့ပြင်ဘက် နားသို့ရောက်နေပြီဆိုသော အချက်ပင်ဖြစ်ပေ၏။ မြို့စည်းရိုးကြားသို့ ထုတ်တံကလေးထိုးဝင်လာခြင်းမှာ မြို့စည်းရိုး၏ ဘက်ကွယ်တွင် ထောင်နှင့် အဝန်မထန်ဝါနှာ မင်းသားနှစ်ပါးသုံး ကျွန်ုပ် အချက်ပေးမည့် အခရာကို စောင့်မျှော်ယင်း၊ အသင့်ရောက်နေပြီဖြစ်ကြောင်းပေါ်ပြူမှုမှာ ပြင်သစ် သားများအလည်း ဒျူဂေဇာဂျွာနဲ "ဒ"သို့အသင့် ရောက်နေပြီဖြစ်ပေ၏။

မာဆီးလို၏ပြောစကားကို ကြားရသောအခါ ချာကာသည် နေရာမှ ခုန်ထလာ ဖျက်လိုက်ပြုံးတိုပြုံးကြောင်းပါမှ အမြုပ်တစ်စီထွက်လောက် အောင် ဒေါသထနေပေ၏။ သူ ဘုရင်ဘဝသို့ရောက်သည့်နေ့မှစ၍ ယခုအ ချိန်တိုင်အောင်မည်သူ့ထံမှသူ့ကိုဤမျှမာရေကျောရေပြောသည်ကိုမကြား ခဲ့ရဘူးချေ။ မာဆီးလိုမှာလည်း ချာကာ၏အကြောင်းကို ကောင်းစွာ မသိ သောကြောင့်သာ ရဲဘင်းဘုရင်၏ ရှေ့ဇာသီကို ဤသို့ပြောကြားခြင်း ဖြစ်ပေ တော့၏။ အသန့်ကြ လောက်အောင်ပင်ချာကာသည် လှံတိုကလေး ကိုဆွဲ ကာရန်းသာနှင့် လုပ်နေပြီးမှ—

"တောက် ... ဒီခွေးကလေးက ငါ့လိုဘုရင်ကို စော်ကားလိုက်လေ ခြင်း ...... သင်းနဲ့ သင့်လူမျိုးတွေကိုတော့ အဖိုက်ဖိုက် အမွှာမွှာ ခွဲထုတ်ပစ် ရမှာကိုအေးမယ်။ဟော့ မာဆီးလို မင်းကဒီးဝိုစကားကို ယူဆောင်လာတဲ့လူ ဆိုတော့ မင်းလဲသေရမယ်။သိလား။အမှုဆိုးအကြောင်းလဲပါလေဘော့မေ့လဲ သေဘိုသာ ပြင်ပေတော့။ ကိုင်း–ကြာတယ်။ အကာဇာဘာလာမာ–မာဆီးလိုရဲ့ ခေါင်းထဲကဦးနှောက်ကို ထုတ်ခဲ့ပြီး ချက်ချင်းဒေါက်ထုတ်လိုက်စမ်း ကွာ" ဟုပြောရာ အနားတွင်အသင့်ရှိသော ဘုရင့်ကျွန်ယုံ အကာဇာဘာလာမာ သည် ချာကာ၏ဆန္ဒအတိုင်း မာဆီးလိုအားသတ်ရန် နေရာမှ ထလိုက် လေ၏။သို့သော်လည်း အကာဇာဘာလာမာ ထိုးဖင်းမရွှမ်း အားအင် နှင့် သူ ဖြစ်သောကြောင့် နောက်ဆုံးတင်သူက မာဆီးလိုကို မသတ်နိုင်ဘဲ အရှုံးပေ မှု။ ကြောက်အား လန့်အားနှင့်ပြန့်လွှန် သတ်ပုတ်သော မာဆီးလိုကသာ

အကာလ မာယာအား သတ်လိုက်နိုင်လေ၏။ ဤတွင် မယ်တော်ကြီးအနေနှင့် ၏မောင်တော်ကြီး အင်ကွာဘွန်ကာဘုရင်သည် မာဆီလိုကိုသတ်ရန် နေရာမှသည်လိုက်ပြီး မာဆီလိုကိုလှံနှင့်ထိုးသဖြင့် မာဆီလိုသေသွားသော်လည်း အင်ကွာဘွန်ကာသည် သူကိုယ်တိုင် ဓါးဒဏ်ရာရပြီး မှိုလဲနေလေ၏။ ချာကာမှာတော့၊ လက်ထဲမှ လှံကလေးကို ကိုင်ကာ တောင်ကြည့် မြောက်ကြည့် လုပ်နေလေသည်။ ဤအခွင့်မှ ကျွန်ုပ်သည် အချိန်အချက် ပေးရန် အချိန် အခါကျရောက်ပြီကို သိသောကြောင့်.....

"ထယ်တော်ချကြပါ" ဟု သံကုန် ဟစ်လိုက်လေ၏။ ဤသို့ အော်ဟစ်သည်နှင့် ထပ်ကြိုးမှုက်ပင် ဒင်ဂန်နှင့် အမ္ဗန်မလန်ဂါနာ မင်းသား နှစ်ပါးသည် မြဲစည်းရိုးကိုကျော်ပြီး အဆဲသို့ဝင်လာကြကာ ဒင်ဂန်က ချာကာ၏ညာဘက်ပခုံးကိုငင်၊ အမ္ဗန်မလန်ဂါနာက ချာကာ၏ ဝဲဘက်ပခုံးကိုငင်၊ ပါလာသော လှံနှင့် ထိုးလိုက်ရာ ချာကာ၏ လက်တွင် စွဲကိုင်ထားသော လှံအငယ်လေးသည် မြေပေါ်သို့ကျသွားလေ၏။ သို့သော်လည်း သူသည် ရုတ်တရက်မသေသေးဘဲ ညီတော် နှစ်ပါးအား စူးစူး ဝါးဝါး ကြည့်နေရာ ဒင်ဂန်နှင့် အမ္ဗန်မလန်ဂါနာ မင်းသားတို့သည် နောင်တော် ချာကာအားယပ်ကြောက်ပြီး ကြောက်ရွံ့သောမျက်နှာထားနှင့် ပြန်ကြည့်နေကြလေ၏။ ချာကာ က မူ —

"အောင်မယ်။ ငါ့မွေးတဲ့ မျောက်တွေ ငါ့ပြန်ခဲသတ် နေပါကလား။ ဘာလဲ မင်းတို့က ငါနေရာမှာ မင်းလုပ်ချင်ကြတာနဲ့ ငါ့ကိုလုပ်ကြံကြတယ်ပေါ့၊ ဟုတ်လား...... စိတ်ချနေ ငါသေပေမဲ့ မင်းတို့ မင်းလုပ်ကြရလိမ့်မယ်မထင်နဲ့ —မင်းတို့ရော— ထိုလူမျိုးတွေ အားလုံး ကျွန်ရော အကျွန် လုံးကို လူဖြူတွေက လွှမ်းမိုးသွားတာကို ခံကြရလိမ့်မယ်။ မှားလည်းရဲ့လား" ဟု ပြောကာ ပခုံးမှ သွေးသံယိုစီးရင်းနှင့်ပင် မြေသို့ ဒူးထောက်လျက်လဲကျသွားလေ၏။ သို့သော်လည်း သူသည်ညီတော်နှစ်ပါးအားမင်းဘုန်း မိုးမြန်နှင့်ကြည့်နေဆဲပင်ဖြစ်သဖြင့် ကျွန်ုပ်က—

"ဒီ ချာကာဘုရင်ကို သေအောင်သတ်ကြပါတော့လား" ဟု အော်ပြောသော်လည်း ဒင်ဂန်တို့နှစ်ယောက်သည် ဘာမှ မလုပ်ရဲကြဘဲ ငိုင်နေလေ၏။ သို့ဖြင့် ကျွန်ုပ်သည် မြေပေါ်တွင်ကျနေသော ချာကာကိုယ်တိုင် စွဲ

ကိုင်သည့်ဓါးလေးကို ဆောက်ယူပြီး၊ ထိုးကုံ့ဟု လက်မြှောက်လိုက်ရာ ကျွန်ုပ်ငယ်ရွယ်စဉ်က မြင်ဖူးခဲ့ဘူးသည့် အတိုင်း၊ ကျွန်ုပ်၏ ချက်ခေ့ရှေ့တွင် သွေးရောင် နီနီရဲရဲကြီးကို ထင်မြင် နေမိလေ၏။ ချာကာတမူ ကျွန်ုပ်အား—

"ဟေ့ မောင်ပို—ခင်းက ငါ့ကို ဘာလို့သတ်မှာလဲ။"

"ကျုပ်နှမ ဘာခလေကာနဲ့ ကျုပ်ရဲ့ အမျိုးတဆွေလုံးရဲ့ ကိုယ်စား သတ်ရမှာဘဲ"ဟုပြောဆော ကျွန်ုပ်သည် ချာကာအား ဓါး နှင့်တအားထိုးလိုက်ရာ ချာကာသည် မြေပေါ်တွင် သွေးသံ တရဲရဲ နှင့် လဲကျသွားပြီး......

"ခင်း—လက်စသတ်တော့ ဟိုတုံးမကြီးနိုင်ငံဘယ်လားသေခင်ကပြောသွားတာ တယ် မှန်ပါကလား—မောင်ပို"ဟု ပြောပြီး၊ အသက်ထွက်သွားလေ၏။

သို့ဖြင့်ပင် ဂုလူတိုင်းပြည်၏ တန်ခိုးတေဇာအကြီးဆုံးနှင့် ကြောက်မက်ဘွယ်အကောင်းဆုံးသော ချာကာ တေရ်ဘုရင်မင်းမြတ်သည် ကျွန်ုပ်၏ လက်ချက်ဖြင့် ကံတော် ကုန်ခဲ့ရရှာလေ၏။ သူသည် သွေးသံတို့ဖြင့် ကြီးထွားလာခဲ့သူဖြစ်၍ ယခု သေဆုံးသောအခါတွင်လည်း သွေးသံတို့ဖြင့်ပင် သေဆုံးခဲ့၏။ ရေကူးကြွင်လည်သူသည် ရေကူးရင်း သေရ၏၊ သစ်ပင်အတက်ကောင်းသူသည် သစ်ပင်လဲကျသဖြင့် သေရ၏၊ လူအသတ်ကောင်းသူသည် သူတပါးသတ်သဖြင့် သေရပေတော့သည်။ မည်သို့ပင် ဖြစ်စေ ချာကာသည် ဖျက်ဆီးတသောက်စေချဲ့ ရှုံ့ကြောက်ခြင်း မရှိ၊ ပကတိ အိမ်ခြေနှင့်ပင် ရှိရင်းစွာ ၉ ပိန်ချုပ်ငြိမ်းခဲ့လေသည်။

ချာကာဘုရင်ကျယ်လွန်ပြီးသောအခါ ပြေးတပ်သားများ ကျွန်ုပ်တို့နား သို့တရှေ့ ရှေ့ နီးကပ်လာနေချေပြီ။ ပြေးတပ်သားများကို မော့ရန်မလာနိုင်ပါ မင်းသားအုပ်ချုပ်သည့်မှန်ဆော်လည်း၊ တပ်သားများသည်စစ်တိုက်ရာတွင် ရဲရင့်သလောက် အရေးအကြောင်းရောက်ရေ့ပြီး အမျိုးအမြှောက်လွန်တတ်သော ချာကာဘုရင်ကို ချစ်ခင်နှစ်သက်သူများဖြစ်ရာ ဤလုပ်ကြံမှုနှင့် ပတ်သက်ပြီး ဘယ်သို့သဘောထားကြမည်ကိုမသိနိုင်ပေ။ သို့ဖြင့်ကျွန်ုပ်သည် နံဘေး ဝဲယာသို့မျှော်ကြည့်မိရာ မာဆီလိုနှင့် ဘုရင်ဇာမာမာတို့ သေဆုံးနေသည်

တိုင်း၊ ဆင်ကွာဘွန်ကာဘုရင် ဒေါ်သ ဆူရှသဖြင့် လူးလွန့်လှုပ်ရှားနေသည်ကိုလည်း တွေ့ရပေ၏။ အရက်ဖျူးနှောက်တ်ကိုင်ပြီး ခစားသောသမီးကလေးမှာ ထွက်ပြေးသွားပြီ ဖြစ်၍ ခင်ဂန်နှင့် အုန်မလန်ဂါနာ မင်းသား နှစ်ပါးမှာကား—ကြောင်ပြီး ရပ်နေကြလေ၏။ ဤတွင်ကျွန်ုပ်က မင်းသားနှစ်ပါးအား—

“ကဲ—လုပ်ကြလေ။ သိမ်မွေ့မြန်မြန် လုပ်ကြ။ အဲဟိုက ဆင်ကွာဘွန်ကာဘုရင်ကိုသတ်လိုက်ကြ။ ပြား၊ တပ်သားတွေ ရောက်လာကြရော့မယ်။ မြန်မြန်သတ်။ ကျန်တဲ့ကိစ္စမှန်သမျှကိုတော့ ကျုပ်ဘာဝန်ဘား၊”ဟုပြောလိုက်ရာ ခင်ဂန် သည် ရုတ်တရက် နေရာမှထပြီး ဆင်ကွာဘွန်ကာအား၊ လှံနှင့် အသေ ထိုးသတ်လိုက်လေ၏။

ဤသို့ခြံထဲတွင် သတ်ဖြတ်လုပ်ကြံနေသည့် ကိစ္စကိုမြင်ပမှနေပြီး မြင်ရသော မိန်းမများသည် အော်ဟစ်ငိုညည်းနေကြသောကြောင့် ပြားထပ်သားများကြားသွားလေ၏။ ထို့ကြောင့် သီချင်း ဘ းကျော်ကျော်သီဆိုယင်း ဗျူဂျူဇာရွာသို့ချီတက်လာနေကြသော ပြားတပ်သားများသည် ရုတ်တရက် သီချင်းဆို ရပ်ကိုက်ကြကာ ကျွန်ုပ်တို့ရှိနေသောခြံဝသို့ ရောက်လာကြလေ၏။ ဤတွင်ကျွန်ုပ်သည် ဇုသောကာမြေနှင့် တပ်ခိုလ်လုပ်သူထံ ပြေးသွားပြီး—

“အို— ခိုလ်ကြီးတို့—ဝမ်းနည်း၊ ပူဆွေး ငိုယိုကြပါတော့—ခင်ဗျားတို့ ကျုပ်တို့ရဲ့ဘခင်ကြီးဖြစ်တဲ့ ချာကာဘုရင်မင်းမြတ်တော့ သေဆုံးရှာပါဘီ။”

“အို—ဘယ်လို ဖြစ်ရတာလဲ ဇော့ပို၊ ဘယ်ပုံ ဘယ်နည်းနဲ့ သေရတာလဲ။”

“ဖြစ်ပုံကတော့ ချာကာဘုရင်မင်းမြတ်ဟာ မာဆီလိုကို သတ်ဖြတ်သုတ်သင်မယ်လုပ်နေတုန်း၊ ဖိုရွေးမသား မာဆီလိုက ဘုရင့်လက်ထဲကလှံကိုလုယူပြီး ချာကာဘုရင်ကိုထိုးသတ်လိုက်တာ ပါဘဲ၊ အဲဒါနဲ့ ကျုပ်နဲ့ယောဘ်က ခင်ဂန်တို့ အုန်မလန်ဂန်ပါ မင်းသားတို့က မာဆီလိုကိုသတ်ပစ်လိုက်ကြရပါတယ်။ မာဆီလိုက သူ့မသေခင် အကာဇာပဲ ဆိုနဲ့ ဆင်ကွာဘွန်ကာ တို့ကို သတ်သွားသေးတယ်။ ခုတော့ ချာကာသေဘီဆိုတော့ ခင်ဂန်နဲ့ အုန်မလန်ဂါနာ အလိုလို မင်းဖြစ်လာကြတော့တာပေါ့။”

“ခင်ဗျားက လက်ရှိဘုရင်ကိုကာကွယ်ဖို့ထက် မင်းသစ်မြှောက်ဖို့က တယ်ဟ။ အားသန်နေပါ ကသား”ဟု ဗိုလ်လုပ်သူက ကျွန်ုပ်အား မယုံသင်္ကာဟန်နှင့် ပြောလေသည်။

သို့သော်လည်း သူ၏ပြောဆိုချက်မှာအရာမထင်ချေ။ အဘယ့်ကြောင့်ဆိုသော် ယခုအခါတွင် ပြင်သစ် တပ်ဗိုလ်တပ်သားများသည် ချားလ်စ သေဆုံးသည့်အတွက် တောင်ပြေး မြောက်ပြေး အုတ်အော် သောင်းသဲ ယူကြုံးမရဖြစ်ကာ ရှုပ်ရှက်ခတ် နေလေသောကြောင့် ဖြစ်ပေ၏။

ချားလ်စ သေဆုံးပြီးနောက် ဖြစ်ပျက်လာသော အရေးအခင်းများကို အသေးစိတ် မဖော်ပြလိုတော့ပေ။ စင်စစ်အားဖြင့် မူအား ကျွန်ုပ် ဖော်ပြနေသော အကြောင်းအရာများမှာ ချားလ်စဘုရင်၏ ရာဇဝင်ကြောင်းများ မဟုတ်ဘဲ၊ ချားလ်စ ဘုရင်လက်ထက်က နေထိုင်ခဲ့သော လူ လက်တဆုပ်စာ၏ အကြောင်းမျှသာဖြစ်သောကြောင့် ချားလ်စသေဆုံးရေးကို ဤမျှနှင့်သာ နိဂုံးချုပ်ရပေတော့မည်။ သို့ဖြစ်ရာ တိုတိုနှင့် လိုရင်းသို့ ရောက်စေသောငှါ ကျွန်ုပ်အား ဒင်ဂန်မင်းမြတ်က ရဲဘင်ဘုရင်ထံသို့ လက်နက်ချပြီး ရဲဘင်းကြီး ပေးအပ်ရန် သံတမာန်အဖြစ်စေလွှတ်ခဲ့မှုကို ဖော်ပြရပေတော့မည်။ စင်စစ်အားဖြင့်မူကား ကျွန်ုပ်သည် ရဲဘင်ဘုရင်အား ကျွန်ုပ်၏ မြေးတော်သား အင်္ဂန်ဆလိုပိုဂတ်ဟု မသတ်မှတ်ခဲ့။ အချိန် လွန်သောအခါ ကျမှသာ အင်္ဂန်ဆလိုပိုဂတ်ဟုသိရှိ၏။ အကယ်၍စောစောစီးစီးသာ အင်္ဂန်ဆလိုပိုဂတ်မှန်းသိရပါက မုချကျွန်ုပ်သည်ဒင်ဂန်အားနှုန်းတက်မခံဘဲ အင်္ဂန်ဆလိုပိုဂတ်ကို စုလွှာဘုရင်မင်းမြတ်ဘဝသို့ ရောက်အောင် ဆောင်ကြဉ်းမိမည်သာ ဖြစ်ပေ၏။ သို့သော်လည်း လူ့ဘိုးအား ကံစီမံ ရာကိုသာခံကြရစမြဲ ဖြစ်တုံ၏။ ထံကိုလှူဘ မစီမံ နိုင်ချေ။ လောက၏ ဖြစ်ပျက်သမျှသော အကြောင်း အရာအားလုံးသည် ကောင်းကင်ဘုံ၏ ဘောရာဇ်ဘုရင် အင်္ဂကြူပုတ္တသူ စီမံဖန်တည်းသမျှ အတိုင်းသာ ဖြစ်ရချေတော့သည်။ ကျွန်ုပ်တို့၏ သက်တမ်း ကျွန်ုပ်တို့ လုပ်သမျှ ကိုင်သမျှ ကိစ္စ ကျွန်ုပ်တို့၏လုပ်ဘဲ ကြိုးချုပ် ထားသော ကိစ္စ သည် တို့မှာ ကံ၏ ဆော်ဩ ချက် မျှသာ ဖြစ်၍ အင်္ဂန်ကုလုကုလု—နှတ် ဘုရင်မှအပ မည်သူမျှ မိမိ၏အနာဂတ် အရေး ကို ကြိုတင်ပြီး မမြင်နိုင်ကြချေ။ ချားလ်စ ဘုရင် မင်းမြတ် ပင်လျှင်

အနန်ကျလူကျလူနတ်ဘုရင်၏ စီမံခန့်ထားသည့်မှုကိုနာခံရသည်ဖြစ်ရာ ကျွန်ုပ်တို့ကဲ့သို့သော ပါမွှားအဘိုးအဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် အရှင်နှင့်ရိုးအရာမှ အရှင်ချစ်တချစ်မှုသာဖြစ်ရာ ဘယ်နည်းနှင့် အဆောက်အဦးအနေကို တည်ဆောက်နိုင်စွမ်းရှိပါအံ့နည်း—အ တရှုး၏ သားထောင်ပေါက်မှုသာဖြစ်သောကျွန်ုပ်တို့သည် ဘယ်နည်းနှင့် လူသတ္တဝါများကိုဖန်တည်းစီမံနိုင်စွမ်းရှိပါအံ့နည်း။

ချာအာဘုရင်သေဆုံးပြီးနောက် တိုင်းပြည်တွင် ထင်ကြေး အမျိုးမျိုး ပေးကြ၏။ အချို့က ချာအာကို မာဆီထိုတသတ်သည်ဟုဆိုကြ၏။ အချို့က ချာအာကို ကျွန်ုပ်သတ်သည်ဟုစွပ်စွဲကြ၏။ အချို့ကမူ ချာအာကို ဗင်ဝန်နှင့်အနန်းလောင်ဂါနာ မင်းသားတို့က သတ်သည်ဟု ပြောကြလေသည်။ မည်သို့ပင်ဖြစ်စေ တိုင်းပြည်တွင် မည်သည့်အရှုပ်အရှင်းမျှ မပေါ်ပေါက်ခဲ့ရိုးမှုမက ဘုရင်သစ်ရွေးကြိုကြသောဗင်ဝန်နှင့်အနန်းမလာန်ဂါနာတို့ကလည်း ညီညွတ်မျှတစွာ အုပ်ချုပ်ပါမည်ဟု ခန့်ခိုကြသောကြောင့် တိုင်းပြည်အေးချမ်းပေတော့၏။ အကြီးကျယ်ဆုံးသော အရေးအခင်းမှာကား—အခြားမဟုတ်။ ဗင်ဝန်နှင့်အနန်းမလာန်ဂါနာတို့သည် အချင်းချင်း အာဏာလုကြခြင်းဖြစ်၍ ကျွန်းအရေးမှာ မယ်တော်ကြီး အနန္တ၏ သားချာကာ၏ညီဝမ်းကွဲတော်သူအင်ဂွါဒေက နန်းလုရခြင်းပင်ဖြစ်၏။ ကျွန်ုပ် အခတို့မှာကား တိုင်းပြည်တွင်ဘုရင်နှစ်ပါးမှအပ ထန်းမိုးပြောဘာ ထိကွမ အပြည့်နှင့်ဆုံးလှေတယောက်ဘဝသို့ သက်ရောက် သွားပေသည်။ သို့ဖြင့် ကျွန်ုပ်သည် နန်းလုလိုသော အင်ဂွါဒေ၏ ရွာသို့ ပြားဘဝများ—လူသတ်ထောင်ဘဝများနှင့်အတူ ချီတက်သွားပြီ။ အင်ဂွါဒေအား သတ်ဖြတ်သုတ်သင်လိုက်ရလေ၏။

အင်ဂွါဒေအားသတ်ဖြတ်ပြီးသည့်နောက်တွင် ဗင်ဝန်နှင့် အနန်းမလာန်ဂန်နာတို့သည် တဦးနှင့်တဦး ငြိမ်းမတည့်ရွှေမိုးလားကြလေ၏။ သို့ဖြင့် ကျွန်ုပ်သည် သူတို့နှစ်ယောက်ကြား မှနေပြီး ချိန်ခွင်ညှိသည့်အမျိုးမျိုး ကစားပေးခဲ့ရ၊ နောက်ဆုံးတွင် နှစ်ဦးလုံးပင် ကျွန်ုပ်အား—မိုးသောကြီးနှံ ကြောက်ရွံ့လာကြလေကုန်၏။ အနန်းမလာန်ဂန်းဘမင်းသားအမူကား—အကြောက်လွန်ပြီး ကျွန်ုပ်၏အသက်ကိုပင်ရန်ရှာချင် ကြံစည်လာသဖြင့် တနေ့သော

အခါ၌ ကျွန်ုပ်သည် သူ့အိမ်ကိုထပ်နှင့်မိုးပြီး အနံ့မလက်ဂန်နှာ အေး သတ်သင်ပစ်လိုက်ရပေ၏။ သို့ဖြင့်—နောက်ဆုံးတွင် တိုင်းပြည်၌ ခင်ဂန် တဦးတည်း ဘုရင်ဘဝနှင့် နေရလေတော့၏။

အနန်မလက်ဂန်နှာသေဆုံးပြီး (၁၄)ရက်မြောက်သောနေ့တွင် လင်ပိုဒို နယ်သို့စစ်တိုက်ရန် ယခင်က ချာကာ စေလွှတ်ခဲ့သော တပ်သည် အစာ ရိက္ခာပြတ်လပ် လူအသေအပျောက်မြောက်များစွာနှင့် ဗျူလူဇာသို့ ပြန်ရောက်လာလေ၏။ ချာကာသည်ကား ဤသို့စစ်ရှုံးပြီး ပြန်လာသော စစ်သည်များကို ခုနစ်—သတ်ဖြတ်ပစ်မည်သာဖြစ်လေသည်။ သို့သော်လည်း ဗျူလူဇာသို့ တပ်ပြန်ရောက်သောအခါ ချာကာ သေဆုံးပြီ ဖြစ်သော ကြောင့် စစ်ရှုံးမှုကြောင့်အပြစ်ဒဏ်ခံရတော့မည်မရှိ။ ထိုတပ်များသည် နောက်မင်းသစ်ဖြစ်သော ခင်ဂန်ကိုပင်ကြည်ဖြူစွာလက်ခံကြလေ၏။

ခင်ဂန်သည် ချာကာသေသွားပါသူ ဖြစ်သည့်အလျောက် ချာကာကဲ့သို့ပင် ရက်စက်ကြမ်းကြုတ်သူဖြစ်ပေ၏။ သို့သော်လည်း ချာကာလိုအား—သတ္တိမရှိလှချေ။ ဆိုလက်ဆိုးသည်ကား—သူသည် ဝိုးလဲ ကောက်ကျစ်သူဖြစ်ရုံမျှမက မိန်းမလိုက်စားသူလည်းဖြစ်သောကြောင့် တိုင်းရေးပြည်ရေးထက် မိန်းမရေးကိုသာပို၍အချိန်ပေးပြီးအလုပ်လုပ်လေ့ရှိလေသည်။ ထိုနေ့သောအခါတွင်သူသည် သူ၏ညီဝမ်းကွဲတော်သူ ပန်ဒါအား သုတ်သင်ကွပ်မျက်ရန်ကြံစည်လေ၏။ အကြောင်းအားဖြင့်မူကား၊ ပန်ဒါသည် အေး အေးဆေးဆေးနေလိုသူဖြစ်ပြီး စစ်ကိုရွံရှာမုန်းတီးသူဖြစ်သောကြောင့် ကျွန်ုပ်နှင့်အတိုင်ပင်ခံလူကြီးတဦးဖြစ်သော မဗိုဘာဆိုသူတို့က ပန်ဒါအား သေမင်းပါးစပ်ထဲကဆွဲထုတ်ရလေ၏။ သို့ဖြင့် ခင်ဂန်က "အင်း—ခင်ဗျား တို့က ဒီငနဲကိုမသတ်ပါနဲ့ ဆိုလို့သာနေရမယ်။ တနေ့ တခါသော အခါကျယင်တော့ ပန်ဒါဆိုတဲ့ငနဲဟာ ကျုပ်ကိုပြန်ကိုက်မှာအမှန်ဘဲ" ဟု ပြောကာ ပန်ဒါကို သေမင်းလက်မှ လွှတ်လိုက်လေ၏။ သို့ဖြင့် ပန်ဒါသည် ဘုရင့်ထံမှ အခွင့်ကိုကြိုးစားရယူ၍ ရသောအရပ်ဒေသဆီသို့ ပြေးတော့သွားပါမည်လား၊ တွေးတောကြည့်ရလေ၏။ သို့သော်လည်း နောက်ဆုံးတွင်ကား ခင်ဂန်ပြောသည့်အတိုင်းပင် ပန်ဒါသည် ခင်ဂန်အား တော်လှန်ခြားနားခဲ့လေ၏။ သို့ဖြစ်၍ ပန်ဒါသည် ခင်ဂန်အားပြန်ကိုက်

သောခွေးဘဝသို့ရောက်နေပြီဖြစ်ရာ ကျွန်ုပ်မှာ အလိုလိုနေယင်း ရှူးတိုက် သူဘဝသို့ဆိုက်ရောက်သွားလေတော့၏။

—✲—✲—✲—

(အခန်း—၂၂။)

မင်းရှိခံ့မြို့မကြာခင်အတွင်း ခင်ဝန်သည် ဗျူဂျူးဘ်မြို့မှသည် ယခင်အရာသက နှံနံ့ရိုက်ခဲ့ဘူးသော ဇူလူနယ်သို့ ပြန်သွားတော့ မာတွာဘာတင်ခေါ်သောရွာကို အခြင်းကြွင်းမဲ့ လိုဖျူဟုခေါ်သော နဒမည့်နှင့်မြို့ခနန်းဆောင်ဟည့်ထောင်နေလေ၏။မြို့နန်းတည်ပြီးသည်နှင့်တပြိုင်နက်မင် သူသည်တိုင်းပြည်အတွင်းရှိ အချောဆုံးအလှဆုံး သမီးအပျိုများကိုသိမ်းယူလေ၏။ မည်မျှပင်သိမ်းယူသည်ဖြစ်စေ၊သူသည်—တော်တော်တန်တန်နှင့် အားမရ၊ ထပေါက်ပြီးတပေါက်သော နေ့တက်ဘစ်သိမ်းမြန်နေလေ၏။ ဤသို့ ရှိနေနိုက်တွင် အခါတပါး၌ခင်ဝန်၏နားသို့ သတင်းတခုရောက်လာခဲ့၏။ထိုသတင်းစကားမှာ မကြာသေးမီ—ဟာလာကာဇီ လူမျိုးများနေထိုင်သောရွာ၏နယ်တွင် ဝဏ္ဏပပတွဲ့ရှိသော ရှာသိပ်ခေါင်ထင် အမျိုးသမီးတဦး ရှိနေသည်ဟုကြားရရာ ခင်ဝန်သည် ဤအမျိုးသမီးကို ခေါ်တော်တင်လိုစိတ်ပေါက်နေလေ၏။ဤတွင်ခင်ဝန်သည် ဟာလာကာဇီ လူမျိုးများ ထံသို့ သမီးအညာခေါ်ရန် သံကြီးတမန်ကြီးတို့ကိုစေလွှတ်ခဲ့လေ၏။ထိုလတို့နှင့်လွှတ်၍ သံများပြန်ရောက်လာသော အခါတွင်ကား—သံများက ဝဏ္ဏပပ၏အကြောင်းကို ကြားရဲ့ရှုသော ကြားရသည် မိမိတွေ့ရန်မေယည့် ခဲ့ရကြောင်း—ဟာလာကာဇီ လူမျိုးများကလည်း သံများကို ဆဲဆိုပြည်တွန် လွှတ်ကြကြောင်းဖြင့် ခင်ဝန်အား လျှောက်ထားကြတုန်၏။ ဟာလာကာဇီဘုရင်က ခင်ဝန်ထံသို့ ပေးပို့လိုက်သော သဝဏ်လွှာ တွင်ကား—ဝဏ္ဏပပ တွဲ့ရှိသော အမျိုး သမီး ကလေးသည် အကယ် ဝ၍စင်အချောအလှဆုံးသောသူယဉ်မပင်ဖြစ်၍ ယခုဘိုင် အိမ်ထောင် သားမွေးမပြုရသေးကြောင်း၊အဘယ်ကြောင့်ဆိုသော် ဝဏ္ဏပပတွဲ့ရှိသော မိန်းက

လေးသည့် ယခုတိုင် ချစ်သူကို မတွေ့ရသေးသောကြောင့် ဖြစ်ကြောင်း။ ဟာလာဘာဇ် လူမျိုးများကလည်း ဤသူငယ်မကို လွန်စွာ ချစ်မြတ်နိုးသောကြောင့် မိန်းကလေးအလိုမတွေ့ဘဲ ယောကျ်ားအတင်းမပေးစားလိုကြကြောင်း။ ထိုမှသာမက ဟာလာဘာဇ် ဘုရင်သည် ရှေး ဘိုးစဉ် ဘောင်ဆက်က ချာကာဘုရင်အား အသိအမှတ်မပြု ရှုတ်ချသည့် နည်းတူ ယခုလည်း ဒင်ဂန်အား အသိ အမှတ် မပြု ရှုတ် ချ ကြောင်း။ ထိုတို့ ဟာလာဘာဇ် အမျိုးသမီး တဦးအားလည်း ဒင်ဂန်ကဲ့သို့ မှုလှ ခွေးဘုရင် တဦးနှင့် မပေးစားနိုင်ကြောင်း စသည်ဖြင့်ရိုင်စေ၏။ ထိုသို့ပြောပြီးနောက် ဟာလာဘာဇ် ဘုရင်သည် ဝတ္ထုပဏ္ဏာအား ဒင်ဂန်၏ သံတမန်များ ရှေ့တော်သို့ ထုတ်ပြကြောင်း။ မိန်းကလေးမှာ အရပ် အမောင်း သွယ်သွယ်ပြောင်းပြောင်းမှိုမှိုလေး ယုရည်ညွှတ်ယိမ်းနေသော ပန်းပင်ပျိုကလေးပမာ လှုပ်ရှား၍ သွားလာတတ်ကြောင်း။ ခေါင်းမှ ဆံပင်တို့သည် ပခုံးပေါ်တွင် ပုံ ဝဲနေကြ၍ ပြူးကျယ်ဝိုင်းစက်သော မျက်ခုံးမျက်လုံးရှိကြောင်း။ အသားအရေ ရည်အရောင်မှာ ဖြူဆွတ်သောအရောင်ရှိ၍ ရယ်ပြုံးသော အခါတွင် ရယ်ဖို့မှာ ရေမြှုပ်တွင်ပေါ် ပေါက်သည့် လှိုင်း ကြက်ခွပ်ကလေးများသဖွယ် ရှိကြောင်း။ စကားပြောရာတွင် အသံသည်တူရိယာတေးသွားသံ ပေါက်နေကြောင်း။ မိန်းကလေးက ဒင်ဂန်၏ သံတမန်များကို စကား ပြောလိုသော်လည်း ဟာလာဘာဇ် ဘုရင်က ပြောခွင့်မပြုဘဲ မိန်းကလေးကို အပြင်သို့ခေါ်ထုတ်သွားကြောင်း၊ စသည်ဖြင့်သံတမန်များက ဒင်ဂန်အား နားတော်တင်ကြလေ၏။

ဤတွင်ဒင်ဂန်သည် တောင်ချောက်တွင် မိနေသော မြွေဆိုးတကောင် သဖွယ် ဒေါသထွက်နေပြီး ဝတ္ထုပဏ္ဏာကိုလည်းအလွှန့်အလွှန့် တဝ်မဘ်မော သောအိပ် ပြန်တန်လာလေ၏။ ဤဖြင့် သူသည် ဟာလာဘာဇ်လူမျိုးများ ထံသို့ စစ်သည်တော်များ စေလွှတ်တိုက်ခိုက်စေကာ ဝတ္ထုပဏ္ဏာအားအတင်း ယူဆောင်လာခဲ့ရန် ကြံစည်လေ၏။ ဤသို့ စစ်သည်တော်များစေလွှတ် ရန် အတွက် အတိုင်ပင်ခံလူကြီးများနှင့် တိုင်ပင် ဆွေးနွေးကြသော အခါတွင်ကား ကျွန်ုပ်က ဟာလာဘာဇ်လူမျိုးများသည် လူစွမ်းအားလက်နက်အင်အား၊ စစ်သည်တော် အင်အား ကောင်းမွန်ကြောင်း၊ ဟာလာဘာဇ်

များနှင့် စစ်တိုက်လျှင် သူတို့၏မဟာမိတ်များဖြစ်သော ချွာဇီလူမျိုးများနှင့်လည်း စစ်တိုက်ရန် လိုလာလိမ့်မည် ဖြစ်ကြောင်း။ ထိုမျှသာ မက ဟာလာဘာဘာဇ် များမှာ ကျောက်ဂူများ ထဲတွင် အိမ်လုပ်ပြီး နေသော လူမျိုးများဖြစ်သောကြောင့် စစ်ဘက်တိုက်ခိုက်ရန် မလွယ်ကူလှကြောင်း။ မိန်းကလေးတယောက်အတွက်နှင့်လည်း ဤမျှ စစ် မတိုက်သင့်–ချာကာ ကွယ်လွန်ပြီးသည့်နောက်တွင် ဇူလူစစ်တပ်မှာ အားအင်ချို့ယွင်း၍နေရုံမျှ မက ဘောယန်းတိုင်းပြည်ရှာမှရန်သူများကလည်း များပြားလှကြောင်း။ ညီဖြစ်၍ ဖင်ဂန် ဘုရင်သည် ဝဏ္ဏပ အတွက်စစ်ဆင်မနေတော့ဘဲ အခြား မိန်းကလေးတဦးဦးကိုပင် သိမ်းပိုက်ယူငင်လိုက်ရန်ပြောကြားပြီးထိုနှစ်သွက် ရလေ၏။ ကျွန်ုပ်၏ကန့်ကွက်ချက်ကို အခြားစေတိုင်ပင်ခံ လူကြီးများက လည်း သဘောတူညီထောက်ခံကြသဖြင့် ကျွန်ုပ်အားဗိုင်းဝန်းထောက်ခံ ပြောဆိုကြလေ၏။

ဖင်ဂန်သည် ပြောဆိုသမျှကိုမျက်မှောင်ကုတ်ပြီးနား ထောင်နေသော်လည်း သူသည် ကလန်ဆန်မလုပ်ရဲချေ။ ၎င်းအဘယ်ကြောင့် ဆိုသော် သူသည် ဘုရင်ဘဝကိုစိတ်ချလက်ချရသောသူမဟုတ်သေးဘဲ၊ ၎င်းတိုင်းပြည်တွင် ချာကာအား ချစ်ခင်နှစ်သက်ပြီးဖင်ဂန်နှင့်အနန်မလန်ဂန်နှာ တို့အ ချာကာအား သတ်ဖြတ်နန်းသက်ခြင်းဖြစ်သည်ဟု အစွဲအလန်း ကြီးနေသူများရှိနေသေးသောကြောင့်ဖြစ်ပေ၏၊ ချာကာအားတိုင်းသူပြည်သားများက မိမိတို့ ဇူလူ လူမျိုးများတန်ခိုးကြီးအောင်လုပ်ပေးသောဘုရင်တပါးဟု အသိအမှတ်ပြု အထင်ကြီးကြ၏။ သူ့လက်ထက်က အသတ် အဖြတ်ထူပြောသည် မှန်သော်လည်း သူကွယ်လွန်သည့်၏ နောက်ပိုင်းအချိန်၌လည်း ဘာမျှအခါကြံခင်းမထူးချေ။ ဖင်ဂန်သည် ချာကာ၏ နည်းတူပင် သတ်ဖြတ်နှိပ်ကွပ်မှု ပြင်းထန်သူဖြစ်ချေ၏။

ဤအကြောင်းအရာကိုပြောပြခွင်းခံနေရသော ဘိုး–အစေ့ ရက်နှာဖြူ လူသား–ယာခုဖော်ပြနေသော ဝဏ္ဏပသို့ ရသောမိန်းကလေးမှာ ထိုစဉ်က ကျွန်ုပ်ကိုယ်တိုင်မသိသော်လည်း ဝေ့စာအားဖြင့် ကျွန်ုပ်၏ သမီး နာဒ၂ ပင်ဖြစ်ပေ၏။ လက်ဦးက ကျွန်ုပ်သည် ဤမျှလှပသော ဝဏ္ဏပ ဆိုရသည်ဆိုသည့် သူငယ်မှာ အခြားသူမဟုတ်နိုင်၊ ကျွန်ုပ်၏ သမီးတော်သူ

နာဇါပင်ဖြစ်ရမည်ဟု တွေးမိသေး၏။ သို့သော်လည်း—ကျွန်ုပ်၏ မိန်းမ မာကရီဖါ ဒေါ်၊ နာဇါပါ သေဆုံးကြလေပြီဟူသော သတင်းစကားကို အမှတ်ယတိ ရှေ့သောကြောင့် ထွေးမပေးသည် နာဇါဖြစ်ရမည်ဟု ထင်စေရုံ မတွေ့ရဲချေ။ နာဇါတို့သေပြီဟူသောသတင်းကို ကျွန်ုပ်ထံသို့ယူဆောင်လာသူသည် မာကရီဖါနှင့် နာဇါတို့၏ အလောင်းနှစ်လောင်းကို တစ်သောက်နှင့်တယောက်မှ ပိုက်လျက်သား တွေ့ခဲ့ရသည်ဟု ပြောခဲ့ပေ၏။ သို့သော်လည်း စဉ်းစားအားဖြင့်မူကား—နာဇါ သေခြင်းမဟုတ်၊ မာကရီဖါ၊ တယောက်သည်သာသေခြင်းဖြစ်ပေ၏။ မာကရီဖါ၏အလောင်းနှင့်တွင် သတင်းပို့သူမြင်ခဲ့ရသော အလောင်းမှာ နာဇါ၏အလောင်းမဟုတ်၊ အခြားမိန်းကလေးတဦး၏အလောင်းသာဖြစ်ပေ၏။ ကျွန်ုပ်၏မိန်းမ မာကရီဖါနှင့် သမီးဖြစ်သူနာဇါတို့အား ဖမ်းဆီးခြင်း ခံရသော လူမျိုး များမှာ ဟာလာကာဇ လူမျိုးများ၏ လက်အောက်ခံဖြစ်ကြပေ၏။ သို့ဖြစ်၍—သခင်ကဖေါ်ပြခဲ့ဘူးသည့်အတိုင်း ငုံးလေ့ဘုရင် ဝါလာဇ၏နယ်မြေတွင်ဝင်ပြီး နန်းဆိုင်သော ဟာလာကာဇဘုရင်သည် နာဇါတို့ရှိလှုံသည့် လူမျိုးများနှင့် ခိုက်ရန်ဖြစ်ပွါးသောကြောင့် ထိုဘုရင်က နာဇါတို့၏လူမျိုးများကို လာရောက်တိုက်ခိုက်သတ်ဖြတ်ရာတွင် ကျွန်ုပ်၏မိန်းမ မာကရီဖါသေဆုံးသွားခဲ့ခြင်းဖြစ်လေ၏။ နောင်သောအခါကျမှ 'ကျွန်ုပ်ကြားသိရခြင်းကား—ဤသို့နာဇါ၏လူမျိုးများနှင့် ဟာလာကာဇတို့ အချင်းဖြစ်ပွါးရခြင်း၏ ဇစ်မြစ်မှာ စဉ်စစ်ဝထွေသတ္တ ရှ ရှာပသောနာဇါအား ဟာလာကာဇဘုရင်က သိမ်းပိုက်လိုသောကြောင့်ဖြစ်လေသည်။ နာဇါ၏ လူမျိုးများကလည်း နာဇါအား အတင်းအကြပ် လင်မပေးစားချင်ကြချေ။ သူ့သဘောအတိုင်း ကြိုက်ရာလင်ကို ရွေးချယ်စေလိုကြ၏။ ယောက်ျားတို့ အများ အပြားသည် နာဇါနှင့်လက်ထပ်ရန်လာရောက်စေ့စပ်ကြသော်လည်း နာဇါသည် မည်သူ့ထံကိုမျှ လက်မခံခဲ့ချေ။ သို့ဖြင့်—ယောက်ျားတိုင်းကပင် နာဇါအား တစုံ တယောက်၏ ကြင်ယာ ဘဝသို့ သက်ရောက် နေသည်ထက် သည်အတိုင်းအပျိုဘဝနှင့်နေလျှင် အားလုံး၏ စိတ်ချမ်းသာမည် ဖြစ်လိမ့်မည်ဟု ယူမှတ်ကြကာ နာဇါအားအတင်းအကြပ် လက်ထပ်မနိုင်ခြင်း ဖြစ်လေသည်။ သို့သော်လည်း နာဇါ၏ ရှုပ်ခြင်းကား—ကောင်းသော ရှုပ

ခြင်းမဟုတ်။ နောင်ခါတွင် ဖေါ်ပြမည့်အတိုင်း လူအပေါင်း၏ အသက်သွေး အကြောနယ်ကိုထိခိုက်စေသော လှုပ်ရှားခြင်းမျိုးသာ ဖြစ်ပေတော့၏။ သူ၏လှုပ ရှားတင့်တယ်မှု၊ သူ့မတူအောင်ချောမောမှုကြောင့်ပင် ဘခင်ဖြစ်သူကွန်ရိုပ်၏ နှလုံးသားသည် အစိုင်အခဲအမှာမှာကြေကွဲခဲ့ဖူးမှုကား အနှံ့သိလိုလိုဝတ် ခြောမှာလည်း ယူကြုံးမရဖြစ်ရချေတော့သည်။ စဉ်စဉ်ဆားဖြင့်မှုကား—လူ ဖြူရဲ့ချေ၊ သူ့မဲ့ဖိုးခစားမည်သည့်သက်ရှိ သာကျိုးပင်ဖြစ်စေ၊ အလှအပကို တွေ့ရှုအောင်ရှာကြံစမြဲဖြစ်၍ နောက်ဆုံးပိတ်တွေ့သောအခါ၌ အား၊ ပင်ကိုယ်အလှအပတွင် အနှစ်သာရ မရှိသည်ကိုသာ တွေ့ကြရ တတ်လေ သည်။

ဤနည်း ဖြင့်ပင်—ကွန်ရိုပ်သည် သမီးဖြစ်သူ နာဇါ သေဆုံး လေပြီ ဟုသောအဖြစ်နှင့်ဒွန်တွဲသားမရ ဆီးမနိုင်အလိုရှိနေသော ဟာလာဘာ၏ အချိုးသမီး ဝဏ္ဏပပ ဘဲ့ရှုသူသည် နာဇါပင်ဖြစ်သည်ဟု လုံးဝတွေး သောမိခဲ့ဘဲ ဖြစ်ရလေတော့၏။

ဟာလာဘာ၏ မျာဟသို့ စဝ်တယ်များလွှတ်ပြီး ဝဏ္ဏပပကို အရှုသူရန် အကြံကြီးကြံသည်ကို ကွန်ရိုပ်က ကန့်ကွက်ပြီးသည့်အချိန်မှစ၍ ဝင်ဝန်ဘုရင် မင်းမြတ်သည် ကွန်ရိုပ်အပေါ် အမျက် သိုလေတော့၏။ ကွန်ရိုပ်သည် သူနှင့် အတူ ချာကာဘအားလုပ်ကြံခဲ့၏။ သူ့ ကိုယ်ပန်ဒါခံလက်မှ ကယ်ဆယ် ခဲ့၏။ အနန်းပလာန်ဝါဒ်အား သူ့ အစား ခြေမှုန်းခဲ့သူဖြစ်၏။ ဤသို့သော အတွင်း ရေးလျှို့ဝှက်ချက်များ ဘင်အကြီးဝင်သူ ဖြစ်သောကြောင့်လည်း ဝင်ဝန် သည် ကွန်ရိုပ်အားဘုရားပြီးပြင်းရက်ရှင် စိတ်ပေါက်နေလေသည်။ သို့သော် လည်း သူသည် ကွန်ရိုပ်အား ထင်ထင်ပေါ်ပေါ်မနှိပ်စက်ရဲချေ။ တိုင်းပြည် တခွင်းလုံးတွင်ပင် ကွန်ရိုပ်သည် အစရေးပါ အရာရောက်ဘော ပြောတိုင်း အောင် ကြီးတိုင်းမြောက် ဖြစ်နေသည့်အလျောက် ဥပါယ်တမျိုးနှင့် ကွန်ရိုပ် အား ဘေးထုတ်ကာ သူကိုယ်တိုင် ဆင်အားမှေ့ရန် ကြံနေလေ၏။ တနေ့ သောအခါတွင်ကွန်ရိုပ်သည် အခြားအတိုင်ပင်ခံလူကြီးများနှင့်အတူ သူ့ရှေ့ မှောက်တွင် ခစားနေခိုက် ဝင်ဝန်က ကွန်ရိုပ်အား—

"ချာကာဘုရင် မကွယ်လွန်မီက မှာကြားသွားတဲ့စကားတွေကို မှတ်မိ ရဲ့လား။"

"မှတ်မိပါတယ် အရှင် မင်းကြီး။ ချာကာ ဘုရင်ရဲ့ ပြောပြ ချက်က အရှင်မင်းကြီးဟာ ကြာကြာနန်းမထိုင်ရဘဲ လူဖြူတွေရဲ့ အုပ်စိုးခြင်းကို ခံရပြီးတိုင်းပြည်တပြည်လုံး အစိတ်စိတ်အမွှာမွှာကွဲသွားလိမ့်မယ်လို့ ပြောသွားပါတယ်။ ဒီလို ထိတ်နိမိတ် ဘက်သွားတာဟာ မှန် ပါစေနဲ့လို့ ကျွန်တော်မျိုး ဆုတောင်းပါတယ် ခင်ဗျာ။"

ဤတွင်ဒင်ဂန်သည် ချာကာ၏နိမိတ်ဟောချက်ကို ကြားရသောကြောင့် စိတ်နှလုံး အထူး တလည် တုန်လှုပ်သွားပြီး တဖန် နှုတ်ခမ်းကို စေ့စေ့ ပါအောင်ကိုက်ကာ—

"ငါက ဒီကို ဆိုလိုတာ မဟုတ်ဘူးကွ။ သေကာနီး လူတယောက် ကယောင်ကတန်းပြောသွားတိုင်း ဘာအယ်အမှန်ဖြစ်ရတော့မှာလဲ။ ငါ ပြောတာက ချာကာမသေခင်ကလေးမှာ ရဲတင်းတိုင်းပြည်က ရဲတင်းလူမျိုးတွေကိုသွားတိုက်ဖို့ ဗိမ့်ဂိုဖြင်း တာကိုပြောနေတာ။"

"မှန်ပါတယ်အရှင်မင်းကြီး။ ဒီအကြောင်းကိုလဲကျွန်တော်မျိုး ကောင်းကောင်းမှတ်မိပါတယ်။ ဒီလိုဆိုတော့ အရှင်မင်းကြီးက ချာကာ ကြံစည်ခဲ့တဲ့အတိုင်း ရဲတင်းလူမျိုးတွေဆီကိုစစ်တပ်တွေလွှတ်ပြီး တိုက်စေချင်ပါသလား။"

"ဒီလိုလဲ မဆိုလိုပါဘူး။ ဟာလာဘာတာ၏ လူမျိုးတွေကို တိုက်ပြီး ဒေလ္လာပေကိုအရှေ့ဘို့တောင် စစ်သားမဖို့ယင် ရဲတင်းလူမျိုးတွေကိုတိုက်ဖို့ရာ သာပြီး စစ်သားမရှိတော့မှာပေါ့။ နောက်ပြီး ရဲတင်းဘုရင်ဟာလဲ ခုအချိန်အထိ ငါ့ကိုဘာမှစော်ကားမော်ကား ပြုကျင့်သေးတာမှ မဟုတ်ဘဲ။ ချာကာကိုသာစော်ကားခဲ့တာဘဲကွ။ ငါ လုပ်ချင်တာက မင်းဟာလူတချို့ကိုခေါ်ပြီး ရဲတင်းဘုရင့်ဆီကို သံ:ယာချေစွာသွားပြီး အရှင်ဟာရဲတင်း ဘုရင်ဟာ မေ့ခိုဆိုတဲ့ လူတယောက်သေတဲ့အတွက် ချာကာကို လက်ဆောင်ပဏ္ဏာပေးခဲ့ဘူးတယ်။ ခု ချာကာသေပြီ—နောက် ဘုရင်နန်းတက်နေတဲ့အချိန်မှာ မေ့ခိုတယောက်ကို ရဲတင်းဘုရင်ဆီလွှတ်လိုက်တယ်။ ဒီလို မေ့ခိုတယောက် ရောက်လာရက်နဲ့လဲ—အဘယ် ကြောင့် လက်ဆောင်ပဏ္ဏာမပေးဘဲနေရမှာလဲဆိုတာ သွားမေးချေစမ်း ...—

ထားခဲ့ပါ တခုတော့သတိထားနော်......အခု မင်းငွေကိုပြန်ဖြတ်တဲ့အခါမှာ တော်တော်စဉ်းစားပါမှဖြေ၊ ခင်ဗျားယ်လွယ်တော့မရဘူ။"

ဤတွင် ကျွန်ုပ်ခမောင်သည် ဝင်ဂန်၏ ကြံ့ဖယ်ချက်ကို ရိပ်မိလိုက်ပေ၏။ ဝင်ဂန်သည် ကျွန်ုပ် အရေးနိမ့် ကျဆုံးရကျဆုံးကြောင်းအတွက် အချိန်ယူ ပြင်ဆင်ရန် ကျွန်ုပ်အား ဘေးသို့ ထုတ်ခနဲမြဲပြစ်သဖြင့်၏။ သို့သော်လည်း— ကျွန်ုပ်ကလည်း ဤကဲ့သို့ မောင်ပုံဆိုသူ တယောက်အတွက်ချောကာသာအားမော ခံသူ ၏ဘင်းဘုရင်သည်မည်သူမည်ဝါဖြစ်သေသည်နည်း၊ အနှံ့အလိုပိုဂတ် သာ အသက်နှင့် ကိုယ်နှင့် မြဲနေပါက မုချဤအတွင်းဖယ်ပြကျင့်လိမ့်မည်၊ သည်ဖြင့် တွေးတောမိသောကြောင့်ရဲတင်းတိုင်းပြည်သို့ သွားရောက်ရန် စိတ်အား ထက်သန်လျက် ရှိပေ၏။ သို့ဖြင့်—

"အရှင့်သခေဘာခတော်အတိုင်း ဆောင်ရွက်ပါမည်ခင်ဗျား၊ တာမေပဲ့ အရှင်ဟာ ဒီလိုကိစ္စအသေးအဖွဲ့အလေးမှာ ကျွန်တော်မျိုးလိုပုဂ္ဂိုလ်ကြီး ထဲကလူကိုမှ ရွေးသွင်းထားတတော့ အဓတော်ထူးဆန်းနေတာဘဲ၊"

"ဒီလိုလဲ မဟုတ်ဘူးလေ၊ ဒီမဲ့ထင်ဘုရင်ဆိုတဲ့ တိုက်ကြက်ကလေး ဟာ အခုသို ငယ်ငယ်အရွယ်မှာ အခတောင်ဖြတ်ထားမှ သင့်တော်မယ်ကွ၊ တော်တော်ကြာ သူကကြီး၊ ပြောင်စင်အား တောင်းလာကာမှ တို့က အ တောင်ဖြတ်ချင်ပါတယ်ဆိုလို့ လွယ်မယ်မဟုတ်ဘူး၊ ဒါကြောင့် မင်းကို လွှတ်ရတာ"

"မှန်လှပါသီခင်ဗျား၊"

သို့ဖြင့်ပင်—ကျွန်ုပ်ခမောင်သည် လက်ရွေးစင် လူဆယ်ယောက်ကို ခေါ် ဆော နောက်တနေ့နံနက်တွင် နေ့ဝါဘာဝ တောင်တန်းဘက်သို့ခရီးထွက် ခဲ့ရာ လေးဘလျောက်လုံးတွင်ပင် ခင်ဘယ်ငယ်အရွယ်က ဤလမ်း အတိုင်း ဘကြိမ် တခေါက်ခရီးသွားခဲ့ဘူးသည်ကို တွေးတောနေမိသလ၏၊ ထိုစဉ်အ ခါက ကျွန်ုပ်၏မိန်းမ မာကာနို့ ါသည်၎င်း၊ သမီးဖြစ်သူ နာဝါသည်၎င်း၊ ကျွန်ုပ်၏သားဟု ယူမှတ်ထားသော အ ၀န်အလိုပိုဂတ်သည်၎င်း၊ ကျွန်ုပ်၏ အပါးမှ အတူခရီးသွားခဲ့ကြပေ၏။ယခုသော်ကား(ကျွန်ုပ်၏ စိတ်ထင်အရ သူတို့သုံးယောက်လုံး သေကုန်ပြီဟု ယူမှတ်သည့်အတိုင်း)ဘကိုယ်တည်း ခရီးသွားနေရလေသည်။ဆိုခေတ်—ထိုအခါကမူ— လူတို့၏သင်တန်းထည်

တိုတောင်းလှပြီး အသက်နှင့်ကိုယ်နှင့်မြဲနေနိုင်ကြသော်လည်း မကောင်းမှုကို သာ ပြုကျင့်ကြ၍ မြဲဖြစ်ခဲ့လေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ချာကာ အား လက်စားချေ၍ သတ်ဖြတ်ရပြီးဖြစ်သောကြောင့် တနည်းအားဖြင့်စိတ် သက်သာနေလေ၏။

